# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်၊ ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီ ၂၂ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၆)၊ အမှတ် (၁၄၅)


### နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကိုဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း မိုင်းရှူးရတနာမြေ ကျောက်မျက်ရတနာလုပ်ကွက်များကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

# ၂၀၀၇ ခုနှစ်၊ အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

၂၀၀၇ ခုနှစ်၊ အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ အမှတ် ၂/၂၀၀၇)

**၁၃၆၈ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်**

**(၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်)**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

၁။ ဤဥပဒေကို ၂၀၀၇ ခုနှစ်၊ အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၆။ (က) အစိုးရဌာနများသည် မိမိတို့ လက်ဝယ်ရှိ မှတ်တမ်းများကို ၁၂ နှစ်ပြည့်မြောက်ပြီး ဆက်လက်သုံးစွဲခြင်းမပြုပါက ဦးစီးဌာနသို့ လွှဲပြောင်းပေးရမည်။ ၁၂ နှစ်မပြည့်မြောက်စေကာမူ ဦးစီးဌာနသို့ လွှဲပြောင်းပေးလိုက လွှဲပြောင်းပေးနိုင်သည်။

**စာမျက်နှာ ၃ ကော်လံ ၄**



# ကျောက်မျက်လုပ်ငန်းရှင်များက နိုင်ငံ့စီးပွားခိုင်မာတိုးတက်အောင်မြင်ရေး အထောက်အကူပြု ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အမျိုးသားရေးအမြင်ဖြင့် ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၉ နာရီက မိုင်းရှူးရတနာမြေ ဝမ်ကန်ရပ်ကွက်၊ လွိုင်ဆောင်ထောက်ရပ်ကွက်နှင့် ကုန်းမြင့်သာရပ်ကွက်များကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုပြီး ကုန်းမြင့်သာရပ်ကွက်ရှိ မြန်မာ့ဂုဏ်ရည် ကျောက်မျက်ရတနာကုမ္ပဏီသို့ ရောက်ရှိကြသည်။ ***စာမျက်နှာ ၃ ကော်လံ ၁***

**မြန်မာ့အလင်း**

**သတင်းမိတ်ဆက်အညွှန်း**

**မြန်မာနိုင်ငံ ရေဝတီတိုင်း ပုသိမ်မြို့၏ ဒေသထွက်ကုန် ရိုးရာပုသိမ်ထီးလုပ်ငန်းသည်ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်ကိုပါ ထိုးဖောက်ဝင်ရောက်နိုင်နေပြီ။**

**သတင်းမိတ်ဆက် – သန်းသန်းနှင့် တင်မာဝင်း၊ ဓာတ်ပုံမှတ်တမ်း – တင်စိုး(မြန်မာ့အလင်း) (စာ–၈)**

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်)

# ကုန်စည်ကူးသန်းမှု ပိုမိုအဆင်ပြေစေရေး စက်ခေါင်းနှင့်တွဲများ ကြံ့ခိုင်မှုရှိရန် ဆောင်ရွက်

မီးရထားဖြင့် ခရီးသွားလာခြင်းသည် ခရီးစရိတ်သက်သာသည့်အပြင် ဝန်စည်စလယ်များကို လွယ်လင့်တကူ သယ်ဆောင်နိုင်ခြင်းကြောင့် ခရီးသွားပြည်သူများ နှစ်ခြိုက်ကြသည်။

ခရီးသွားများ လွယ်ကူစွာ ကူးသန်းသွားလာနိုင်ရေး၊ ကုန်စည်စီးဆင်းမှု မြန်ဆန်လွယ်ကူစေရေးတို့အတွက် ယနေ့ကာလတွင် နိုင်ငံတော်က ရထားလမ်းများ တိုးချဲ့ဖောက်လုပ်ခြင်း၊ ဘူတာရုံသစ်များ တိုးချဲ့တည်ဆောက်ခြင်းတို့ကို ဖြည့်ဆည်းပေးလျက်ရှိသည်။

လက်ရှိပြေးဆွဲလျက်ရှိသော မီးရထားများ အလျဉ်မပြတ် ခုတ်မောင်းနိုင်ရေးအတွက် စက်ခေါင်းစက်ရုံများ တည်ဆောက်ထားရှိရာ စက်ခေါင်းစက်ရုံ(အင်းစိန်)သည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။ ရထားစက်ခေါင်းများ၌ လိုအပ်သည့် စက်ပစ္စည်းအစိတ်အပိုင်းများကို ယင်းစက်ရုံမှ ထုတ်လုပ်ပေးနေသည့်အပြင် အခြားဝန်ကြီးဌာနများ၏ စက်ရုံ၊ အလုပ်ရုံများအတွက် သွင်းကုန်အစားထိုး ပစ္စည်းများကိုပါ ဖြည့်ဆည်းလုပ်ဆောင်ပေးလျက် ရှိသည်။

ထို့အပြင် ထပ်မံလိုအပ်သည့် မီးရထားစက်ခေါင်းများကို တည်ဆောက်ခြင်း၊ ပြုပြင်ခြင်း၊ ထရက်ရှင်မော်တာ အဆင့်မြင့်ပြုပြင်ခြင်း၊ သက်တမ်း ထက်ဝက်ကျော် အသုံးပြုပြီး စွမ်းအင်ကျလျက်ရှိသည့် စက်ခေါင်းများကို စွမ်းအားမြှင့်တင်ခြင်း၊ စက်ခေါင်းနှင့် တွဲအရန်ပစ္စည်းများ ထုတ်လုပ်ခြင်းတို့ကိုပါ လုပ်ဆောင်လျက် ရှိသည်။

စက်ရုံဝန်ထမ်းများ၏ တည်ဆောက်မှုအတွေ့အကြုံနှင့် လုပ်ငန်းကျွမ်းကျင်မှုများ တိုးတက်လာမှသာ သွင်းကုန်အစားထိုး ဆောင်ရွက်နိုင်သဖြင့် နိုင်ငံတော်အတွက် နိုင်ငံခြားငွေ ချွေတာရာလည်း ရောက်ပေသည်။

သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ရထားဖြင့်သွားလာခြင်းသည် ကုန်ကျစရိတ်နည်းပြီး သက်သောင့်သက်သာရှိသည်ဖြစ်ရာ မီးရထားစက်ခေါင်းများ၊ လူစီးရထားတွဲများ၊ ကုန်တင်တွဲများ အစဉ်ကြံ့ခိုင်မှုရှိနေအောင် ပြုပြင်ထုတ်လုပ် ပြေးဆွဲခြင်းဖြင့် ကုန်စည်ကူးသန်းမှု လွယ်ကူလျင်မြန်ပြီး ခရီးသွားပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုမြင့်မား တိုးတက်လာစေမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပေသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်နှင့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ပံ့ပိုးပစ္စည်းပေးအပ်ပွဲနှင့် အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲ တက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

**ရခိုင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်နှင့် ဗဟိုအလုပ်မှုဆောင် ရခိုင်ပြည်နယ် တာဝန်ခံ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် ဖေဖော်ဝါရီ ၁၇ရက် မွန်းလွဲပိုင်းက စစ်တွေမြို့နယ် အောင်မင်္ဂလာကျေးရွာသို့ ရောက်ရှိကြသည်။**

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရခိုင်ပြည်နယ်တာဝန်ခံ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ပံ့ပိုးပစ္စည်းပေးအပ်ပွဲနှင့် အသင်းဝင်အဆိုပြုလွှာ ပေးအပ်ပွဲကို ညနေ၃နာရီက စစ်တွေမြို့ အောင်မင်္ဂလာကျေးရွာ အခြေခံပညာမူလတန်းကျောင်းခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ် နာယက ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်နှင့် ဗဟိုအလုပ်အမှုဆောင် ရခိုင်ပြည်နယ်တာဝန်ခံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် အရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အသင်းများမှ အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်၊ ကျေးရွာ အသင်းစည်းရုံးရေးမှူးနှင့် အသင်းဝင်များ၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

**ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ အဝတ်အထည်၊ ဗလာစာအုပ်များကို ပေးအပ်စဉ်။** (ပို့ဆောင်ရေး)

### အမှာစကားပြောကြား

အစီအစဉ်အရ ပြည်နယ်နာယက ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့က အမှာစကားအသီးသီး ပြောကြားကြသည်။

### လက်ခံယူ

ထို့နောက်ဝန်ကြီးက အဝတ်အထည်၊ ဗလာစာအုပ် အစရှိသော ပံ့ပိုးပစ္စည်းများကို ကျေးရွာများသို့ ပေးအပ်ရာ အောင်မင်္ဂလာ၊ သင်ပုန်းတန်း၊ သောင်နီပြင်ကျေးရွာအုပ်စုများမှ ပြည်သူများကိုယ်စား တာဝန်ရှိသူ အသီးသီးက လက်ခံယူသည်။

ယင်းနောက် အဆိုပါ ကျေးရွာအုပ်စုများမှ ပြည်သူများ၏ အသင်းဝင်အဆိုပြုလွှာ ၅၀၄ စောင်ကို ကျေးရွာပြည်သူများကိုယ်စား အောင်မင်္ဂလာကျေးရွာ စည်းရုံးရေးမှူး ဦးထွန်းစိန်က ပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင် (ရခိုင်ပြည်နယ်တာဝန်ခံ) ဝန်ကြီးက လက်ခံသည်။

### တွေ့ဆုံ

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရခိုင်ပြည်နယ် တာဝန်ခံ) ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ပြည်နယ်၊ စစ်တွေနှင့်မောင်တော ခရိုင်များနှင့် မြို့နယ်အသင်း ၁၀ သင်းမှ အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များနှင့် ညပိုင်းတွင် ပြည်နယ်အသင်း အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

### ရှင်းလင်း

အစီအစဉ်အရ ပြည်နယ်အသင်း အတွင်းရေးမှူး ဦးကျော်ရင်က အသင်း၏ စည်းရုံးရေးနှင့် ရှေ့လုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်းပြီး ဗဟိုအလုပ်အမှုဆောင်(ရခိုင်ပြည်နယ်တာဝန်ခံ) ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးက အမှာစကား ပြောကြားသည်။

ထို့နောက် စစ်တွေခရိုင်နှင့် မောင်တော ခရိုင် အသင်းအတွင်းရေးမှူးတို့က အသင်း၏ရှေ့လုပ်ငန်းစဉ် စည်းရုံးရေး၊ နွေရာသီသင်တန်း ဖွင့်လှစ်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးတို့ကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးသည်။

### အမှာစကား

ယင်းနောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ စည်းရုံးရေးအဖွဲ့(၁၃) အဖွဲ့ခေါင်းဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ညပိုင်းတွင် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ရခိုင်ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အင်ဂျင်နီယာအသင်း အဆောက်အအုံသစ် ဖွင့်ပွဲနှင့် အသင်းသားစုံညီ ညီလာခံကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ အသင်းအဆောက်အအုံသစ်ဖွင့်ပွဲနှင့် နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံကို တက္ကသိုလ်များ လှိုင်မြို့နယ်ရှိမြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ၌ ဖေဖော်ဝါရီ ၂၅ရက် နံနက် ၇နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။

အသင်းသားစုံညီ ညီလာခံတွင် အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်တင်မြှောက်ရန်ရှိသဖြင့် Memberအဆင့်နှင့် Associateအဆင့် အသင်းဝင်များသည် ဆန္ဒမဲထုတ်ယူနိုင်ရန်အတွက် နှစ်စဉ်ကြေးအပြည့်အဝပေးဆောင်ပြီး အသင်းဝင်ကတ်ပြားများကိုပါ တစ်ပါတည်း ယူဆောင်လာကြရန်နှင့် နှစ်စဉ်ကြေးမပေးသွင်းရသေးပါကလည်း အစည်းအဝေးနေ့၌ပင် ပေးသွင်းနိုင်သည်။

ထို့ပြင် အသင်းသားစုံညီ ညီလာခံအထိမ်းအမှတ် နည်းပညာဆိုင်ရာ စာတမ်းဖတ်ပွဲများကိုလည်း ဖေဖော်ဝါရီ ၂၄ရက် နံနက်၈နာရီတွင် အဆိုပါ အသင်းအဆောက်အအုံ၌ ကျင်းပမည်ဖြစ်ရာ နည်းပညာစာတမ်းပေါင်း ၄၀ကျော် ကို အင်ဂျင်နီယာပညာရှင်များက ဖတ်ကြားဆွေးနွေးကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်ဆွေးနွေးနိုင်ကြကြောင်း မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက နှိုးဆော်ထားသည်။ **(သတင်းစဉ်)**

**ဖေဖော်ဝါရီ ၁၈ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော မြို့နယ်အတွင်းရှိ ကျောင်းများ ကျန်းမာသောပတ်ဝန်းကျင်နှင့် ဆေးလိပ်၊ ခြင်ကျား၊ အမှိုက်ကင်းစင်ကျောင်းများအဖြစ် သတ်မှတ်ခြင်းအခမ်းအနားကို အထက(၂) ဗဟန်း၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေထံ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နိုင်နိုင်အောင်က ရာသက်ပန် အသင်းဝင် အဆိုပြုလွှာများ ပေးအပ်စဉ်။** (မြန်မာ့အလင်း)

## မြဝတီရုပ်မြင်သံကြား

၂၂-၂-၂၀၀၇
(ကြာသပတေးနေ့)

### နံနက်ပိုင်း

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇:၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇:၅၅ | ၈။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၀။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |

### ညပိုင်း

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၀ | ၃။ | လက်စွမ်းပြဟန်ဂီတသံ |
| ၄:၁၅ | ၄။ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၄:၃၅ | ၅။ | နားဝင်ငြိမ့်စီးသီချင်းကြီး |
| ၄:၅၅ | ၆။ | မျိုးချစ်တပ်မတော် |
| ၅:၂၅ | ၇။ | မြန်မာသံစဉ်ချိုနားဝင် |
| ၅:၃၀ | ၈။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၅:၃၅ | ၉။ | ဟာဒယရွှင်လန်းအငြိမ့်ခန်း |
| ၅:၄၀ | ၁၀။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆:၀၀ | ၁၁။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၂။ | နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၃။ | မိုးလေဝသသတင်း |
| ၆:၃၀ | ၁၄။ | လျှပ်တစ်ပြက် |
| ၆:၃၅ | ၁၅။ | လှုပ်လှုပ်ရှားရှားပုံရိပ်များ |
| ၇:၀၀ | ၁၆။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်တိုင်းကြားက ချစ်လိပ်ပြာ** (အပိုင်း-၁၁) |
| ၈:၀၀ | ၁၇။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၈။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၉။ | ကုန်သွယ်သုတ |
| | ၂၀။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၂၁။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရွှေမင်းသမီး** (ဒုတိယတွဲ) (အပိုင်း-၂၄) |

## ကြံတိုင်းအောင် ပြည်လုံးချမ်းသာကပ်ကျော်စေတီ ထီးတော်တင်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မွန်ပြည်နယ် ကျိုက်မရောမြို့ (အတ္ထရံမြို့သစ်)မေတ္တာကမ္မဋ္ဌာန်းကျောင်းတွင် တည်ထားကိုးကွယ်သည့် ကြံတိုင်းအောင် ပြည်လုံးချမ်းသာ ကပ်ကျော်စေတီတော်မြတ် ထီးတော်တင်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားကို ၁၃၆၈ခု တန်ခူးလပြည့်နေ့ (၂၀၀၇ခုနှစ် ဧပြီ ၁ရက်) တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ ဒါယကာ ဒါယိကာမများ ကြွရောက်ကြည်ညို ဖူးမြော်ကြရန် မေတ္တာကမ္မဋ္ဌာန်းကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဦးဝိစက္ခဏက ဖိတ်ကြားထားပြီး အလှူငွေများကို ဦးထွန်းရှင် ဖုန်း- ၀၅၇-၂၄၃၉၅နှင့် ဦးခင်အောင် ဖုန်း-၀၁-၇၀၅၈၁၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

■ ရှေ့ဖုံးမှ

### ကြည့်ရှုစစ်ဆေး

ထို့နောက် ခန်းမဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ် သောင်းအေးနှင့်အဖွဲ့အား မြန်မာ့ဂုဏ်ရည် ကျောက်မျက်ရတနာကုမ္ပဏီ ဒါရိုက်တာ အဖွဲ့ဝင် ဦးထွန်းလှက ကျောက်မျက်လုပ်ကွက်များနှင့်စပ်လျဉ်း၍ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လုပ်သားများ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ ကျန်းမာသန်စွမ်းစေရေးနှင့် သက်သာချောင်ချိရေးကိစ္စများ ဆောင်ရွက်ပေးရေး မှာကြားပြီး ထုတ်လုပ် ပြသထားသည့် ကျောက်မျက်ရတနာများကို ကြည့်ရှုသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့သည် ကျောက်လုပ်ကွက်အတွင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာပြီး မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် ကျောက်မျက်လုပ်ငန်း လုပ်ကွက်အမှတ်(၅) လုပ်ငန်းခွင်သို့ ရောက်ရှိကြည့်ရှု စစ်ဆေးပြီး ကျောက်မျက်ရတနာများကို ကြည့်ရှုသည်။

### စေတနာထားကြိုးပမ်း

ထို့နောက် ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့အား တာဝန်ခံအရာရှိ ဗိုလ်မှူးဇကိုက ကျောက်မျက်ထုတ်လုပ်မှု၊ ကျောက်မျက်ထွက်ရှိမှုနှင့် လုပ်ကွက် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လုပ်သားများ အန္တရာယ်ကင်းရှင်းရေးအတွက် စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရေး၊ နိုင်ငံတော်၏ စီးပွားရေးကဏ္ဍကို အထောက်အကူပြုသည့် လုပ်ငန်းဖြစ်၍ စေတနာထားကာ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားသည်။

### တွေ့ဆုံမှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ် သောင်းအေးတို့သည် တောင်ပေါ်ဒေသ့ရိပ်သာ၌ မိုင်းရှူးမြို့နယ်ဌာနဆိုင်ရာများ၊ ကျောက်မျက်ကုမ္ပဏီများမှ တာဝန်ရှိသူများအား တွေ့ဆုံ မှာကြားသည်။

ထိုသို့ တွေ့ဆုံမှာကြားရာတွင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက မြန်မာ့ကျောက်မျက်ရတနာများ ထုတ်လုပ်ရောင်းဝယ်ရာ၌ လုပ်ငန်းရှင်များက နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ ခိုင်မာတိုးတက် အောင်မြင်ရေးကို တစ်ဖက်တစ်လမ်းက ပါဝင် အထောက်အကူပြုနေသည့် အားလျော်စွာ နိုင်ငံတော်က သတ်မှတ်ထားသော ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အမျိုးသားရေးအမြင်ဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့်လည်း နိုင်ငံတော်က ချမှတ်ထားသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်အောင်မြင်အောင် လက်တွဲညီညီ ကြိုးပမ်းထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ မီးဘေးအန္တရာယ် ကင်းရှင်းရေး အစီအမံများ စနစ်တကျ ကြိုးပမ်းစီမံဆောင်ရွက်ထားရန်လိုကြောင်း၊ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ၊ ဒေသခံလူငယ်များ ပညာရည်ဖွံ့ဖြိုးမှုလုပ်ငန်းများ ထိရောက်အောင်မြင်အောင် ဌာနဆိုင်ရာများက စေတနာထား ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ နယ်မြေအေးချမ်းသာယာမှသာ ဒေသခံ တိုင်းရင်းသား ပြည်သူများ စီးပွားရေးလုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး လူမှုစီးပွားရေးဘဝသည် ပိုမိုတိုးတက်မြင့်မားလာမည်ဖြစ်ရာ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများက စေတနာထားပြီး ကြိုးပမ်းထမ်းဆောင်ကြရေး မှာကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ် သောင်းအေးကရှင်းလင်းမှာကြားသည်။

### တက်တက်ကြွကြွပါဝင်ဆောင်ရွက်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၅၃၀၀ ရှိ မိုင်းရှူးရတနာမြေ လှိုင်ဆောင်ထောက်မှ မိုင်းရှူး-မိုင်းနောင် ကားလမ်းအတိုင်း ထွက်ခွာလာကြပြီး မိုင်းရှူးမြို့ နယ်မြေခံတပ်၌ မိုင်းရှူးမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံမှာကြားသည်။

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ဒေသခံပြည်သူများနှင့်အတူ တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ သက်ဆိုင်ရာဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များနှင့်အတူ တက်ညီလက်ညီ ပူးပေါင်းပါဝင် ဖြည့်ဆည်းပေးကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် မိုင်းရှူး-မိုင်းနောင်လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိုင်းနောင်မြို့နယ်ရုံး၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံမှာကြားသည်။

### ရှင်းလင်းတင်ပြ

ထိုသို့တွေ့ဆုံရာတွင် ရှေးဦးစွာ မိုင်းနောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မိုးထွန်းက မိုင်းနောင်မြို့နယ်၏ စိုက်ပျိုးရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လေအားလျှပ်စစ်အတွက် လေရဟတ်ငါးစုံ လှူဒါန်းခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက မိုင်းနောင်ဒေသတွင် ဒေသဝမ်းစာဖူလုံပိုလျှံမှုရှိ၍ ဝမ်းမြောက်ပါကြောင်း၊ ဆက်လက်၍ စိုက်ပျိုးရေးကဏ္ဍ ပို၍တိုးတက်မြင့်မားလာအောင် အဓိကသီးနှံ ၁၀ မျိုး ပန်းတိုင်ရည်မှန်းချက်ရအောင် ကြိုးပမ်းအကောင်အထည်ဖော်ကြရန်လိုကြောင်း၊ ဒေသခံ တိုင်းရင်းသား လူငယ်များ ပညာရည်မြင့်မားရေးကို ပညာရေးဌာနအပြင် ဒေသအာဏာပိုင် အဖွဲ့အစည်း အဆင့်ဆင့်တို့က စနစ်တကျအစီအမံများ ချမှတ်ကာ မိဘပြည်သူများ၏ ပံ့ပိုးဖြည့်ဆည်းမှုဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဘက်စုံပညာရည်မြင့်မားသည့် လူသားအရင်းအမြစ်များပေါ်ထွန်းလာအောင် ဝိုင်းဝန်းပြုစုပျိုးထောင်ပေးကြရန် မှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိုင်းနောင်မြို့နယ်ရုံး၌ မိုင်းနောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

## The Commerce Journal အတွဲ(၇)၊အမှတ်(၄)ဖြန့်ချီ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

The Commerce Journal အတွဲ(၇)၊ အမှတ်(၄)ကို ဖြန့်ချိလိုက်ပြီဖြစ်သည်။

အဆိုပါဂျာနယ်တွင် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များအကြား IT နည်းပညာ ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲရန် ကြိုးပမ်းဆောင်ရွက်သွားမည်၊ သွင်းကုန်ခွင့်ပြုချက်ကြောင့် သစ်သီးဝလံများ ဈေးချိုလာ၊ ကြက်သွန်နီမှောင်ခိုရောင်းဝယ်သူများအား ထိရောက်စွာအရေးယူမည်၊ မြန်မာနိုင်ငံ၏ စားသုံးဆီလုပ်ငန်းဖွံ့ဖြိုးရေးအတွက် OPEC မှ ဒေါ်လာ ၁၂ ဒသမ ၃ သန်း ထောက်ပံ့မည်၊ ဝမ်ပုံနယ်စပ် ဖြတ်ကျော်စခန်းဖွင့်လှစ်၊ ဘုရင့်နောင်ကြက်သွန်နီဈေးကွက်၊ မုံရွာပဲဈေးကွက်၊ မန္တလေးဆံပင်ဈေးကွက်၊ နိုင်ငံခြားခရီးကို လေယာဉ်စီးသွားမည့် ပင်လယ်ကျောက်ပုစွန်၊ မောင်တောနယ်စပ် ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ၊ တာချီလိတ်မှ ချင်းဈေးကွက်၊ ထိုင်းအမျိုးသားများအတွက် ယင်းမာဖိနပ်၊ ဘုရင့်နောင်မီးဖိုချောင်သီးနှံဈေးကွက်၊ ဈေးကျလာတဲ့အာလူး၊ စက်မှုဇုန်မြေဈေးနှုန်းများ၊ တက်သစ်စမင်းသား လီမင်ကီ(နန်ဘုန်ကီ)စသည့် သတင်းများ၊ ဆရာမောင်စူးစမ်း၊ မောင်တိုင်ပင်၊ ဦးဟန်ထွန်း၊ မောင်မောင်ရီ (ဘောဂဗေဒ)၊ ကျွန်းသားငမန်း၊ ကြည်ရွှန်း၊ ဟံသာထွန်း၊ သိန်းမြသိန်းတို့၏ စီးပွားရေးဆောင်းပါးများ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းဈေးနှုန်းများ၊ ပြည်တွင်းပြည်ပ ဈေးကွက်သတင်းများ၊ နယ်စပ်ကုန်သွယ်ရေးသတင်းများ၊ ရန်ကုန်မြို့၏ စားကုန်နှင့် လူသုံးကုန်ဈေးနှုန်းများကို စာရင်းဇယားများဖြင့် တစ်မူထူးခြားစွာ အချက်အလက်ခိုင်မာစွာဖြင့် ဝေဝေဆာဆာ ထုတ်ဝေဖြန့်ချိထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ၂၀၀၇ခုနှစ်၊ အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ

● ရှေ့ဖုံးမှ

(ခ) ဦးစီးဌာနသည် အစိုးရဌာနများ၏ ၁၂ နှစ်ပြည့်မြောက်ပြီး မှတ်တမ်းများကို ဝင်ရောက်စစ်ဆေး၍ ဆက်လက်သုံးစွဲခြင်းမပြုတော့ကြောင်း တွေ့ရှိရသည့် မော်ကွန်းဖြစ်လာနိုင်မည့် မှတ်တမ်းများကို လွှဲပြောင်းရယူရမည်။

(ဂ) အစိုးရဌာနများသည် ၁၂ နှစ်ပြည့်မြောက်ပြီးဖြစ်သော်လည်း ဆက်လက်သုံးစွဲနေသည့် မှတ်တမ်းများအနက် ဦးစီးဌာန၏ စစ်ဆေးချက်အရ မော်ကွန်းဖြစ်လာနိုင်မည့် မှတ်တမ်းများကို ဦးစီးဌာနက စစ်ဆေးညွှန်ကြားသည့်အတိုင်း ထိန်းသိမ်းထားရှိပြီး သုံးစွဲခြင်းမပြုတော့သည့် အချိန်တွင် ယင်းမှတ်တမ်းများကို ဦးစီးဌာနသို့ လွှဲပြောင်းပေးရမည်။

(ဃ) ဦးစီးဌာနသည် ယင်းသို့ မော်ကွန်းဖြစ်လာနိုင်မည့် မှတ်တမ်းများကို မိတ္တူကူးယူနိုင်သည်။"

၃။ အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေပုဒ်မ ၁၂ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၂။ ညွှန်ကြားရေးမှူးချုပ်၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဦးစီးဌာနရှိ မှတ်တမ်းများနှင့် မော်ကွန်းများ လုံခြုံစွာ မပျက်မစီး ထိန်းသိမ်းထားနိုင်ရေးအတွက် ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ပုဒ်မ ၆၊ ပုဒ်မခွဲ(က)အရ ဦးစီးဌာနသို့ ပေးပို့ရမည့် မှတ်တမ်းများရရှိရေးအတွက် အစိုးရဌာနများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊

(ဂ) အစိုးရဌာနများက ပုဒ်မ ၆၊ ပုဒ်မခွဲ(က)နှင့် (ဂ)တို့အရ လွှဲပြောင်းပေးသော မှတ်တမ်းများကို လက်ခံရယူခြင်း၊

(ဃ) အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများက တည်ထောင်ထားသော မော်ကွန်းတိုက်များရှိ မော်ကွန်းစဉ် စာရင်းများအား ပြုစု၍ ဦးစီးဌာနတွင် ထိန်းသိမ်းထားရှိခြင်း၊

(င) ဝန်ကြီးနှင့် ကြီးကြပ်ရေးအဖွဲ့က ပေးအပ်သော တာဝန်များကို ဆောင်ရွက်ခြင်း။"

၄။ အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေ ပုဒ်မ ၁၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၄။ မည်သူမျှမော်ကွန်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ ပုဒ်မ ၆၊ ပုဒ်မခွဲ(ဂ)တွင် ဖော်ပြထားသော ဦးစီးဌာန၏ စစ်ဆေးချက်အရ မော်ကွန်းဖြစ်လာနိုင်မည့် မှတ်တမ်းကိုဖြစ်စေ ဖျက်ဆီးခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ပျက်ပြယ်စေခြင်းမပြုရ။"

၅။ အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေ ပုဒ်မ ၁၈ တွင် ပါရှိသော "ငွေဒဏ်ကျပ် ၁၀၀၀၀"ဆိုသည့် စကားရပ်ကို "ငွေဒဏ်ကျပ်တစ်သိန်း"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ



ဖေဖော်ဝါရီ ၁၇ ရက်က တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် သာသနာ့ဗေယျမင်္ဂလာကျောင်းတိုက် (သုံးထပ်ကျောင်း) ဆရာတော် ဘဒ္ဒန္တ ပညိန္ဒ၏ ဝိဇာတ မွေးနေ့အလှူတော် ဓမ္မပူဇာသဘင်တွင် ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသီရိ လက်ာရ ထံသို့ တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်မောင်ဝင်းက ဓမ္မပူဇာအလှူတော်ငွေကျပ်ခုနစ်သိန်း ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

## အခြေခံနည်းစနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

သစ်တောရေးရာဝန်ကြီးဌာနနှင့် ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာအဖွဲ့ (FAO)တို့ ပူးပေါင်းစီစဉ်သည့် သစ်တောသုတေသနလုပ်ငန်းများကို ဦးစားပေး သတ်မှတ်ရန်အတွက် လက်တွေ့အသုံးချနိုင်သော အခြေခံနည်းစနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ သစ်တောသုတေသနခန်းမ၌ ကျင်းပသည်။

### အမှာစကားပြော

အစီအစဉ်အရ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်က အဖွင့်အမှာစကား ပြောကြားသည်။

### ကျင်းပမည်

ဆက်လက်၍ FAOမှ နည်းပညာဆိုင်ရာပညာရှင် Dr. Simmathari Appanahက အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ သစ်တောရေးရာ ဝန်ကြီးဌာနမှ သင်တန်းသား၁၀ ဦးတက်ရောက်ကြပြီး ဖေဖော်ဝါရီ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့သည် အသစ်တည်ဆောက်ထားသော မိုင်းနောင်မြို့ ၁၆ခုတင်ဆံ့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြည့်ရှုစစ်ဆေးရာ တာဝန်ခံ ဆရာဝန် ဒေါက်တာငြိမ်းအေးထွန်းက လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ဓမ္မသဘင်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၈၇)ရပ်ကွက် မဟာဓမ္မိကာရာမ ကျောင်းတိုက် မဟာအတုလရံသီဆုတောင်းပြည့် စေတီတော်မြတ်ကြီး၏ (၅၁)ကြိမ်မြောက် ဗုဒ္ဓပူဇနီယဘုရားပွဲတော်၌ ၈၇၊၈၈၊၈၉၊၁၆၈ရပ်ကွက်လုံးဆိုင်ရာ အကြိုဓမ္မပူဇော်ပွဲအဖြစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသ (မော်ကျွန်းဆရာတော်)၊ ၂၅ရက်တွင် ဘဒ္ဒန္တ ဂန္ဓမာလာလင်္ကာရ (မြင်းခြံဆရာတော်)၊ ၂၆ရက်တွင် ဘဒ္ဒန္တ ကုန္ဒပါလ (ရမ္မာဝတီဆရာတော်)၊ ၂၇ရက်တွင် ဘဒ္ဒန္တ ဝံသပါလာလင်္ကာရ (မြင်းမူဆရာတော်)၊ ၂၈ရက်တွင် ဘဒ္ဒန္တ သုန္ဒရ (စွန်းလွန်းဆရာတော်)၊ မတ် ၁ရက်တွင် ဘဒ္ဒန္တ ဝါယာမိန္ဒာဘိဝံသ (ရေစကြိုဆရာတော်)၊၂ရက်တွင် ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်) တို့က ညစဉ် ၇နာရီ၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

# အိန္ဒိယနှင့် မလေးရှား ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်မည်

ကွာလာလမ်ပူ ဖေဖော်ဝါရီ ၂၁

**အိန္ဒိယနှင့်မလေးရှားနှစ်နိုင်ငံတို့အနေဖြင့် ကာကွယ်ရေးဆိုင်ရာ စာချုပ်သစ်တစ်ရပ် လက်မှတ်ရေးထိုးနိုင်ရန် ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်ကြောင်း မလေးရှားသတင်းဌာန ဘာနားမားက ဖေဖော်ဝါရီ ၁၉ ရက်၌ သတင်းထုတ်ပြန်လိုက်သည်။**

နှစ်နိုင်ငံတို့သည် ပူးတွဲစစ်ရေးလေ့ကျင့်မှုများပြုလုပ်ရန် ဆန္ဒရှိနေကြပြီး ရုရှားလုပ် ဆူခွိုင်းတိုက်လေယာဉ်များအတွက် မလေးရှားလေယာဉ်မှူးများကို လေ့ကျင့်ပေးရန်လည်း အိန္ဒိယနိုင်ငံက အဆင်သင့်ဖြစ်နေပြီ ဖြစ်ကြောင်း ဘာနားမား သတင်းဌာနက ထုတ်ပြန်သော သတင်း၌ ဖော်ပြသည်။

ထိုသို့ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ပတ်သက်၍ မလေးရှားနိုင်ငံခြားရေးဝန်ကြီး ရိုက်ဟာမစ်အနေဖြင့် အိန္ဒိယနိုင်ငံသို့ အလည်အပတ် ခရီးစဉ်အတွင်း အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်း၊ အိန္ဒိယနိုင်ငံခြားရေး ဝန်ကြီး ပရာနပ်မူခါဂျေးတို့နှင့် တွေ့ဆုံဆွေးနွေးရာ၌ နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ကြခြင်း ဖြစ်သည်။

အိန္ဒိယနှင့် မလေးရှားနှစ်နိုင်ငံတို့သည် ပူးတွဲစစ်ရေးလေ့ကျင့်မှု၊ စစ်ဘက်ဆိုင်ရာ ဆက်ဆံရေးနှင့် မလေးရှားလေယာဉ်မှူးများကို လေ့ကျင့်ပေးရာတွင် အိန္ဒိယက စွမ်းအားပြည့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို သဘောတူညီခဲ့ကြပြီးဖြစ်သည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

**တရုတ်နိုင်ငံ အရှေ့ပိုင်း ဂျန်ဆုပြည်နယ် ဝူဇီမြို့ အပန်းဖြေ စခန်းတစ်ခုရှိ ရေကန်တစ်ခုတွင် ရေပေါ်ဘောလုံး ဖြင့် ဆော့ကစား နေကြသည်ကို ဖေဖော်ဝါရီ ၂၀ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# တရုတ်နိုင်ငံမြောက်ပိုင်း မွန်ဂိုလီးယားဒေသတွင် တောရိုင်းတိရစ္ဆာန် သားရေများ ဖမ်းဆီးရမိ

**ဟီဟွတ် ဖေဖော်ဝါရီ ၂၁**

တရုတ်နိုင်ငံမြောက်ပိုင်း မွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်းတွင် ယခုနှစ်အတွင်း တောရိုင်းတိရစ္ဆာန်သားမွေးများ တရားမဝင် ကုန်သွယ်မှုကို ထိရောက်စွာနှိမ်နင်းလျက်ရှိရာ အကောက်ခွန်ဝန်ထမ်းများက ရှဉ့်သားမွေးအရေခွံ ၁၈၈၁ ခုကို ဖမ်းဆီးနိုင်ခဲ့ကြောင်း အကောက်ခွန်ဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

**ထိရောက်စွာနှိမ်နင်း**

တရုတ်-ရုရှားနယ်စပ်ရှိ ဆိပ်ကမ်းတွင် တရုတ်အကောက်ခွန်ဝန်ထမ်းများသည် ရုရှားအကောက်ခွန် ဝန်ထမ်းများနှင့် ပူးပေါင်းကာ တရားမဝင် မှောင်ခိုကူးမှုများကို ထိရောက်စွာ နှိမ်နင်းလျက်ရှိကြောင်း အကောက်ခွန်ဌာန ညွှန်ကြားရေးမှူး ဂျန်ဘိုက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

**ခိုးဝင်တတ်**

မှောင်ခိုကူးသူများသည် တရုတ်နိုင်ငံအတွင်းသို့ နံနက်စောစောပိုင်း သို့မဟုတ် ညပိုင်းအချိန်များတွင် ခိုးဝင်တတ်ကြကြောင်း၊ မှောင်ခိုသမားများ၏လုပ်ရပ်မှာ နောက်ဆုံးတွင် အချည်းအနှီးသာ ဖြစ်သွားမည်ဖြစ်ကြောင်း ဂျန်က ဆက်လက် ပြောကြားသည်။ နယ်စပ်ဆိပ်ကမ်းတွင် တရားမဝင်မှောင်ခိုမှုများအား ထိထိရောက်ရောက် နှိမ်နင်းလျက်ရှိသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# ဘဂ္ဂဒက်မြို့လယ်တွင် ဗုံးပေါက်ကွဲ လေးဦးသေဆုံး

**ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၁**

ဖေဖော်ဝါရီ ၁၉ ရက်က ဘဂ္ဂဒက်မြို့လယ်တွင် ဘတ်စ်ကားယာဉ်ငယ်တစ်စီးအတွင်း ဗုံးပေါက်ကွဲမှုကြောင့် လေးဦး သေဆုံးခဲ့ကြောင်း မျက်မြင်သက်သေများက ပြောကြားသည်။

ကာရာဒါခရိုင်တွင် ယာဉ်၏အရှေ့ပိုင်း ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် မီးလောင်ထားသော ရုပ်အလောင်းလေးလောင်းကို တွေ့ရှိရကြောင်း ရိုက်တာဓာတ်ပုံဆရာတစ်ဦးက ပြောကြားသည်။

ပေါက်ကွဲမှုသည် ယာဉ်အတွင်း ထောင်ထားခဲ့သောဗုံးကြောင့် ဖြစ်ပွားခဲ့ရကြောင်း၊နှစ်ဦးသေဆုံး၍လေးဦးဒဏ်ရာရခဲ့ကြောင်းရဲတပ်ဖွဲ့က ထုတ်ဖော် ပြောကြားသည်။

ဖေဖော်ဝါရီ ၁၈ ရက်က ကားဗုံးနှစ်လုံးကြောင့် ဘဂ္ဂဒက်အရှေ့ပိုင်းရှိ လူစည်ကားရာ ဈေးတစ်ခုလုံး ပျက်စီးသွားခဲ့ကြောင်း၊ လွန်ခဲ့သည့် ရက်သတ္တပတ်က ယင်းမြို့တွင် အမေရိကန်နှင့် အီရတ်တပ်ဖွဲ့ဝင်များ လုံခြုံရေးဖြင့် ထိရောက်စွာနှိမ်နင်းမှုစတင်ကတည်းက လူ ၆၀ သေဆုံးသည့် အဆိုးရွားဆုံး တိုက်ခိုက်မှု ဖြစ်ကြောင်း သိရသည်။ **အမ်အင်န်အေ၊ရိုက်တာ**

# အင်တာနက်-ကျန်းမာရေး

## ချောကလက် စားသုံးခြင်းဖြင့် ဦးနှောက်မှတ်ဉာဏ်ဖွံ့ဖြိုးမှု အကျိုးပြု

ဆန်ဖရန်စစ္စကို ဖေဖော်ဝါရီ ၂၁

**ချောကလက်စားသုံးခြင်းသည် ဦးနှောက်အတွက် ထိရောက်သော အကျိုးသက်ရောက်မှုရှိစေနိုင်ကြောင်း ဆန်ဖရန်စစ္စကိုမှ သုတေသနပညာရှင် ကာတီဟောက ပြောကြားလိုက်သည်။**

**အထောက်အကူပြု**

**ကနဦး လေ့လာသုတေသနပြုချက်အရ ချောကလက်စားသုံးခြင်းသည် သွားများနှင့် ခါးကြောဝေဒနာများ ရရှိနိုင်သည်ဟု သိရှိထားခဲ့သော်လည်း ယခုအခါ ချောကလက်စားခြင်းသည် ဦးနှောက်မှတ်ဉာဏ် ဖွံ့ဖြိုးမှုအတွက် အထောက်အကူပြုစေကြောင်း တွေ့ရှိရသည်ဟု ဆိုသည်။**

**ကြွယ်ဝစွာတွေ့ရှိ**

**သုတေသနပြုချက်အရ ချောကလက်တွင် ပါဝင်သော ဓာတ်ပစ္စည်းများသည် သစ်သီးနှင့်ဟင်းသီးဟင်းရွက်များတွင် တွေ့ရှိရသော အာဟာရဓာတ်တစ်မျိုးကို ကြွယ်ဝစွာတွေ့ရှိရကြောင်း သိရသည်။**

**အနက်ရောင် ချောကလက်များက လူတို့၏ ကျန်းမာရေးကို ပိုမိုအထောက်အကူပြုပေးနိုင်ကြောင်း၊ အာဟာရဓာတ်ပိုမိုပါဝင်ကြောင်း အမေရိကန်သုတေသနပညာရှင် ကာတီဟောက ပြောကြားသည်။** (အင်တာနက်)

## အချိန်အတိုင်းအတာဖြင့် ဗီဒီယိုဂိမ်းကစားလျှင် စိတ်ဓာတ်တက်ကြွပြီး ကိုယ်အလေးချိန်ကျစေနိုင်

**လန်ဒန် ဖေဖော်ဝါရီ ၂၁**

နောက်ဆုံးပေါ် ခေတ်မီနည်းပညာသုံး ဗီဒီယိုဂိမ်းကစားမှုများသည် လူငယ်လူရွယ်များတွင်ရှိနေသော အပိုကယ်လိုရီများကို လောင်ကျွမ်းမှုဖြစ်စေကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

ခေတ်မီ ဗီဒီယိုဂိမ်းကစားမှုများသည် ကိုယ်ခန္ဓာလှုပ်ရှားမှုကို အတိုင်းအတာတစ်ခုအထိ လှုပ်ရှားမှုပြုလုပ်ရသဖြင့် တစ်နှစ်လျှင် ခန္ဓာကိုယ်အလေးချိန် ၂၇ ပေါင်အထိ ကျဆင်းအောင် အထောက်အကူပြုကြောင်း တွေ့ရှိရသည်ဟု လီဗာပူးလ်ဂျွန်မိုးရက်စ် တက္ကသိုလ်မှ ပါမောက္ခ တမ်ကာဘယ်က ပြောကြားသည်။

**ဖြစ်ပေါ်စေ**

ထို့အပြင် ကလေးငယ်များအတွက် ဗီဒီယိုဂိမ်းကစားခြင်းသည် ဉာဏ်ရည်ဉာဏ်သွေး ပိုမိုမြင့်မားစေပြီး စိတ်ဓာတ်တက်ကြွမှုကို ဖြစ်ပေါ်စေကြောင်း၊ သို့သော် အချိန်အတိုင်းအတာတစ်ခုအထိသာ ကစားသင့်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

**ပြောကြား**

အသက် (၁၃)နှစ်မှ (၁၅)နှစ်အတွင်း ကလေးငယ် ၅၀၀ ကို သုတေသနပြုခဲ့ရာ စိတ်ဓာတ်တက်ကြွမှုနှင့် ကိုယ်အလေးချိန် လျော့ကျမှုတို့မှာ ၅၅ ရာခိုင်နှုန်းအထိရှိခဲ့ကြောင်း ပါမောက္ခတမ်ကာဘယ်က ပြောကြားသည်။

**(အင်တာနက်)**

# လေထုနှင့် သမုဒ္ဒရာတို့၏ တုံ့ပြန်မှုဖြစ်စဉ် ရေသတ္တဝါတို့အတွက် ဆိုးကျိုးများဖြစ်ပေါ်နိုင်

**ဆန်ဖရန်စစ္စကို ဖေဖော်ဝါရီ ၂၁**

သမုဒ္ဒရာများနှင့် ကမ္ဘာ့လေထုတို့အကြား အပြန်အလှန် တုံ့ပြန်အားပြိုင်မှုဖြစ်စဉ်ကြောင့် ကြီးမားလှသော နောက်ဆက်တွဲ ဖြစ်ရပ်များ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသည်။

ပုံမှန်အားဖြင့် ပင်လယ်ကမ်းခြေမှ လေတိုက်မှုကြောင့် သမုဒ္ဒရာ ရေစီးကြောင်းများ ကမ်းခြေမှ ဝေးရာသို့လွင့်သွားပြီး ရေအောက်မှ ရေများတက်လာ အစားထိုးပေးလိုက်သည်။ သို့သော် ရာသီဉတု ဖောက်ပြန်သဖြင့် တုံ့ပြန်အားပြိုင်မှု အချိန်မမှန်ခြင်း၊ ပမာဏအတိုင်းအတာ ကွဲပြားခြင်းကြောင့် အစာအာဟာရအတွက် ရေစီးကြောင်းများအပေါ် မှီနေရသည့် ရေသတ္တဝါများမှာ ဒုက္ခရောက်ကြရသည်။

**အသက်ရှူမွန်းကျပ်**

ရေပေါ်တွင်ငါးအစာဖြစ်သည့် အပင်၊ အကောင်ငယ်လေးများ ပေါ်မလာပြန်လျှင်လည်း ငါးသတ္တဝါများ အရေအတွက် လျော့နည်းရသည်။ များလွန်းပြန်လျှင်လည်း ၎င်းတို့သည် သမုဒ္ဒရာအောက်သို့ နစ်မြုပ်ပြီးနောက် ကြမ်းပြင်ရှိ အောက်ဆီဂျင်ဓာတ်ကို ဖြုန်းတီးလိုက်သည့်အတွက် ပင်လယ်ကဏန်းအများအပြား အချိန်မီလွတ်ရာ မပြေးနိုင်ဘဲ အသက်ရှူမွန်းကျပ်ပြီး သေကုန်ကြရပြန်သည်။ **(အင်တာနက်)**

**ရုရှားနိုင်ငံ မော်စကိုမြို့ အရှေ့ဘက် ကီလိုမီတာ ၂၀၀ အကွာရှိ ရှေးဟောင်းမြို့ တစ်မြို့တွင် နှစ်စဉ် ကျင်းပသည့် မာစ်လီနီဆာပွဲတော်၌ ချောတိုင်တက်ပြိုင်ပွဲဝင်နေသူ တစ်ဦးကို ဖေဖော်ဝါရီ ၁၈ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ နာရီတာ အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကုန်တင်လေယာဉ်ဖြင့် ပြည်ပသို့ တင်ပို့မည့်ကားတာယာများကို ဖေဖော်ဝါရီ ၂၀ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

# သဘာဝဓာတ်ငွေ့ရည်သုံး သင်္ဘော တရုတ်နိုင်ငံ၌ ပထမဆုံး တည်ဆောက်မည်

ပေကျင်း ဖေဖော်ဝါရီ ၂၁

**တရုတ်နိုင်ငံသည် သဘာဝဓာတ်ငွေ့ရည် (အယ်လ်အင်န်ဂျီ)သုံး သင်္ဘောတည်ဆောက်ခြင်း အခက်အခဲများကို ကျော်လွှားနိုင်ပြီဖြစ်ရာ စက်တင်ဘာလတွင် ပထမဆုံး တည်ဆောက်ပေးနိုင်တော့မည်ဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။**

ယင်းကဲ့သို့ သင်္ဘောကြီးများ တည်ဆောက်ရန်အတွက် တောင်ကိုရီးယား၊ ဂျပန်နှင့် အခြားသောဥရောပနိုင်ငံများက တရုတ်ထံမှ နည်းပညာများ ရယူခဲ့သည်ဟု ဆိုသည်။ သဘာဝဓာတ်ငွေ့ကို အနုတ် ၁၆၃ ဒီကရီဆဲလ်စီးရပ်စ်အောက်သို့ အပူချိန်လျှော့ချပြီးနောက် အရည်အဖြစ် ပြောင်းလဲပြီးက တည်းက အယ်လ်အင်န်ဂျီသင်္ဘော တည်ဆောက်ရန် အခြေအနေ ဖန်တီးပေးနိုင်ခဲ့သည်ဟု ဆိုသည်။

အဆိုပါ သင်္ဘောကို တရုတ်နိုင်ငံ၏ ထိပ်တန်းနှင့်ကမ္ဘာ့တတိယအကြီးဆုံးသင်္ဘောတည်ဆောက်ရေးအုပ်စုဖြစ်သည့် တရုတ်နိုင်ငံပိုင် သင်္ဘောတည်ဆောက်ရေးကော်ပိုရေးရှင်းက ဟူဒေါင်း-ကျောင်ဟွာ သင်္ဘောကျင်း၌ တည်ဆောက်လျက်ရှိသည်။

ယင်းသင်္ဘောသည် တန်ချိန် ၃၀၀၀၀၀ တင်ဆောင်နိုင်မည်ဖြစ်ပြီး တရုတ်နိုင်ငံတွင်အကြီးဆုံးနှင့် ကုန်ကျစရိတ်အများဆုံး သင်္ဘောဖြစ်ကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

# စာအိတ်ဗုံးခွဲမှုနှင့် ဆက်နွှယ်သူအား ဗြိတိန်ရဲတပ်ဖွဲ့ ဖမ်းဆီး

**လန်ဒန် ဖေဖော်ဝါရီ ၂၁**

ဗြိတိန်နိုင်ငံ၌ လွန်ခဲ့သောလများက စာအိတ်ဗုံးများ ဆက်တိုက် ပေါက်ကွဲမှုများနှင့် ဆက်နွှယ်နေသူ တစ်ဦးအား ဗြိတိသျှရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၁၉ရက်တွင် ကင်းဘရစ်မြို့ အရှေ့ပိုင်း၌ ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်သည်။

ရဲတပ်ဖွဲ့က အဆိုပါ ဗုံးပေါက်ကွဲမှုများနှင့် ဆက်နွှယ်နေသူအား စုံစမ်းသိရှိရပြီးနောက် ဖမ်းဆီးလိုက်ခြင်းဖြစ်ကြောင်း၊ ၎င်းသည် အသက်(၂၀)ကျော်ရှိ အမျိုးသားတစ်ဦး ဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့ကအဆိုပါမြို့၌ အခြားသော ဆက်နွှယ်ပတ်သက်နေသူများကို ဆက်လက် ရှာဖွေနေကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

**အမ်အင်န်အေ၊ရိုက်တာ**

# အမေရိကန်တို့ စစ်အခြေစိုက်စခန်းတည်ဆောက်မှုကိုဆန့်ကျင်ဖြစ်သည့်နည်းဖြင့် တားဆီးမည်ဟု အီတလီဆန္ဒပြသူများပြောကြား

ရောမ ဖေဖော်ဝါရီ ၂၁

**အီတလီနိုင်ငံမြောက်ပိုင်း ဗီချင်ဇာမြို့တွင် အမေရိကန်စစ်အခြေစိုက်စခန်း တစ်ခုတိုးချဲ့တည်ဆောက်နေမှုကို ဆန့်ကျင်ဟန့်တားမည်ဟု ဆန္ဒပြကန့်ကွက်နေသူများက ဖေဖော်ဝါရီ ၁၉ ရက်၌ ပြောကြားလိုက်သည်။**

ဗီချင်ဇာမြို့တွင် အမေရိကန်တို့စစ်အခြေစိုက်စခန်း တည်ဆောက်မှုအပေါ် ဆန္ဒပြသူ ၇၀၀၀၀ကျော်တို့က ဖေဖော်ဝါရီ ၁၇ရက်၌ ကန့်ကွက် ဆန္ဒပြခဲ့ကြပြီး အချို့သောဆန္ဒပြပွဲကြီးကြပ်သူများက ၎င်းတို့၏ အခွင့်အရေးများ ဖျက်ဆီးမှုဖြစ်ပေါ်စေကြောင်း ပြောကြားခဲ့သည်။

**လုပ်ဆောင်**

ထို့အပြင် အခြားဆန္ဒပြပွဲကြီးမှူးသူများကလည်း အမေရိကန်တို့၏စစ်အခြေစိုက်စခန်း၌ထိုင်ပြီး ဆန္ဒပြပွဲတစ်ရပ်ပြုလုပ်ရန် ဒေသခံများနှင့်အတူ ပူးပေါင်းလုပ်ဆောင်သွားမည်ဟု ပြောကြားသည်။

**ပြောကြား**

မိမိတို့အနေဖြင့် အမေရိကန်တို့၏ စစ်အခြေစိုက်စခန်း ထူထောင်မှုကို မလိုလားကြောင်း၊ မည်သည့်နည်းနှင့်မဆို စစ်အခြေစိုက်စခန်း ထူထောင်မှုကို ရပ်တန့်အောင် ကြိုးစားသွားမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းမှုလုပ်ရပ်သာမြင်တွေ့လိုကြောင်း ဆန္ဒပြပွဲကြီးမှူးသူတစ်ဦးက ပြောကြားသည်။

**အမ်အင်န်အေ၊ရိုက်တာ**

# ဗုံးဖောက်ခွဲသည့် သတင်းပေးနိုင်သူအား ဘတ်ငွေတစ်သန်း ချီးမြှင့်မည်ဟု ထိုင်းရဲတပ်ဖွဲ့ကြေညာ

**ဗန်ကောက် ဖေဖော်ဝါရီ ၂၁**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ နှစ်သစ်ကူးကာလအတွင်း ဗုံးဖောက်ခွဲသည့် သံသယရှိသူအား သတင်းပေးနိုင်ခဲ့လျှင် မည်သူမဆို ဘတ်ငွေတစ်သန်း (အမေရိကန်ဒေါ်လာ ၂၇၈၀၀) ရရှိမည်ဖြစ်ကြောင်း ထိုင်းရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၁၉ ရက်တွင် ကြေညာထားသည်။

**ဖမ်းဆီး**

အဆိုပါ သံသယရှိသူအား ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၃၁ရက်က ဗန်ကောက်မြို့ ဘာဖန်ကဝေအမည်ရှိ တံတား၌ တပ်ဆင်ထားသော လုံခြုံရေးကင်မရာ၌ ဗုံးထောင်နေသည်ကို တွေ့နိုင်ကြောင်း၊ ဗန်ကောက်မြို့တစ်ဝန်း စုစုပေါင်းဗုံးကိုးလုံး ပေါက်ကွဲခဲ့ပြီး အနီးရှိနွန်သာဘူရီ ပြည်နယ်၌လည်း ဗုံးပေါက်ကွဲရာ လူသုံးဦးသေဆုံးပြီး အခြား၄၀ ဒဏ်ရာရရှိသွားကြောင်း၊ ဗုံးများပေါက်ကွဲပြီး နောက် သံသယရှိသူ ၁၉ ဦးလည်း ဖမ်းဆီးနိုင်ခဲ့ကြောင်း သို့ရာတွင် သက်သေခံအထောက်အထားမရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# အာဖဂန်နစ္စတန်တွင် ရဟတ်ယာဉ်တစ်စင်း ပျက်ကျ

**ကဘူးလ် ဖေဖော်ဝါရီ ၂၁**

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းတွင် ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းက ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင် ရှစ်ဦးသေဆုံးပြီး ၁၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အာဖဂန်နစ္စတန်ရှိ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့က ပြောကြားသည်။

ပျက်ကျခဲ့သော ရဟတ်ယာဉ်မှာ စီအိပ်ချ်- ၄၇ ရဟတ်ယာဉ်ဖြစ်ပြီး အင်ဂျင် ရတ်တရက်ရပ်ဆိုင်းကာ ပျက်ကျခဲ့ခြင်းဖြစ်သည်ဟု အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့မှ ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်၌ ဖော်ပြသည်။

**ပျက်ကျ**

အဆိုပါ လေယာဉ်သည်လေတပ်တပ်ဖွဲ့ဝင်များအပါအဝင် လူ ၂၂ ဦးကို တင်ဆောင် ပျံသန်းလာခြင်းဖြစ်ပြီး ရတ်တရက် ထိန်းချုပ်မှု ပြုလုပ်၍မရဘဲ ပျက်ကျခဲ့ခြင်း ဖြစ်သည်။

**စစ်ဆေး**

သို့သော်လည်း တာလီဘန်တို့၏ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးကမူ ၎င်းရဟတ်ယာဉ်ကို ပစ်ချခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။ လေယာဉ်ပျက်ကျမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# ထူးထူးခြားခြား စွမ်းရည်ပြသူ

**ထူးထူးခြားခြားစွမ်းရည်ပြနေသူ တစ်ဦးကို တွေ့ရစဉ်။** (ယာပုံ)

တရုတ်နိုင်ငံ ပေကျင်းမြို့၌ နှစ်သစ်ကူးပွဲတော် ဆင်နွှဲမှုတစ်ရပ်အဖြစ် တရုတ်အမျိုးသားတစ်ဦးက သံမဏိစစ်စစ်ဖြင့် ပြုလုပ်ထားသော ခွက်တစ်လုံးကို သွားဖြင့်ကိုက်ဖြတ်ပြီး နှစ်ပိုင်းဖြစ်အောင် စွမ်းရည်ပြသနိုင်ခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

# ကမ္ဘာတစ်လွှား ထူးထူးခြားခြား

## ကမ္ဘာ့အရှည်ဆုံး စကိတ်ပြား

**ကမ္ဘာ့အရှည်ဆုံး စကိတ်ပြားတစ်ခုကို တွေ့ရစဉ်။** (ဝဲပုံ)

အမေရိကန်နိုင်ငံ မက်ဆာချူးဆက်ပြည်နယ် နယူးတန်မြို့တွင် ဒေသခံလူငယ်နှစ်ဦးက ပြုလုပ်ထားသော စကိတ်ပြားသည် အရှည်ပေ ၃၀ နှင့် တစ်လက်မရှိရာ ကမ္ဘာပေါ်တွင် အရှည်ဆုံးစကိတ်ပြား ဖြစ်ကြောင်း သိရသည်။

**(အင်တာနက်)**

## အောင်မြေအေးချမ်း ပြည့်ဝချမ်းသာနိုးဘုရားကြီး အပူဇော်ခံမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့ နီးဘုရားကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ကုသလ ဦးဆောင်မှုဖြင့် ဗိသုကာပညာရှင် ရှမ်းအမျိုးသားဆရာကြီး ဦးလုံသြ(ခ)ဦးဘသိန်း ရက်လုပ်သော အောင်မြေအေးချမ်း ပြည့်ဝချမ်းသာ နီးဘုရားကြီးသည် ကလောမြို့မှ ပုသိမ်မြို့ နိဗ္ဗာနလမ်း မောင်းထောင်ကျောင်းပရိယတ္တိစာသင်တိုက်ကြီး၌ ကိန်းဝပ်စံပယ်သီတင်းသုံးတော်မူမည် ဖြစ်သည်။ ကလောမှ ပုသိမ်မြို့သို့ ပင့်ဆောင်တော်မူစဉ် ပုသိမ်အသင်း (ရန်ကုန်)မှ(တပေါင်းလဆန်း ၉ရက်မှ ၁၃ ရက်အထိ)ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၈ ရက်အထိ ဗဟန်း ကြားတောရလမ်း အမှတ်၂၁/၄၃(စီ) ရွှေတိဂုံဘုရား အရှေ့ဘက်ရှိ ရေဝတီတိုင်းဓမ္မာရုံကြီး၌ အပူဇော်ခံမည်ဖြစ်သည်။ တပေါင်းလဆန်း ၁၄ရက်(မတ် ၁ ရက်)တွင် ရန်ကုန်မြို့မှ ပုသိမ်မြို့သို့ မြတ်စွာဘုရား ကိန်းဝပ်စံပယ်ရန်အတွက် ပင့်ဆောင်ရေးအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ အသင်းသူအသင်းသားများ၊ ဓမ္မမိတ်ဆွေများ မည်သူမဆို လာရောက်ကြည်ညို ဖူးမြော်ပူဇော်နိုင်ကြောင်း သိရသည်။

(က-ပ)

## မော်လူး မန်ကျည်းကုန်း မိုးကုတ်တရားစခန်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

စစ်ကိုင်းတိုင်း အင်းတော်မြို့နယ် မော်လူးမြို့ သာသနာ့ဂုဏ်ရည် မန်ကျည်းကုန်းကျောင်းတိုက်၌ အလှူရှင်ဦးကိုလေး-ဒေါ်ဝင်းမေ မိသားစု၊ ရတနာလမ်း မော်လူးမြို့တို့၏ အလှူ မင်္ဂလာပွဲတွင် ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် အာစရဝံသ ကျောင်းဆရာတော် အရှင်ရာဇိန္ဒနှင့် (ဝန်းသို)၊ အရှင်စန္ဒဝံသအရှင်မြတ်တို့က တပေါင်းလပြည့်ကျော်စရက်မှ ၁၅ရက် (မတ်၁၀ရက်မှ၁၇ရက်)အထိ ခန္ဓာညဏ် ရောက်ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

## ဆေးတက္ကသိုလ်(၁)ရန်ကုန်၌ အခြေခံတိုင်းရင်းဆေးပညာ သင်ကြားပြီးမြောက်ကြောင်းလက်မှတ် ပေးအပ်ချီးမြှင့်

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ကျန်းမာရေးဝန်ကြီးဌာနက တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိရာ ဆေးတက္ကသိုလ်များမှ မွေးထုတ်လိုက်သော ဆရာဝန်သစ်လွင်များအား အခြေခံတိုင်းရင်းဆေးပညာ၏ တန်ဖိုးကို သိရှိနားလည်စေရန် ဆေးတက္ကသိုလ်များ၏ တတိယနှစ်သင်တန်းတွင် ထည့်သွင်းသင်ကြားပို့ချပေးခဲ့ပြီး ပထမဦးဆုံးအကြိမ် အခြေခံတိုင်းရင်းဆေးပညာသင်ကြားပြီးမြောက်ကြောင်း လက်မှတ်ကို ဖေဖော်ဝါရီ ၂၁ ရက်တွင် ဆေးတက္ကသိုလ်(၁) ရန်ကုန်၌ချီးမြှင့်ခဲ့ကြောင်း၊ ယခုနှစ်တွင် ဆေးပညာသင်ရှိသူ ၂၁၃ ဦးအား အဆိုပါလက်မှတ် ပေးအပ်ချီးမြှင့်နိုင်ခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

## ကိုယ်ဝန်ဆောင်မိခင်များ ဗိုက်ခွဲမွေးမှု လမစေ့သည့်ကလေးများ မွေးဖွားနိုင်

မီယာမီ ဖေဖော်ဝါရီ ၂၁

**အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်ရှိ ဆေးရုံတစ်ရုံ၌ လမစေ့မီ မွေးဖွားခဲ့သော ဘောလ်ပင်အရွယ် ကလေးတစ်ဦးအား ဆေးရုံ၌ လေးလကြာ ပြုစုကုသမှုများ ပြုလုပ်ခဲ့ပြီးနောက် နေအိမ်သို့ ပြန်ပို့လိုက်ရာ နေအိမ်သို့ ရောက်ပြီး ရက်အတန်ကြာတွင် အရပ်အနည်းငယ် ရှည်ထွက်လာကြောင်း ၎င်းဆေးရုံက ဖေဖော်ဝါရီ၂၀ရက်က ပြောကြားသည်။**

အသက်ရှည်ဆုံး

**အဆိုပါ ကလေးကို မီယာမီရှိ ကလေးဆေးရုံ၌ အောက်တိုဘာ၂၄ ရက်က ကိုယ်ဝန်သက်တမ်း ၂၁ပတ်နှင့် ခြောက်ရက်တွင် ဗိုက်ခွဲမွေးဖွားခဲ့ကြောင်း၊ ၎င်းအား အမီလီယာဆွန်ဂျာတေလာဟု အမည်ပေးထားပြီး လမစေ့မီ မွေးသည့် ကလေးများတွင် အသက်ရှည်ဆုံး ဖြစ်နိုင်ကြောင်း မီယာမီ ကလေးဆေးရုံမှ ဆရာဝန်များက ပြောကြားသည်။**

ကိုယ်အလေးချိန်

**အလီမီယာအား မွေးဖွားချိန်တွင် သူမ၏ ကိုယ်အလေးချိန်မှာ ၁၀ အောင်စသာရှိပြီး ကိုးလက်မခွဲသာ ရှည်ကြောင်း ယင်းကလေးဆေးရုံမှ ဒေါက်တာဝီလျံစမောလင်းက ပြောကြားသည်။**

**ယင်းကဲ့သို့ ကလေးမွေးဖွားရခြင်းမှာ လမစေ့မီဗိုက်ခွဲမွေးခြင်း၏ ဆိုးကျိုးဖြစ်ကြောင်း၊ မလိုအပ်ဘဲ ဗိုက်ခွဲမမွေးသင့်ကြောင်း ဒေါက်တာဝီလျံက ပြောကြားသည်။** (အင်တာနက်)

## တစ်ခါတုန်းက စစ်တက္ကသိုလ် အတွဲ(၄)တွဲ ထုတ်ဝေဖြန့်ချီ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

**စာရေးဆရာ တက္ကသိုလ်မောင်သန့်ဇင် ရေးသားသည့် တစ်ခါတုန်းက စစ်တက္ကသိုလ်စာအုပ် အတွဲ(၁)၊ အတွဲ(၂)၊ အတွဲ(၃)နှင့် အတွဲ(၄) စာအုပ်များကို မြတ်နိုးအိမ်စာပေက ထုတ်ဝေဖြန့်ချီလိုက်သည်။** (အောက်ပုံ)

### ရေးသားခြယ်မှုန်း

အဆိုပါ စာအုပ်များတွင် စစ်တက္ကသိုလ်၌ ဗိုလ်လောင်းဘဝဖြင့် စစ်သင်တန်းတက်ခဲ့ရသည့် အတွေ့အကြုံများ၊ စစ်တက္ကသိုလ်သို့ရောက်ရှိလာပြီး မိသားစုရင်ခွင်၌ ကြီးပြင်းရခြင်းမရှိဘဲ စစ်တက္ကသိုလ်၏ ရင်ခွင်တွင် ကြီးပြင်းခဲ့ရသည့် အတွေ့အကြုံများ၊ စစ်ပညာသာမက၊ စာပေပညာနှင့် စစ်စည်းကမ်းတို့ကို သင်ကြားဆည်းပူးခဲ့ရသည့် အတွေ့အကြုံများကို စာရေးသူက ဇာတ်ကောင်များ၏ အားပြိုင်မှုတို့ဖြင့်ပေါင်းစပ်ပြီး ကလောင်စွမ်း ပြထားသည်ကို စာဖတ်သူများ ဖတ်ရှုနိုင်ရန် ဝတ္ထုအတွဲ (၄)တွဲဖြင့် ခရေစေ့တွင်းကျ စေ့စေ့စပ်စပ် ရေးသားခြယ်မှုန်းထားသည်။

### ဖြန့်ချီ

အဆိုပါ စာအုပ်အတွဲ (၄)တွဲကို ဦးသန့်ဇင် မြတ်နိုးအိမ်စာပေ ဖုန်း-၂၉၅၅၉၃ အမှတ်၁၂၇ ၄၆လမ်း ခုနစ်လွှာ ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ကထုတ်ဝေပြီး ရန်မျိုးအောင်စာပေ အမှတ် ၂၁၉(ခ) ဒုတိယထပ် ၃၆လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့က တစ်ပြည်လုံးသို့ ဖြန့်ချီသည်။

**(သတင်းစဉ်)**

## သဲအင်းဂူ အထူးတရားပွဲများ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

မူလ သဲအင်းဂူ ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ရန်ကုန်မြို့ လုံးဆိုင်ရာ သဲအင်းဂူ သာသနာပြုအဖွဲ့၏ ဩဝါဒါစရိယ ပဓာန ကမ္ဗဋ္ဌာနာစရိယ နယ်လှည့် သာသနာပြုဓမ္မကထိက ဆရာတော် ဘဒ္ဒန္တ မုနိန္ဒ (ကျိုက်ဝိုင်း)နှင့် တောင်ဥက္ကလာပမြို့နယ် အမှတ်(၆)ဝိုင်း သဲအင်းဂူ ဝိပဿနာရိပ်သာ ရတနာမာန်အောင်ကျောင်းဆရာတော် ဘဒ္ဒန္တ ဝိရိယ ဓမ္မာစရိယ၊ ဝိနယဝိဒူ၊ ဘဒ္ဒန္တ စိန္တာမယ (ရွှေခိုင်ပြည်ဆရာတော်) အရှင်သူမြတ်တို့က ဧရာဝတီတိုင်း ကန်ကြီးထောင့်မြို့နယ် မောင်းတီးကြီးရွာ ရွှေမောင်းတီး မဟာစေတီတော် ဗုဒ္ဓပူဇနိယပွဲတွင် ဖေဖော်ဝါရီ ၂၆ရက်မှ၂၈ရက်အထိ၊ ပဲခူးတိုင်း သာယာဝတီမြို့ နယ် လှည်းလမ်းကူးရွာတွင် မတ်၁၀ရက်မှ ၁၂ရက်အထိ၊ ငှက်ဖောက်ကုန်းရွာတွင် ၁၃ရက်မှ ၁၅ ရက်အထိ၊ ပန်းတနော်မြို့နယ် ရေလဲနဲ့ကောရွာတွင် ၂၀ရက်မှ ၂၅ရက်အထိ၊ အင်းမရွာ သံကြိုးတိုင်ကျောင်းတွင် ဧပြီ ၁ရက်မှ ၆ ရက်အထိနှင့်ကျိုက်ထိုမြို့ သိမ်ဇရပ် အောင်မင်္ဂလာရပ်ကွက် သာသနပါလကျောင်းတိုက်တွင်၂၁ ရက်မှ၂၈ရက်အထိ အသေတတ်အနေမြတ် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားပြသမည်ဟု သိရသည်။

**(က-ပ)**

## ကုန်သည် စက်မှုအသင်းချုပ် စားပွဲတင်တင်းနစ်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ကကြီးမှူး၍ အမျိုးသားအမျိုးသမီး စားပွဲတင်တင်းနစ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၆ရက် (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ် (၂၉)ရှိ UMFCCI Office Tower ၌ ကျင်းပမည်ဖြစ်ရာ ကုန်သည်စက်မှုအသင်းချုပ်နှင့်ညီနောင်အသင်းများမှ အမှုဆောင်များ၊ အသင်းဝန်ထမ်းများနှင့် အသင်းဝင်များ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်းနှင့် ဖေဖော်ဝါရီ ၂၆ရက် မွန်းတည့် ၁၂နာရီ နောက်ဆုံးထား၍ ကုန်သည်စက်မှုအသင်းချုပ် ဖုန်း-၂၁၄၃၄၄၊ ၂၁၄၃၄၅၊ ၂၁၄၃၄၆သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မီးကြွင်းမီးကျန် မရှိရန် အစဉ်သတိ၊ အမြဲရှိ

## မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

## မီးဘေးအန္တရာယ် အစဉ်သတိပြု ကာကွယ်

## မြန်မာ့အလင်း အင်တာနက်သတင်း အတိုအထွာ

***အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့သည် ဒေသတွင်းနျူကလီးယားစစ်ပွဲ စွန့်စားရမှုများ လျှော့ချနိုင်ရန် ရည်ရွယ်လျက် သဘောတူညီချက်တစ်ရပ်ကို နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများက လက်မှတ်ရေးထိုးလိုက်ကြောင်း ဖေဖော်ဝါရီ ၂၁ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။***

*ဘိုလီးဗီးယားနိုင်ငံတွင် လနှင့်ချီ၍ မိုးရွာသွန်းခဲ့မှုကြောင့် ရေကြီးမှုဖြစ်ပေါ်ကာ အနည်းဆုံးလူ ၃၅ဦးသေဆုံးပြီး၊ ၁၀ဦး ပျောက်ဆုံးနေကြောင်း၊ လူပေါင်း၃၄၀၀၀၀ ရေဘေးဒုက္ခ ကြုံတွေ့နေရကြောင်း ဖေဖော်ဝါရီ ၂၁ ရက်က အင်တာနက်သတင်းအဖြစ် ဖော်ပြသည်။*

***အမေရိကန်တို့အနေဖြင့် အီရန်နိုင်ငံအား လေကြောင်းမှ ဝင်ရောက်တိုက်ခိုက်ရန်စီစဉ်လျက်ရှိကြောင်း သတင်းများထွက်ပေါ်လာသော်လည်း အီရန်၏ ယူရေနီယံ သန့်စင်မှုကို သံတမန်နည်းလမ်းဖြင့်သာ ဖြေရှင်းမည်ဖြစ်ကြောင်း အမေရိကန်က အခိုင်အမာ ငြင်းဆိုလိုက်သည်ကို ဖေဖော်ဝါရီ ၂၀ ရက်က အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။***

*ဆိုမာလီယာနိုင်ငံသို့ အာဖရိကသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များ ဖြန့်ကြက် ဝင်ရောက်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီက သဘောတူညီလိုက်ကြောင်း ဖေဖော်ဝါရီ ၂၁ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။*

***အီတလီနိုင်ငံ မီလန်မြို့သို့ သွားရောက် အလုပ်လုပ်နေသော ပါကစ္စတန် နိုင်ငံသားတစ်ဦးသည် ပါကစ္စတန်နိုင်ငံရှိ သတို့သမီးထံသို့ ဖုန်းဆက်၍ လက်ထပ်ခြင်း ဆောင်ရွက်ခဲ့သည်ကို အီတလီတရားရုံးက အတည်ပြု ထောက်ခံခဲ့ကြောင်း ဖေဖော်ဝါရီ ၂၀ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။***

(အင်တာနက်)

## MRTV-4

## ရုပ်မြင်သံကြား အစီအစဉ်

**၂၂-၂-၂၀၀၇ (ကြာသပတေးနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo ယနေ့အစီအစဉ် |
| ၇း၀၅ | ယဉ်ကျေးလိမ္မာကလေးအထူးတရားတော် (အရှင်အာစာရာလင်္ကာရ ဆရာတော်) |
| ၈း၂၀ | ပြည်တွင်းအနုပညာရေးရာ |
| ၈း၅၀ | တေးဂီတအစီအစဉ် |
| ၈း၅၅ | လူငယ်များ၏ စွမ်းပကားအနာဂတ်၏အား |
| ၉း၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၀ | ဆံတော်ရှင် မြတ်မော်တင်စွန်းစေတီတော် |
| ၉း၃၅ | တေးဂီတအစီအစဉ် |
| ၉း၄၀ | ဘော်ဘင်ရေလှောင်တမံ |
| ၉း၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၅၅ | သွားမယ်စားမယ် (Happy Cafe & Noodle ) |
| ၁၀း၂၀ | တေးဂီတအစီအစဉ် |
| ၁၀း၂၅ | မြေပြင်ရှုခင်း ဖန်ဆင်းခြင်း (အပိုင်း-၁) |
| ၁၀း၅၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၁း၀၀ | တေးဂီတအစီအစဉ် |
| ၁၁း၀၅ | လောကကိုအလှဆင်မည့်ပန်းများရဲ့ဥယျာဉ် |
| ၁၁း၂၅ | တေးဂီတအစီအစဉ် |
| ၁၁း၃၀ | ယနေ့သိပ္ပံနှင့်နည်းပညာ |
| ၁၁း၄၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၅၅ | လေ့လာမှတ်သားစေရန် ဘောလုံးအားကစားအခြေခံ |
| ၁၂း၁၀ | တေးဂီတအစီအစဉ် |
| ၁၂း၁၅ | သစ်ဆိမ့်ဖူးစာ(သျှားညို၊ ခိုင်နှင်းဝေ) |
| ၁၂း၃၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂း၃၅ | ဆီးချို၊ သွေးချိုရောဂါနှင့်အင်ဆူလင်အသုံးပြုပုံအကြောင်း (အပိုင်း-၁) ဒေါက်တာသန်းသန်းအေး |
| ၁၂း၅၅ | တေးဂီတအစီအစဉ် |
| ၁း၀၀ | MRTV-4 အပိတ်Logo |

**အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

## ပခုက္ကူ၊ ပဲခူးနှင့်စကုမြို့တို့၌ မီးလောင်ကျွမ်းမှုများ ဖြစ်ပွား

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

မကွေးတိုင်း ပခုက္ကူမြို့ အမှတ် ၂ရပ်ကွက် မြို့မဈေးရှိ ဒေါ်ကြည်သိန်း (စိန်ရတနာကုန်စုံဆိုင်)မှ ဖေဖော်ဝါရီ၁၉ရက် နံနက်၅နာရီကျော်ခန့်တွင် မီးစတင်လောင်ကျွမ်းပြီး ဈေးအတွင်းရှိဆိုင်ခန်း ၅၀၈ခန်းကို မီးကူးစက်လောင်ကျွမ်းကာ နံနက် ၁၀နာရီခန့်တွင် မီးငြိမ်းသွားခဲ့သည်။

**ပဲခူး**

ပဲခူးတိုင်း ပဲခူးမြို့ အမှတ် ၂၁ မင်းလမ်း လိပ်ပြာကန်ရပ်ကွက်နေအိမ်၌ ဖေဖော်ဝါရီ၁၉ရက် မွန်းလွဲ၁နာရီခန့်တွင် ဦးအောင်ခင်သည် ဟိုင်းလပ် မော်တော်ယာဉ်မှ ပလတ်စတစ်ပုံးအတွင်း ဓာတ်ဆီထည့်စဉ် မီးလောင်မှုဖြစ်ပွားပြီး ယာဉ်ထိုင်ခုံဆိုဖာနှင့် ယာဉ်ရှေ့ပိုင်းအနည်းငယ် မီးလောင်ကျွမ်းကာ ဦးအောင်ခင်နှင့် ဦးမြစိုး(ခ)ပေါက်စတို့၌ ထိခိုက်ဒဏ်ရာ အနည်းငယ်စီရရှိခဲ့သည်။

**စကုမြို့**

မကွေးတိုင်း စကုမြို့ အမှတ် ၁ ရပ်ကွက် ဈေးရပ်ရှိ ဈေးဆိုင်တစ်ဆိုင်၌ ဖေဖော်ဝါရီ၂၀ရက် ည ၉နာရီခွဲခန့်က လျှပ်စစ်မီးဖို အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားပြီး ဈေးဆိုင်ခန်း နှစ်ခန်းနှင့် ကုန်ပစ္စည်းများ မီးလောင်ကျွမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ယင်းတော်မြို့ ရန်မျိုးအောင်စေတီတော်အား ဌာပနာတော်သွင်းပူဇော် အသင်းအထွေထွေအတွင်းရေးမှူး ဦးဌေးဦး တက်ရောက်ကြည်ညို

နေပြည်တော် ဖေဖော်ဝါရီ ၂၁

**မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ် ယင်းတော်မြို့မကျေးရွာ သန်လျင်တောရ မင်းကျောင်းတိုက် ရန်မျိုးအောင်စေတီတော်အား လုံးပတ်တော်ဖွင့်၍ ဉာဏ်တော်မြှင့် ဘက်စုံပြုပြင်မွမ်းမံမှုပြုလုပ်ရာတွင် သတ္တဌာန ဌာပနာတော်ပူဇော်ပွဲ၊ အထက်ဌာပနာပိတ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၇ နာရီခွဲက သန်လျင်တောရမင်းကျောင်းတိုက် သံဃာကျောင်းဆောင်၌ ကျင်းပသည်။**

## တက်ရောက်ကြည်ညို

အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစံအေးနှင့် ပျော်ဘွယ်မြို့နယ်နှင့် မိတ္ထီလာမြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ၊ အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

## ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ သန်လျင်တောရမင်းကျောင်း ပဓာန နာယက ဆရာတော်အရှင်နိပုဏထံမှ ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များအား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူးနှင့် ဌာနဆိုင်ရာများ၊ အသင်းအမှုဆောင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

## ထည့်သွင်းဌာပနာ

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူးဦးဌေးဦးနှင့်ဇနီး ဒေါ်နီနီဝင်းတို့က ရန်မျိုးအောင်စေတီတော်၌ သတ္တဌာန ဌာပနာတော်မူမည့် ပစ္စည်းများကို ဆရာတော်များအား ဆက်ကပ်ပြီး စေတီတော်ကို လက်ယာရစ်ပူဇော်ကာ မင်္ဂလာအချိန်တွင် ဌာပနာတော်တိုက်အတွင်း ထည့်သွင်းဌာပနာကြသည်။

## ဆွေးနွေးမှာကြား

အခမ်းအနားအပြီးတွင် အထွေထွေအတွင်းရေးမှူးသည် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေး ထုတ်လုပ်မှု တိုးတက်မြင့်မားရေးကိစ္စများ ဆွေးနွေးမှာကြားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

**မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင်တည်ဆောက်မည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာ ရဟန်းတော်များ အဖွဲ့ပိုင်သုံး ထပ် ကျောင်းတော်ကြီး ဆောက်လုပ်ရန် အတွက် ရန်ကုန် ပညာရေး တက္ကသိုလ်တကောင်းဆောင်မှ ဆရာမများနှင့် M.Ed, B.Ed** ကျောင်းသူများ(၂၀၀၆-၂၀၀၇)၊ ဆရာမဒေါ်ခင်တင့်(သလ္လာဝတီလမ်း၊ ၇မိုင်၊ ရန်ကုန်)နှင့် ဦးစံအေး၊ ဒေါ်လှတင်တို့အား ရည်စူးလျက်(သမီး)မကြူးရင်၊ မသန်းရင်၊ မသန်းသန်းဝေ မိသားစု(မော်ကျွန်းမြို့)တို့၏ စုပေါင်းလှူဒါန်းငွေကျပ် ၁၇၅၅၀၀ကို ကျောင်းအမှုဆောင် ဒေါ်ကေသက်မော်ကအလှူငွေလက်ခံပြီး ကျောင်းအကျိုးဆောင် ဆရာတော်ဦးဇောတိက(ပုညသုခ) သရက်တောတိုက်က ဂုဏ်ပြုလွှာပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-ပ)

**အမေရိကန်နိုင်ငံမှ Mr. Richard R.Crutcher, Mrs. Gair Hemphill Crutcher နှင့် အီရတ်နိုင်ငံမှ အလှူရှင် တစ်ဦးတို့က သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက်အမေရိကန်ဒေါ်လာ ၄၁၀ ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့တွဲဖက်အတွင်းရေးမှူး ဦးသိန်းအောင်ထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

# စစ်ကိုင်းမြို့ စာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်များသို့ ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် လှူဖွယ်ပစ္စည်းများ လှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၂၁

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၁၈ရက် နံနက်ပိုင်းက စစ်ကိုင်းတောင်ရိုးရှိ ဇိနော်ဓယစာသင်တိုက်၊ ဇေယျာသိင်္ဂီသီလရှင် စာသင်တိုက်၊ သမိန်ထော သီလရှင်စာသင်တိုက်၊ပါဠိကာရီ စာသင်တိုက်၊ ဇမြို့မော်လမြိုင် သီလရှင် စာသင်တိုက်၊ ခေမေသက္ကသီလရှင် စာသင်တိုက်နှင့် ဂုနီချောင်သီလရှင် စာသင်တိုက်များသို့ သွားရောက်ပြီး ကျောင်းတိုက်များရှိ ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ သီလရှင်ဆရာကြီးများအား လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။**

## ပေးအပ်လှူဒါန်း

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့သည် စစ်ကိုင်းမြို့နယ် ပါယ်ငါးဆယ်ကျေးရွာသို့ ရောက်ရှိပြီး အလယ်တန်းကျောင်းဝင်းအတွင်း၌ ကျင်းပသည့် စစ်ကိုင်းတောင်ရိုးတိုက်နယ်ကျေးရွာများ၏ အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲသို့ တက်ရောက်၍ ဗဟိုအလုပ်အမှုဆောင်သည် ထန်းတောကျေးရွာအုပ်စု၊ မြေတိုင်ကျေးရွာအုပ်စု၊ ဝါးချက်ကျေးရွာအုပ်စုနှင့် အာလောင် ကျေးရွာအုပ်စုတို့မှ စုပေါင်းပေးအပ်သော အသင်းဝင် အဆိုပြုလွှာအစောင် ၁၅၀၀ ကို လက်ခံယူကာ ကျောင်းသုံး ဗလာစာအုပ်များနှင့် အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များတင်ပြကြရာ ဗဟိုအလုပ်အမှုဆောင်က ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းကာ ပါယ်ငါးဆယ်ကျေးရွာ အလယ်တန်းကျောင်းဆောင်၏ အောက်ထပ်နံရံများ ကာရံရန် ဘိလပ်မြေအိတ် ၅၀ ကို လှူဒါန်းသည်။

## ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်သည် မြေတိုင်ကျေးရွာ မူလတန်းကျောင်းနှင့် ချောင်းပေါက်ကျေးရွာ မူလတန်းလွန်ကျောင်းတို့ကို ဝင်ရောက်ကြည့်ရှုစစ်ဆေးပြီး ကျောင်းဆောင်များ ပြုပြင်ဆောက်လုပ်နိုင်ရေးအတွက် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင် ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်သည် စစ်ကိုင်းမြို့နယ် မင်းကွန်းတိုက်နယ် ထုံးဘိုကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ဆရာတော်အား အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ ထုံးဘိုကျေးရွာကျေးလက်ဒေသ ဖွံ့ဖြိုးရေးအခြေစိုက် စခန်းတည်ဆောက်ရေးပန္နက်တင်အခမ်းအနားသို့ တက်ရောက်ကာ ပန္နက်တိုင်ကို ရိုက်ပေးသည်။

## ရှင်းလင်းပြောကြား

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်သည် ထုံးဘိုကျေးရွာ အလယ်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်၍ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ကျေးလက်ဖွံ့ဖြိုးရေးဆောင်ရွက်နေမှုများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

## အဆိုပြုလွှာလက်ခံ

ဆက်လက်၍ ထုံးဘိုကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ စုပေါင်း ပေးအပ်သော အသင်းဝင် အဆိုပြုလွှာ အစောင်၁၅၀၀ကို ဗဟိုအလုပ်အမှုဆောင်က လက်ခံပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေး အခြေစိုက်စခန်းအတွက် ငွေကျပ်တစ်သိန်းနှင့် ၂၁ လက်မ ရောင်စုံရုပ်မြင် သံကြားစက်တစ်လုံး၊ ကျေးရွာအတွက် အားကစားပစ္စည်းများနှင့် အလယ်တန်းကျောင်းခွဲအတွက် ကျောင်းသုံးဗလာ စာအုပ်များကို လည်းကောင်း၊ မန္တလေးမြို့နေ ဦးမောင်မောင်စီ မိသားစုက ကျေးလက်ဖွံ့ဖြိုးရေးအခြေစိုက်စခန်း ဆောက်လုပ်ရန် ငွေကျပ်တစ်သိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်သည် မင်းကွန်းကျေးရွာ ဓမ္မနာဒတိုက်သို့ သွားရောက်ကာ ဆရာတော်တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ **(သတင်းစဉ်)**

# ဆွမ်းဆန်တော် လှူဒါန်းပွဲနှင့် အကြိုအထူးတရားပွဲ

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ပရိယတ္တိသာသနနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီး၏ အကြိမ်(၂၃၀) မြောက် ဆွမ်းဆန်တော်လှူဒါန်းမှု အကြိုတရားပွဲများကို (၁၃၆၈ ခုနှစ် တပေါင်းလဆန်း၁၂ရက်) (ဖေဖော်ဝါရီ၂၇ရက်)မှ (တပေါင်းလဆန်း ၁၄ ရက်) (မတ် ၁ ရက်)အထိ သုံးညတိုင်တိုင် တိပိဋကပါဠိပါရဂူ ရွှေရတုတိပိဋကဓရ တိပိဋကကောဝိဒ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ(မော်ကျွန်းဆရာတော်)၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာအကျော်၊ ဝိနိယပါဠိပါရဂူ၊ အဘိဓမ္မပါဠိပါရဂူ ဘဒ္ဒန္တ ဝါယာမိန္ဒာဘိဝံသ (ရေစကြိုဆရာတော်)၊ အဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက (သ-စ-အ)ပါဠိပါရဂူ မဟာအကျော် ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်)တို့က ကြည့်မြင်တိုင်မြို့နယ် ဆန်လှူအသင်း တိုက်ကြီး၏ ဓမ္မသဘင်မဏ္ဍပ်၌ ညစဉ်တရားတော်များ ဟောကြားမည်ဖြစ်သည်။ တပေါင်းလပြည့် မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံ စေတီတော် ရင်ပြင် အနောက်ဘက်မုခ် ဦးမောင်ကလေး-ဒေါ်ကျုတ်တန်ဆောင်း၌ ဩဝါဒ စရိယ ဆရာတော်ကြီးအား ဆွမ်းဆန်တော်တင်းပေါင်း ၅၀၀၀ ကျော်ကို သံဃာတော်အပါး ၂၂၀၀၀ ကျော်တို့အား လှူဒါန်း၍ အနုမောဒနာ ရေစက်ချ အမျှပေးဝေကြမည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

# ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
# မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

## ကြက်၊ ဘဲ၊ ငှက် သေဆုံးမှုသတင်းများနှင့် အရေးယူဆောင်ရွက်မှု

၁။ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် ပြည်နယ်/တိုင်း အသီးသီးရှိ ဆောင်းရာသီ ကြက်ငှက်တုပ်ကွေးရောဂါ ကျရောက်ဖြစ်ပွားနိုင်ချေရှိသော ဒေသများရှိ ကြက်၊ဘဲများ၏ မွေးမြူထုတ်လုပ်မှုနှင့် ကျန်းမာရေးအခြေအနေ စစ်ဆေးခြင်း၊ ရောဂါနမူနာများရယူ၍ ရောဂါစူးစမ်းရှာဖွေခြင်း၊ ကျန်းမာရေးဦးစီးဌာန၊ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ မြို့နယ်စည်ပင်သာယာ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ပါဝင်သော ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးကော်မတီမှ လတ်ဆတ်ကျန်းမာသော တိရစ္ဆာန်နှင့်အသား၊ ဥတို့သယ်ဆောင်မှုကို စိစစ်ခွင့်ပြုခြင်း၊ ကြက်၊ဘဲနှင့်ကြက်ဥ၊ဘဲဥ ဈေးများ၏ သန့်ရှင်းမှု အညစ်အကြေးများ စွန့်ပစ်မှု စစ်ဆေးခြင်းနှင့် ပြည်သူလူထု အသိပညာပေးလုပ်ငန်းများကို မျက်ခြေမပြတ် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

၂။ ယခုကာလအတွင်း ကြက်၊ ဘဲ၊ ငှက်သေဆုံးမှုသတင်းများရရှိ၍ စစ်ဆေးဆောင်ရွက်လျက်ရှိရာတွင်-

(က) **ကန့်ဘလူမြို့နယ် ဘဲသေဆုံးမှုသတင်း။** ၂၀၀၇ခုနှစ် ဇန်နဝါရီ နောက်ဆုံးအပတ် ကန့်ဘလူမြို့နယ်၌ ဘဲကောင်ရေ လေးထောင်ခန့်သေဆုံးကြောင်း၊ ကောလာဟလ သတင်းဖြစ်ပွား၍ မြို့နယ်ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်ရေးကော်မတီ ကွင်းဆင်းစစ်ဆေးချက်အရ မြို့နယ်အတွင်း တစ်နိုင်၊ တစ်ပိုင်ဘဲ (လေး-ငါး) ကောင်စီခန့်သာ မွေးမြူခြင်း၊ စီးပွားဖြစ် မွေးမြူမှုမရှိခြင်း၊ ကြက်၊ ဘဲသေဆုံးမှုမတွေ့ရှိခြင်းတို့ကြောင့် နိုင်ငံပြင်ပ ရေဒီယိုအသံလွှင့်ဌာနများ၏ ကောလာဟလ သတင်းဖြစ်ကြောင်း။

(ခ) **ပြည်ကြီးတံခွန်မြို့နယ် ကြက်သေဆုံးမှုသတင်း။** ၄-၂-၂၀၀၇ရက်တွင် ပြည်ကြီးတံခွန်မြို့နယ် ထိန်ကုန်းရပ်ကွက်၊ အသားစားကြက်မွေးမြူရေးခြံတစ်ခုတွင် ကြက်သားပေါက်ကောင်ရေ ၈၀၀အနွေးဓာတ်ပေး မွေးမြူရေးကာလအတွင်း ရက်သားကြက်ငယ်အကောင် ၂၀သေဆုံးကြောင်း သတင်းရရှိ၍ ကွင်းဆင်းစစ်ဆေးရာ ကြက်ကလေးများ အနွေးဓာတ် အပြည့်အဝမရရှိ၍ အအေးမိသေဆုံးကြောင်း။

(ဂ) **ပဲခူးမြို့နယ် ကြက်ဆင်သေဆုံးမှုသတင်း။** ၆-၂-၂၀၀၇ရက် ပဲခူးမြို့ရှိ မွေးမြူရေးခြံတစ်ခြံ၌ ဘဲကောင်ရေ ၄၀၊ ကြက်ဆင် ၁၀ ကောင် မွေးမြူထားရာ ကြက်ဆင် ငါးကောင်သေဆုံးသဖြင့် ရန်ကုန်တိရစ္ဆာန်ရောဂါစစ်ဆေးရေး ဓာတ်ခွဲခန်းပေးပို့စစ်ဆေးခဲ့ရာ ကြက်ငှက်တုပ်ကွေးရောဂါပိုး မတွေ့ရှိရပါ။ ကြက်ဝမ်းကျရောဂါဖြင့် သေဆုံးခြင်းကို စစ်ဆေးဖော်ထုတ်ခဲ့ပြီး မွေးမြူရေးခြံရှိ ဘဲနှင့်ကြက်များအား ကြက်ဝမ်းကျရောဂါ ကာကွယ်ဆေး ထိုးနှံပေးခဲ့ကြောင်း။

(ဃ) **ကျောက်ပန်းတောင်းမြို့နယ် ကြက်သေဆုံးမှု ကောလာဟလသတင်း။** ၇-၂-၂၀၀၇ရက် စီးပွားဖြစ် မွေးမြူရေးကြက်ခြံများတွင် ကြက်များသေဆုံးကြောင်း ကောလာဟလသတင်းဖြစ်ပွားသဖြင့် မြို့နယ်ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်ရေးကော်မတီက မွေးမြူရေးခြံ ၄၀ရှိ ကြက်ကောင်ရေနှစ်သောင်းကျော်အား စစ်ဆေးရာ ကြက်များသေဆုံးမှုမရှိဘဲ ကျန်းမာလျက်ရှိကြောင်း။

(င) **အမရပူရမြို့နယ် ကြက်သေဆုံးမှုသတင်း။** ၉-၂-၂၀၀၇ရက်တွင် အမရပူရမြို့နယ် ရှားတောကျေးရွာမှ မွေးမြူရေးကြက်ခြံတစ်ခြံတွင် ကြက်သားပေါက် နှစ်ကောင်သေဆုံးမှုကို မန္တလေး တိရစ္ဆာန်ရောဂါစစ်ဆေးရေးဓာတ်ခွဲခန်း၏ စစ်ဆေးချက်အရ ကြက်ဆီဖူးရောင်ရောဂါဖြစ်ကြောင်း။

(စ) **ကလေးမြို့နယ် စာကလေးသေဆုံးမှုသတင်း။** ၁၁-၂-၂၀၀၇ရက် တောင်သာကျေးရွာ လူငယ်သင်တန်းကျောင်းအနီး ရေစင်တွင် စာကလေးခြောက်ကောင် သေဆုံးမှုရှိ၍ မန္တလေး တိရစ္ဆာန်ရောဂါ စစ်ဆေးရေးဓာတ်ခွဲခန်း၏ စစ်ဆေးချက်အရ ကြက်ငှက်တုပ်ကွေးရောဂါ ဗိုင်းရပ်စ်ပိုး မတွေ့ရှိရကြောင်း။

(ဆ) **ကျီးကန်းသေဆုံးမှုသတင်း။** ၁၄-၂-၂၀၀၇ရက်မှ ၁၉-၂-၂၀၀၇ရက်အတွင်း သန်လျင်မြို့နယ်၊ ရပ်ကွက်လေးခုတွင် ကျီးကန်းနှစ်ကောင်မြေကျသေဆုံးပြီး ကျီးအရှင် ၁၁ကောင် မြေကျမှု ရှိခဲ့ကြောင်း၊ အင်းစိန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းမှ စစ်ဆေးချက်အရ ကြက်ငှက်တုပ်ကွေး ရောဂါဗိုင်းရပ်စ်ပိုး မတွေ့ရှိရကြောင်း၊ အခြားရောဂါ ရှာဖွေစစ်ဆေးရန်အတွက် ဓာတ်ခွဲခန်း စစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ သတင်းရရှိသည်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

# ဧရာဝတီတိုင်းမှ ပုသိမ်ထီးလုပ်ငန်း

# ရိုးရာယဉ်ကျေးမှုထိန်းသိမ်း အလှတွင် အယဉ်ဆင့် ပြည်ပဈေးကွက်ဝင် ပစ္စည်းအဖြစ် မြန်မာ့ဂုဏ်ဆောင်

သတင်းမိတ်ဆက်
သန်းသန်းနုနှင့် တင်မာဝင်း
ဓာတ်ပုံမှတ်တမ်း–တင်စိုး
(မြန်မာ့အလင်း)

ပုသိမ် ဖေဖော်ဝါရီ ၂၁

**မိမိတို့နိုင်ငံအတွင်း၊ ဒေသအတွင်း လက်မှုပညာလုပ်ငန်း အစဉ်အလာသည် ရှေးယခင်ကတည်းကရှိခဲ့ရာ ပုသိမ်မြို့ဟုဆိုလိုက်သည်နှင့် ပုသိမ်ထီးမှာ ရိုးရာ အမွေအနှစ်အဖြစ် ထင်ရှားပေါ်လွင်နေပေသည်။ ပုသိမ်မြို့မှ ရိုးရာဒေသထွက်ကုန်ဖြစ်သည့် ရွှေစာပုသိမ်ထီးလုပ်ငန်းသို့ ဖေဖော်ဝါရီ ၂၀ရက် နံနက်က မြန်မာ့အလင်းသတင်းအဖွဲ့ သွားရောက်လေ့လာခဲ့ကြပါသည်။**

## ရွှေစာပုသိမ်ထီး

ရွှေစာပုသိမ်ထီးလုပ်ငန်းပိုင်ရှင် ဦးစောမှာ အသက် ၇၆နှစ် ရှိပြီဖြစ်၍ သားဖြစ်သူ ဦးအောင်နိုင်က ဆက်လက်လုပ်ကိုင်လျက်ရှိသည်။ ဦးအောင်နိုင်က ပုသိမ်ထီးလုပ်ကိုင်ပုံ အဆင့်ဆင့်ကို ရှင်းလင်းပြောကြားရာမှာ ထီးလုပ်ငန်း၏ အဓိကကုန်ကြမ်းသည် ဝါး၊ ပိတ်၊ သစ်၊ ချည်ဖြစ်ကြောင်း ရှင်းပြပါသည်။

**"မိရိုးဖလာ လုပ်ငန်း အဖြစ် အသက် ၁၂နှစ် သား အရွယ်က လုပ် ကိုင် ခဲ့ တာ ပါ"**

ဦးစော
ရွှေစာထီးလုပ်ငန်း
ထုတ်လုပ်သူ
ဓာတ်ပုံ–တင်စိုး
(မြန်မာ့အလင်း)

ထီးတစ်လက်၏ လိုအပ်ချက်မှာ ထီးခေါင်၊ ထီးမ၊ ဝါးရိုး၊ ထီးလက်၊ ခရိုင်၊ ဘူးဆက်(ထီးလက်ကိုင်)တို့ဖြစ်သည်။

## အဓိကထား

ဝါးမှာ ထီးရိုးဝါး၊ သရဖူဝါး၊ ခရင်ဝါးဟူ၍ရှိရာ သရဖူဝါးကိုသာ အဓိက ထားပြီး သုံးပါသည်။ သရဖူဝါးကိုသုံးရခြင်းမှာ သရဖူဝါး၏အစွမ်းမှာ ပိုးမစားခြင်း၊ အပူ အအေးဒဏ် ခံနိုင်ခြင်းတို့ကြောင့် ဖြစ်ပါသည်။ သစ်ကိုသုံးရာတွင် မအူ၊ ပိတောက်၊ သရက်နှင့် ဒီးဒူတို့ဖြစ်ပြီး ထီး၏ခေါင်တွင် သုံးခြင်းဖြစ်ပါသည်။

ဝါးကို မိုးတွင်းကာလတွင် ခုတ်ရပြီး မိမိလိုချင်သော အရွယ်အစားအတိုင်း ရေကန် သို့မဟုတ် မြစ်ထဲတွင် ရေစိမ်ထားရပါသည်။

## ခိုင်ခံ့

ရေစိမ်ရာတွင် ရွှံ့နှင့်ရောပြီး စိမ်ရပါသည်။ ရွှံ့နှင့်ရောစိမ်ရခြင်းမှာလည်း ဝါးကို ပိုပြီးခိုင်ခံ့ရန် ဖြစ်ပါသည်။ လေးလ၊ ငါးလခန့်စိမ်ပြီး သီတင်းကျွတ်နှင့်တန်ဆောင်မုန်းတွင် ပြန်ပြီး နေလှန်းရပါသည်။ ပြီးလျှင် ထီးလက်လုပ်ပါသည်။ ၎င်းထီးလက်ကို တစ်လခွဲခန့် နေပြန်ပြီး လှန်းရပါသည်။ လေဒဏ်၊ မိုးဒဏ်ခံနိုင်သည့် တယ်သီးကိုရေညှစ်ပြီး ကျို၍ အရည်ကို ထီးအရွက်တွင်

### ပုဂံခေတ် ပန်းရေးဟန်

**ပုဂံခေတ် ပန်းရေးဟန်ကလည်း လှပလွန်းသည်။**

ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

သုတ်ရပါသည်။ ထီးအရွက်ကိုသုံးရာမှာ စက်မှု(၁)မှထုတ်သော ပိတ်နှင့် မန္တလေး တိုင်းမှရရှိသော ပိတ်သားများကိုသာ သုံးရပါသည်။ လက်ကိုင်ကွင်းကို ကြိမ်ဖြင့် ပြုလုပ်ပါသည်။

## ပြည်ပဈေးကွက်

ဒေသထွက်ကုန်ဖြစ်သော ပုသိမ်ထီးမှာ ပြည်ပဈေးကွက်သို့ ထိုးဖောက် ဝင်ရောက်နိုင်ပြီး ဂျာမနီ၊ ပြင်သစ်၊ အီတလီ၊ ဩစတြေးယားတို့မှ ဝယ်လိုအား များလာ၍ တင်ပို့ရောင်းချနိုင်ကြောင်း သိရသည်။ ဤလုပ်ငန်းကို ပိုင်ရှင် ဦးစောသည် အသက်၁၂နှစ်သားမှစပြီး ဆောင်ရွက်လာခဲ့သည်မှာ ယနေ့ ပြည်ပ ဈေးကွက် ဝင်ရောက်နိုင်သည်အထိဖြစ်ကြောင်း ရှင်းပြပါသည်။

## ထီးရွာလေး

ရွှေစာထီးလုပ်ငန်းအနေဖြင့် ၂၀၀၈ခုနှစ်တွင် ထီးရွာလေးတစ်ခုအဖြစ် ပြုလုပ်ရန် အစီအစဉ်ရှိပြီး ဤလုပ်ငန်းအောင်မြင်ပါက ဧရာဝတီတိုင်း ပုသိမ် မြို့၏ မိရိုးဖလာလုပ်ငန်းသည် ပိုမိုရှင်သန် ဖွံ့ဖြိုးလာမည် ဖြစ်ပေသည်။



### လှပမှုပေါ်လွင်

**ပန်းထိုးပညာကလည်း ထီး၏ လှပမှုကို ပေါ်လွင်စေသည်။**

ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

### မန္တလေးခေတ် ပန်းရေးဟန်

**မန္တလေးခေတ်၏ ပန်းရေးဟန်ကို ဤသို့တွေ့ရသည်။**

ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

ဤလုပ်ငန်းသည် နိုင်ငံခြားသားများအနေဖြင့် စိတ်ဝင်စားပြီး နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိမည်ဖြစ်ကြောင်း သိရပါသည်။ ဤကဲ့သို့ ထီးရွာကို ထိုင်းနိုင်ငံ ချင်းမိုင်တွင်လည်းရှိကြောင်း၊ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ၏ ထီးလုပ်ငန်းတွင် မြန်မာနိုင်ငံမှထီးလုပ်ငန်းကို ပိုမိုစိတ်ဝင်စားကြောင်း ထိုင်းနိုင်ငံ ရုပ်မြင်သံကြား ပြည်ပခရီးသွား ဧည့်သည်များ၏ တွေ့ဆုံ ဆွေးနွေးခန်းတွင် ဖော်ပြပါကြောင်းကို ဆိုင်ရှင်ဦးအောင်နိုင်က မြန်မာ့အလင်းအဖွဲ့ကို ရှင်းလင်း ပြောကြားပါသည်။

## တွင်ကျယ်စွာရောင်းဝယ်

ပြည်တွင်းဈေးကွက်အနေဖြင့် ချောင်းသာ၊ ငွေဆောင်၊ ငပလီတို့တွင် တွင်ကျယ်စွာ ရောင်းဝယ်နေကြောင်း သိရသည်။

# ကျေးရွာတစ်ရွာ၊ ကုန်ထုတ်လုပ်ငန်းတစ်ခု၊ နိုင်ငံအကျိုးပြု

### မြန်မာ့ပုသိမ်ထီးလေးများ

**လှပသော မြန်မာ့ပုသိမ်ထီးလေးများက ဤသို့အစီအရီ။**

ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

### ရောင်စုံထီးကြီးများ

**ရွှေစာထီးလုပ်ငန်းရုံနှင့် လှပသော ရောင်စုံထီးကြီး များကလည်း ကမ္ဘာလှည့်ခရီး သည်များ စိတ်ဝင်စားစရာ။**

ဓာတ်ပုံ–
တင်စိုး(မြန်မာ့အလင်း)

## ပြည်ပဈေးကွက် ထိုးဖောက်

မြန်မာနိုင်ငံ ဧရာဝတီတိုင်း ပုသိမ်မြို့၏ ဒေသထွက်ကုန် ရိုးရာ ပုသိမ်ထီးလုပ်ငန်းသည် ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်ကိုပါ ထိုးဖောက်ဝင်ရောက်နိုင်နေပြီကို မြင်တွေ့ရပြီး ရိုးရာပစ္စည်းဖြစ်သည့် ရွှေစာ ပုသိမ်ထီးလုပ်ငန်းကို အရှည်တည်တံ့ တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဆိုင်ရှင်ဦးအောင်နိုင်က ပြောကြားသွားသည်ကို တွေ့ဆုံမေးမြန်း သတင်းမိတ်ဆက်အဖြစ် ဖော်ပြလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**

# မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံအသီးသီးသည် နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်လျက်ရှိ ပြည်ပအလုပ်အကိုင်အခွင့်အလမ်းရယူလိုသူများအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ နည်းလမ်းတကျ စီမံဆောင်ရွက်ပေးနေ

❐ *ကျော့ဖုံးမှ*

ထိုင်းစက်ရုံပိုင်ရှင်အချို့ကလည်း အလုပ်သမားကတ်မရှိသူများကို လုပ်အားခနည်းပါးစွာဖြင့်လည်းကောင်း၊ လုပ်အားခမပေးဘဲ ခေါင်းပုံဖြတ်၍လည်းကောင်း ထိန်းချုပ်ခိုင်းစေနိုင်ရန်အတွက် အမြတ်ထုတ်လုပ်ဆောင်နေကြောင်း၊ တရားမဝင် သွားရောက်လုပ်ကိုင်နေသူ အများစုမှာ အလုပ်သမားကတ်ရရှိရန် အလွန်ခက်ခဲကြောင်း သိရှိရသည်။

ဖော်ပြပါသတင်းများအရ ၂၀၀၆ ခုနှစ် စက်တင်ဘာလ ၁၄ ရက်တွင် ထိုင်းနိုင်ငံ စမတ်စခုန် (Samutsakhon) ခရိုင် မဟာချိုင်မြို့ ရာညပအူးရေလုပ်ငန်းစက်ရုံအား ထိုင်းနိုင်ငံ Human Trafficking Multi -disciplinary အဖွဲ့ (Foundation for Child Development-FCD, Polices of Immigration Detection Center-IDC, The Center for the Protection Children's Rights Foundation-CPCR)က ရှောင်တခင်ဝင်ရောက်စီးနင်းစစ်ဆေးခဲ့ရာ မြန်မာအလုပ်သမား ၁၀၈၈ဦး တွေ့ရှိခဲ့သည့်အနက် အလုပ်သမား ၆၆ ဦး(ကျား သုံးဦးနှင့် မ ၆၃ ဦး)သည် မတရားညှဉ်းပန်း နှိပ်စက်ခံရပြီး လုပ်အားခမရရှိဘဲ ခေါင်းပုံဖြတ် လူကုန်ကူးခံရသူများဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ကယ်တင်ပြီး ထိုင်းနိုင်ငံ လူမှုဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနလက်အောက်ရှိ Bann Kredtrakarn အမျိုးသမီး ဂေဟာနှင့် Pakkret Home for Boys အမျိုးသားဂေဟာသို့ ပို့ဆောင် စောင့်ရှောက်ထားခဲ့ကြောင်း သိရသည်။

ထို့အပြင် မြန်မာအလုပ်သမား ၁၃၀ သည်လည်း လုပ်အားခေါင်းပုံဖြတ်ခံရသဖြင့် လူကုန်ကူးခံရသူများအဖြစ် သတ်မှတ်နိုင်သော်လည်း ထိုင်းနိုင်ငံတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေမပြဋ္ဌာန်းရသေးခြင်းကြောင့် လက်ရှိကျင့်သုံးနေသော Children and Women Protection Act of Thailand ဥပဒေအရ အကာအကွယ်မပေးနိုင်သဖြင့် ၎င်းမြန်မာအလုပ်သမား ၁၃၀ကို ထိုင်းလူဝင်မှုကြီးကြပ်ရေးစခန်း (IDC)သို့ ပို့ဆောင်စစ်ဆေးပြီး စက်တင်ဘာလ နောက်ဆုံးပတ်တွင် မဲဆောက်မှတစ်ဆင့် နှင်ထုတ်ခဲ့ကြောင်း သိရှိရသည်။

ယင်းဖြစ်စဉ်ကို World Vision Thailand (WVT) မှ World Vision Myanmar (WVM) သို့ ဆက်သွယ်သတင်းပေးပို့ချက်အရ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် World Vision Myanmar (WVM)တို့မှ ထိုင်းနိုင်ငံသို့သွားရောက်လေ့လာစုံစမ်းပြီး ရရှိသောသတင်းအချက်အလက်များအရ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလ ၂၂ရက်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့က ထိုင်းရဲတပ်ဖွဲ့၊ Children, Juvenile and Women Division (CWD)နှင့် ထိုင်းလူကုန်ကူးမှုအထူးရဲအဖွဲ့တို့နှင့်ဆက်သွယ်ပြီး သတင်းဆက်များ စုံစမ်းရယူခဲ့သည်။

ဆက်လက်၍ အာရှဒေသ လူကုန်ကူးမှုတိုက်ဖျက်ရေးစီမံကိန်း(ARTIP)၏ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဖြင့် မြန်မာ–ထိုင်းနှစ်နိုင်ငံ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့အချင်းချင်း ပူးတွဲစုံစမ်းစစ်ဆေးမှုပြုနိုင်ရန် ပေါင်းစပ်ညှိနှိုင်းပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတာဝန်ထမ်းဆောင်နေသည့် ရဲအရာရှိလေးဦးအဖွဲ့အား ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၂၁ မှ ၂၄ ရက်အထိ ထိုင်းနိုင်ငံ မှုခင်းဖြစ်ပွားရာဒေသသို့ သွားရောက်စစ်ဆေးရန် တာဝန်ပေးအပ်ခဲ့သည်။

၎င်းအဖွဲ့က လူကုန်ကူးခံရသူ မြန်မာအလုပ်သမားများကို တွေ့ဆုံမေးမြန်းပြီး ဖြစ်စဉ်ကို အသေးစိတ်လေ့လာခဲ့ရာ–

- ထိုင်းနိုင်ငံ Human Trafficking Multi-disciplinary အဖွဲ့က ကယ်တင်စောင့်ရှောက်ထားသည့် မြန်မာအလုပ်သမား ၆၆ဦးတို့သည် မှုခင်းဖြစ်ပွားရာ စက်ရုံတွင် ခြောက်လမှ ခုနစ်နှစ်အထိ လုပ်အားခမရရှိဘဲ အမျိုးမျိုးသော လူမဆန်သည့် ညှဉ်းပန်းနှိပ်စက်မှုများ၊ ပြင်ပနှင့် မည်သည့်ဆက်သွယ်မှုမျှမရစေရန် ရေလှောင်ကန်များ၊ မြေအောက်ခန်းများ၊ မျက်နှာကြက်များ၊ အကန့်ဖြင့်ကာရံထားသော နေရာများတွင် ပိတ်လှောင်ထိန်းချုပ်ဖုံးကွယ်မှုများ ခံခဲ့ရကြောင်း။
- ၎င်းတို့အားလုံးသည် နေ့စဉ်အလုပ်ချိန် ၁၈ နာရီ (နားချိန်မရှိ)၊ နားရက်မရှိ ပင်ပန်းဆင်းရဲစွာ လုပ်ကိုင်နေရသော်လည်း ကယ်တင်ခြင်းခံရချိန်အထိ လုပ်အားခ လုံးဝမရရှိကြောင်း။
- ထိုင်းလူမျိုး စက်ရုံပိုင်ရှင်သည် မြန်မာနိုင်ငံမှ အလုပ်သမားရှာပေးသော ပွဲစားများနှင့် တိုက်ရိုက်ဆက်သွယ်၍ အလုပ်သမားတစ်ဦးလျှင် ဘတ် ၁၃၀၀၀ မှ ၁၈၀၀၀ အထိပေးဝယ်ပြီး မြန်မာအလုပ်သမားများကို အမျိုးမျိုး ညှဉ်းပန်းနှိပ်စက်ခြောက်လှန့် ထိန်းချုပ်၍ မတရားလုပ်အားခေါင်းပုံဖြတ် လူကုန်ကူးနေသူဖြစ်ကြောင်းများကို ဖော်ထုတ်တွေ့ရှိရသည်။

ဆက်လက်၍ ပြည်တွင်းမှ အလုပ်သမားစုဆောင်းပို့ဆောင်သူ ၁၂ဦးကို ဖော်ထုတ်စစ်ဆေးခဲ့ရာ အဆိုပါ ခေါင်းပုံဖြတ် လူကုန်ကူးမှုကျူးလွန်သူများသည် မော်လမြိုင်နှင့်အနီးဝန်းကျင်တွင် ချမ်းသာကြွယ်ဝစွာ ပိုင်ဆိုင်မှုများစွာဖြင့် နေထိုင်နေကြသူများဖြစ်ကြောင်း၊ ၎င်းတို့သည် မှုခင်းဖြစ်ပွားသည့် စက်ရုံတွင် မြန်မာအလုပ်သမားများအား အမျိုးမျိုးသော ညှဉ်းပန်းနှိပ်စက်မှုများနှင့် မတန်တဆခိုင်းစေပြီး လုပ်အားခ မပေးခြင်းကို ကိုယ်တိုင်တွေ့မြင်သိရှိပါလျက် မိမိနိုင်ငံသားများကို အယုံသွင်းလှည့်စားကာရက်ရက်စက်စက်ရောင်းစားခဲ့သူ လူကုန်ကူးသူများဖြစ်ကြောင်း၊ ထို့အပြင် ၎င်းတို့၏ ဆွေမျိုးသားချင်းကိုပင် အဆိုပါစက်ရုံတွင် ကြီးကြပ်သူအဖြစ်ခန့်ထားစေပြီး စက်ရုံပိုင်ရှင် ထိုင်းလူမျိုး၊ လက်နက်ကိုင် လူယုံလူမိုက် ထိုင်းအစောင့် ရှစ်ဦးတို့နှင့်ပူးပေါင်းကာ မြန်မာအလုပ်သမားများအား မတရားထိန်းချုပ် နှိပ်စက်နိုင်ရန် အားပေးကူညီသည့် ပြစ်မှုများကျူးလွန်နေကြကြောင်း စစ်ဆေးတွေ့ရှိရသည်။

အဆိုပါ လူကုန်ကူးမှုကျူးလွန်သူ တရားခံသုံးဦးကို ဖမ်းဆီးရမိပြီး ၎င်းတို့လူကုန်ကူးရာမှရရှိသည့်ငွေများဖြင့် ဝယ်ယူထားကြောင်း သံသယရှိသည့် မော်တော်ယာဉ်နှစ်စီးနှင့် မော်လမြိုင်မြို့ပေါ်ရှိ အခိုင်အမာ အိမ်လေးလုံးတို့ကို သက်ဆိုင်ရာက ဥပဒေနှင့်အညီ ထိန်းချုပ်ထားပြီးဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ အဆိုပါ လူကုန်ကူးမှုခံထားရသူ မိမိနိုင်ငံသား အလုပ်သမားများအား ကာကွယ်စောင့်ရှောက်နိုင်ရေးနှင့် ဥပဒေနှင့်အညီ တရားမျှတမှုများ ရရှိခံစားနိုင်ရေးအတွက်–

- အမျိုးသမီး အလုပ်သမ ၆၃ ဦးအနက်မှ ကိုယ်ဝန်ဆောင်အမျိုးသမီးနှစ်ဦးကို ဆောလျင်စွာ လွှဲပြောင်းပေးရေး၊
- ထိုင်းရဲတပ်ဖွဲ့က အမှုကို မြန်ဆန်စွာစစ်ဆေးတည်ဆောက်ပြီး Labour Courtနှင့် Criminal Courtတို့ကလည်း မှန်ကန်မြန်ဆန်စွာ စစ်ဆေးပေးရေး၊ ပြီးစီးပါက မြန်မာအလုပ်သမားများကို တရားဝင်လွှဲပြောင်းပေးရေး၊
- အမှုစစ်ဆေးစဉ်ကာလအတွင်း မြန်မာအလုပ်သမားများအား မြန်မာနိုင်ငံရှိ မိဘဆွေမျိုးများနှင့် ဖုန်း/စာ ဆက်သွယ်မှုရရှိအောင် ဆောင်ရွက်ပေးရေး၊
- မိမိအလုပ်သမားများ ဆုံးရှုံးခဲ့သည့် လုပ်အားခများ ပြန်လည်ရရှိရေး၊ နစ်နာမှုလျော်ကြေးရရှိစေရေးနှင့် ပြစ်မှုကျူးလွန်သူ ထိုင်းနိုင်ငံသားများကို ထိရောက်သောပြစ်ဒဏ်ချမှတ်ရေးတို့အတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိကြောင်း သတင်းရရှိသည်။

**မြေအောက်ခန်း စစ်ဆေး**

**ထိုင်းနိုင်ငံ Human Trafficking Multi-disciplinary အဖွဲ့ဝင်များ မဟာချိုင်မြို့ ရေလုပ်ငန်းစက်ရုံရှိ မြန်မာအလုပ်သမားများအား သိုဝှက်ထားသည့် မြေအောက်ခန်းကို စစ်ဆေးကြစဉ်။**
(သတင်းစဉ်)

**ကယ်တင်**

**ထိုင်းနိုင်ငံ Human Trafficking Multi-disciplinary အဖွဲ့ဝင်များ မဟာချိုင်မြို့ ရေလုပ်ငန်းစက်ရုံရှိ မျက်နှာကြက်ပေါ်တွင် သိုဝှက်ထားသည့် မြန်မာအလုပ်သမားများအား ကယ်တင်ကြစဉ်။**
(သတင်းစဉ်)

ထို့အတူ လူကုန်ကူးခံရသူ မြန်မာအလုပ်သမားများအား ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် သံအရာရှိများကလည်း မကြာခဏ သွားရောက်တွေ့ဆုံပြီး လိုအပ်သည်များ ဖြည့်ဆည်းကူညီအားပေးလျက်ရှိသကဲ့သို့ ပြည်တွင်း၌လည်း သက်ဆိုင်ရာတာဝန်ရှိသူများက လူကုန်ကူးခံရသူများ၏ မိဘဆွေမျိုးများထံ သွားရောက်တွေ့ဆုံ၍ လူကုန်ကူးခံရသူများ ရေးသားပေးပို့လိုက်သည့် ကိုယ်ရေးစာများ ပေးအပ်ခြင်း၊ နှစ်သိမ့်အားပေးခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**ယင်းကဲ့သို့ လူကုန်ကူးခံရမှုဖြစ်စဉ်များ ထပ်မံမပေါ်ပေါက်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် အခြားလူမှုရေး အသင်းအဖွဲ့များက နယ်စပ်နှင့် ကျေးလက်ဒေသများအထိ ကွင်းဆင်းလှည့်လည်ပြီး လူမှောင်ခိုလူကုန်ကူးမှု မခံရရေးအတွက်လည်းကောင်း၊ ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းနေမှုအခြေအနေများကိုလည်းကောင်း ပညာပေးဆွေးနွေးဟောပြော အသိပေးလျက်ရှိကြောင်းနှင့် ပြည်ပသို့ သွားရောက်လုပ်ကိုင်လိုပါကလည်း ပြဋ္ဌာန်းသတ်မှတ်ဆောင်ရွက်ပေးထားသည့် တရားဝင်လုပ်ထုံးလုပ်နည်းများအတိုင်း နည်းလမ်းတကျ စနစ်တကျ လုပ်ဆောင်သင့်ပုံများကို ရှင်းလင်းဆွေးနွေး တိုက်တွန်းနှိုးဆော်လျက်ရှိကြောင်း သတင်းရရှိသည်။**
(သတင်းစဉ်)



**မဟာချိုင်မြို့ ရေလုပ်ငန်းစက်ရုံရှိ မြန်မာအလုပ်သမားများအား သိုဝှက်ထားသည့် ရေလှောင်ကန်နေရာကို တွေ့ရစဉ်။**
(သတင်းစဉ်)

**ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများရရှိရေးအတွက် မြန်မာနိုင်ငံ၌ ပြည်ပအလုပ်အကိုင် အကျိုးဆောင်အေဂျင်စီ ၇၀ကို အကျိုးဆောင် လိုင်စင်များချထားပေးပြီး နိုင်ငံပေါင်း ၁၄ နိုင်ငံနှင့် ဆက်သွယ်ကာ အလုပ်အကိုင်ပေါင်း ၃၀၀၀၀ ကျော် ရှာဖွေပေးခဲ့။**

**အိမ်နီးချင်း ထိုင်းနိုင်ငံသို့ ယခင်က တရားမဝင်သွားရောက် အလုပ်လုပ်ကိုင်နေသူများအတွက်လည်း တရားဝင်ဖြစ်အောင် ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးလုပ်ငန်းကို ၆–၁၁–၂၀၀၆ရက်နေ့မှ စတင်ဆောင်ရွက်ပေးလျက်ရှိ။**

# သန့်ရှင်းသော သောက်သုံးရေ

ဒေါက်တာဒေါ်မြသန်း
(တက္ကသိုလ်ဆေးရုံ)

၅–၉–၂၀၀၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေ ရရှိရေး (၁၂)ကြိမ်မြောက်အတွက် အလှူငွေများ လှူဒါန်းသော သတင်းကိုဖတ်ရင်း ပီတိသောမနသစိတ်ဖြင့် သာဓုခေါ်မိပါသည်။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် မြန်မာနိုင်ငံအား ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံဖြစ်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်နေပါသည်။ ထိုနည်းတူ နယ်စပ်ဒေသတိုင်းရင်းသားများအားလုံးအတွက် ဖွံ့ဖြိုးတိုးတက်စေရန် ၁၉၈၉ ခုနှစ်မှစတင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အထင်အရှား မြင်တွေ့နေရပေသည်။

ရုပ်မြင်သံကြားနှင့် သတင်းစာများတွင် မြန်မာပြည်အနှံ့ ကျေးလက်မကျန် ဖွံ့ဖြိုးတိုးတက်နေပုံများကို နေ့စဉ်အထင်အရှားတွေ့ရှိနေရပါသည်။ သို့သော်လည်း ယနေ့ ကမ္ဘာကြီးတွင်မူ ကမ္ဘာကြီးပူနွေး၍ ဖန်လုံအိမ်ထဲရောက်နေမှု၊ ရာသီဥတုဖောက်ပြန်ပြီး မိုးများမှု၊ ရေကြီးမှု၊ ဆူနာမီ၊ ဟာရီကိန်း၊ဆိုက်ကလုန်း၊တိုနေးဒိုးမုန်တိုင်းတိုက်ခတ်မှု၊ တောမီးလောင်မှု၊ မီးတောင်ပေါက်ကွဲမှု၊ အပူလှိုင်းကျရောက်မှု၊ ငလျင်ပြင်းစွာလှုပ်မှုတို့ကြောင့် ထိခိုက်သေကျေပျက်စီးမှုတို့ကို အမျိုးမျိုး တွေ့မြင်ကြားသိနေရသည်။ ထို့အတူ ကားမှောက်၊ ဗုံးပေါက်၊ အကြမ်းဖက်တိုက်ခိုက်ခြင်း၊ လေယာဉ်ပျက်၊ မီးရထားမှောက်ခြင်း၊ ကပ်ရောဂါ၊ ဆား (SARS)၊ ကြက်ငှက်တုပ်ကွေး($H_5N_1$) စသည့် ကပ်ရောဂါများကြောင့် သေကျေပျက်စီးခြင်း သတင်းများကိုလည်း ဖတ်ရှုနေရပေသည်။

မြန်မာနိုင်ငံသည် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးနှင့် သဘာဝက ပေးထားသော ရေ၊ မြေ၊ တောတောင်၊ ရာသီဥတု၊ တည်နေရာ အနေအထားတို့ကြောင့် အခြားတိုင်းပြည်များထက် ကံကောင်းသည်ဟု ဆိုရပေမည်။ အခြားသော နိုင်ငံများတွင် ရေကြီး၊ မိုးခေါင်ခြင်းများကို မြင်တွေ့နေရသည်။ မြန်မာနိုင်ငံတွင် နိုင်ငံ့အကြီးအကဲများ၏ အမြော်အမြင်ကြီးမားမှုကြောင့် ဆည်များ၊ ရေလှောင်တမံ၊ မြစ်ရေတင်စီမံကိန်းနှင့် ရေကောင်းရေသန့်အတွက် စက်ရေတွင်းများကို ကျေးလက်ဒေသများပါမကျန် ဆောင်ရွက်ပေးနေသည်။ ဒေသစိမ်းလန်းစိုပြည်ပြီး သောက်ရေသောက်သုံးရေ လုံလောက်စွာရရှိနေပါပြီ။ နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း(၅)ရပ် ချမှတ်၍ ဆောင်ရွက်နေရာ သန့်ရှင်းသောသောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးအတွက် ပြည်နယ်နှင့်တိုင်း (၁၄)ခု၊ ကျေးရွာပေါင်း ၂၃၂၂၅အနက် ၁၆၂၆၆တွင် သန့်ရှင်းသော သောက်သုံးရေ ရရှိနေကြပါပြီ။

ရေ၏အသက် တစ်မနက်၊ ထမင်းအသက် ခုနစ်ရက်ဆိုသည့် အတိုင်း ရေသည် လူသားတို့ အသက်ရှင်နိုင်ရေးနှင့် ကျန်းမာရေးအတွက် ဆေးတစ်ခွက် ဖြစ်ပါသည်။ ရေသည် လူသားသတ္တဝါများအတွက် သောက်သုံးရေ၊ ဝမ်းစာအတွက် စိုက်ပျိုးရေ၊ စက်ရုံအလုပ်ရုံအတွက် သုံးရေအပြင် တစ်ကိုယ်ရေသန့်ရှင်းရေး၊ အစားအစာသန့်ရှင်းရေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေး၊ သန့်ရှင်းသော ယင်လုံအိမ်သာ၊ အေးမြသော အရိပ်အာဝါသနှင့် မီးဘေးအန္တရာယ်ကာကွယ်ရေးတို့အတွက် မရှိမဖြစ် အဓိကဖြစ်ပေသည်။

ယခင်က မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှား ရပ်ဝန်းဒေသများတွင် ရေရှားပါးသည့် ဒုက္ခကြောင့် "ရွှေကိုမလို ရေသာလိုသည်"ဟူ၍ တောင့်တခဲ့ကြသည်။ **ယခုအခါ တစ်နိုင်ငံလုံး စိမ်းရောင်စိုသော လယ်ကွင်း၊ သီးနှံစိုက်ခင်း၊ အေးမြသောအရိပ်အာဝါသနှင့် ရောင်စုံဖူးပွင့်သော ပန်းမာလာတို့ ဖူးပွင့်ဝေဆာနေသော ပြည်မြန်မာ ဖြစ်နေပါပြီ။ စက်ရေတွင်းများ၊ ရေလှောင်တမံ၊ ဆည်မြောင်း၊ မြစ်ရေတင်စီမံကိန်းများဖြင့် ကျေးရွာအရောက် သန့်ရှင်းသောရေများ ရောက်ရှိပြီဖြစ်ပါသည်။ ခရီးသွား ပြည်သူများနှင့် ကမ္ဘာလှည့်ခရီးသွားအတွက်လည်း စိတ်ကြည်နူးစေသော မြင်ကွင်းများ ဖြစ်စေပါသည်။**

ရေ၏အကျိုးပြုမှုကြောင့် ကူးစက်ရောဂါဖြစ်သော မျက်ခမ်းစပ်ရောဂါ၊ အနာကြီးရောဂါများ ကင်းစင်၍ ဝမ်းနှင့်ပတ်သက်သော ကပ်ရောဂါများလည်း ကင်းစင်ကာ လူသားတို့၏ စားဝတ်နေရေး၊ စီးပွားရေးများ ဖွံ့ဖြိုးနေသည်ကို အထင်အရှားမြင်တွေ့ရပေသည်။ ရေရှားပါး၍ ဝေးလံစွာသွားရောက်ခပ်ရသောဒုက္ခမှ ကင်းဝေးပြီး သန့်လေးသန့် စီမံချက်ဖြစ်သော (၁)ရေကောင်း ရေသန့်သောက်သုံးရေရရှိရေး၊ (၂)တစ်ကိုယ်ရေသန့်ရှင်းရေး (လက်အပါအဝင်)၊ (၃)အစားအစာသန့်ရှင်းရေး၊ (၄)သန့်ရှင်းသော ယင်လုံအိမ်သာတည်ဆောက်ရေးတို့ကို ဆောင်ရွက်နေပါပြီ။ ထို့ပြင် ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် စိမ်းလန်းစိုပြည်ရေး၊ အရိပ်ရအပင်များ စိုက်ပျိုးရေးပါ ဖြည့်စွက်၍ သန့်ငါးသန့်ကို လက်တွေ့လုပ်ဆောင်လျက်ရှိရာ ရေကောင်းရေသန့်သည် အဓိကအကျဆုံး ဖြစ်ပါသည်။ အားလုံးအောင်မြင်စွာဖော်ဆောင်နိုင်မည်ဆိုလျှင် ကျန်းမာပျော်ရွှင်သောဘဝ (Healthy Life Style) ကို ရရှိပေမည်။

သန့်ရှင်းသော သောက်သုံးရေဆိုသည်မှာ အနည်အမှုန် ကင်းစင်ခြင်း၊ အရောင်အဆင်းအနံ့အရသာ ကင်းစင်ခြင်း၊ ရေစေးခြင်း မရှိစေခြင်း၊ ကျန်းမာရေးထိခိုက်စေသော ပိုးမွှား၊ မျက်စိဖြင့် မမြင်နိုင်သော ပိုးမွှားများပါ ကင်းစင်ခြင်း၊ ဓာတ်သတ္တု (Chemicals and Heavy metals) ဥပမာ– ခဲ၊ အာဆင်းနစ်၊ ပြဒါး၊ သံ၊ ထုံးဓာတ်၊ နိုက်ထရိတ်ဓာတ်များ ကင်းစင်ခြင်းတို့ရှိရမည်။

သောက်သုံးရေ မသန့်ရှင်းပါက–

ဝမ်းရောဂါ၊ တိုက်ဖွိုက် (ခေါ်) အူရောင်ငန်းဖျား၊ ဝမ်းကိုက်ရောဂါ၊ ဝမ်းလျှောဝမ်းပျက်၊အသည်းရောင် အသားဝါ၊ အကြောသေ သူငယ်နာရောဂါ၊ သန်ကောင်၊ တုတ်ကောင်၊ ပွေး၊ ညှင်း၊ ဝဲနှင်းခူ၊ အရေပြားယားနာများ၊ မျက်ခမ်းစပ်၊ မျက်စိနာရောဂါ၊ အနာကြီးရောဂါများ ဖြစ်ပွားစေပါသည်။

သန့်ရှင်းသောသောက်သုံးရေရရှိရန်–

**(၁) ရေကိုသိုလှောင်၍ အနည်ထိုင်စေခြင်းဖြင့် Heavy Metalနှင့် အနည်အနှစ်များ အောက်ခြေတွင်စု၍ ရေစစ်ခံ၍လည်းကောင်း၊ သဲအိုးဖြင့်လည်းကောင်း သောက်သုံးခြင်း၊**

**(၂) ကျောက်ချဉ်ငါးကျပ်သားကို ရေတစ်စည်တွင်ခတ်၍သောက်ခြင်း၊**

**(၃) ရေလှောင်အိုးများကို နေရောင်ပြ၍ထားခြင်း၊**

**(၄) နောက်ကျိရေကို ရေကြည်စေ့ (သို့) မြေပဲဆံ၊ ဒန့်သလွန်စေ့ ခြောက်မှုန့်ဖြင့် အိုးတွင် နံရံကိုပွတ်တိုက်ထားခြင်း၊**

**(၅) ရေစစ်ခြင်း၊ သဲရေစစ်အိုးဖြင့် ခံသောက်ခြင်း၊**

**(၆) ကလိုရင်းဆေးပြား အချိုးအစားတိုင်းခတ်ခြင်း၊**

**(၇) ရေကို ပွက်ပွက်ဆူအောင် ကျိုချက်သောက်သုံးခြင်း**

ကို ဆောင်ရွက်ရပါမည်။

ထို့ပြင် ရေကောင်းရေသန့်ရရှိရန် အဝီစိတွင်း၊ ရေတွင်းရေကန်များ၊ သိုလှောင်ကန်များကို စနစ်တကျတူးမှသာ ရေညစ်ညမ်းခြင်း အန္တရာယ်ကင်းစင်သော ရေကောင်းရေသန့်များ ရရှိမည်ဖြစ်သည်။

ရေကို စနစ်တကျသုံးစွဲတတ်ဖို့လိုသည်။ ရေကိုဖြုန်းတီးခြင်းမပြုဘဲ လိုအပ်သလောက် ချွေတာသုံးစွဲခြင်း၊ သန့်ရှင်းရေး၊ စက်ကိရိယာများ ကြာရှည်စွာကြံ့ခိုင်ရေးကို သတိမူအလေးထားပါမှ နောင်အရှည် အကျိုးရှိမည် ဖြစ်ပါသည်။ ရေဘုံပိုင်ခေါင်းများကို အလဟဿဖွင့်၍ ရေများ အလေအလွင့်ဖြစ်စေသော အမူအကျင့်များကို ပြုပြင်သင့်ပါသည်။ ရေကိုဖြုန်းတီးပါက ရေဘူးနှင့်ဖိနပ်မပါ နွေခါမှသိ ဆိုသကဲ့သို့ ရေရှားသည့်ဒုက္ခကို ကိုယ်တိုင်ခံစားရမည် ဖြစ်ပါသည်။ အသိတရားနှင့် ဆင်ခြင်၍ အပြုအမူ အကျင့်ကောင်းများဖြင့် ရေရှည်တည်တံ့အောင် ထိန်းသိမ်းပါမှ တစ်နိုင်ငံလုံး အေးချမ်းသာယာ၍ ကူးစက်ရောဂါဘေးမှ ကင်းဝေးပြီး ကျန်းမာကြံ့ခိုင်ကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်တပ်တစ်အား ပါဝင်နိုင်ကြမည် ဖြစ်ပါသည်။ သို့မှသာနိုင်ငံတော်၏ စေတနာ၊ အလှူရှင်များ၏ သဒ္ဓါတရားနှင့်အညီ ရေကိုအကျိုးရှိစွာသုံးစွဲနိုင်ကြမည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**ယခုအခါ တစ်နိုင်ငံလုံး စိမ်းရောင်စိုသော လယ်ကွင်း၊ သီးနှံစိုက်ခင်း၊ အေးမြသော အရိပ်အာဝါသနှင့် ရောင်စုံဖူးပွင့်သော ပန်းမာလာတို့ ဖူးပွင့်ဝေဆာနေသော ပြည်မြန်မာ ဖြစ်နေပါပြီ။ စက်ရေတွင်းများ၊ ရေလှောင်တမံ၊ ဆည်မြောင်း၊ မြစ်ရေတင်စီမံကိန်းများဖြင့် ကျေးရွာအရောက် သန့်ရှင်းသော ရေများရောက်ရှိပြီ ဖြစ်ပါသည်။ ခရီးသွား ပြည်သူများနှင့် ကမ္ဘာလှည့်ခရီးသွားအတွက်လည်း စိတ်ကြည်နူးစေသော မြင်ကွင်းများ ဖြစ်စေပါသည်။**

## သိက္ခာထပ်နှင့် ဂုဏ်ပြုပူဇော်ပွဲ

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အောင်ဇေယျအိမ်ရာ တိုက် (၂၄) အခန်း (၁၀၁)နေ အလှူ့ဒါယကာ ဦးစိုးပိုင်–အလှူ့ဒါယိကာမ ဒေါ်ခင်အေး (သစ်ဆန်းဆန်ရောင်းဝယ်ရေး) မိသားစုတို့က သက်တော်ရှည် ရှင်ပြန်ဆရာတော် ဘဒ္ဒန္တကေသရအား သိက္ခာထပ် အလှူတော်မင်္ဂလာနှင့် ရန်ကုန်မြို့နေ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများတို့က အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ယခင် ကရင်ပြည်နယ် ရွှေကွန်းရွာ ရတနာမုန်ကျောင်းတိုက် မဟာနာယကဆရာတော် ဘဒ္ဒန္တနိပကာဘိဝံသ မထေရ်မြတ် ယခင်တောင်ငူခရိုင် အုတ်တွင်းမြို့ကန်ကလေးတောရ ရွှေကျင်ကျောင်းတိုက် တိုက်အုပ်ဆရာတော်အား ဂုဏ်ပြုပူဇော်ပွဲကို အင်းစိန်မြို့ ကမ်းနားအလယ်ရပ်ကွက် ရတနာကံကြီး ပရိယတ္တိစာသင်တိုက်၌ တပေါင်းလပြည့်ကျော် ၂ ရက် (မတ် ၄ ရက်) တနင်္ဂနွေနေ့ မွန်းလွဲ ၂ နာရီတွင် ကျင်းပမည်ဖြစ်ရာ အခမ်းအနားသို့ တက်ရောက်ပါရန် နှိုးဆော်ထားကြောင်း သိရသည်။

(က–ပ)

**ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ပညာရေးမှူးရုံးက ကြီးမှူးကျင်းပသော ၂၀၀၆–၂၀၀၇ ပညာသင်နှစ်အတွက် ဘက်စုံ ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၁၀ ရက်က အထက အနော်ရထာခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးအောင်ဝင်းက အဌမတန်းမှ မြို့နယ်ဘက်စုံ ပထမဆုရ တိုက်ကြီး အထကမှ မသင်းသင်းမော်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။** (ပညာရေး)

**ဇန်နဝါရီ ၁၉ ရက်က မင်္ဂလာဒုံမြို့နယ် အမက(၃၂) မူလတန်းလွန်ကျောင်းမှ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် ငါးနှစ်ဆက်တိုက် ပထမဆုရ မစောယုနွယ်အား ကျောင်းအုပ်ဆရာမကြီး မမေသဇင်က ဆုချီးမြှင့်စဉ်။** (ပညာရေး)

## နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

**လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။**

**၂၀၀၇ခုနှစ် ဖေဖော်ဝါရီလအတွက် နောက်ဆုံးပတ်တနင်္ဂနွေနေ့**

**(၂၅–၂–၂၀၀၇)ရက်နေ့ ဖြစ်ပြီး**

**၂၀၀၇ ခုနှစ် မတ်လအတွက်**

**(၁၁–၃–၂၀၀၇)ရက်နေ့ နှင့် (၂၅–၃–၂၀၀၇)ရက်နေ့**

ဦးအောင်သွင်အား ရည်စူး၍ ရန် ကုန် တိုင်း ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်း အမှတ်(၁၀၈)နေဒေါ်သန်းသန်း၊ သားသမီးတစ်စုက ဒဂုံမြို့နယ် အမှတ် ၁၆ စကား၀ါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် သုံးသိန်းကို မင်းကွန်းအနုနာယက ဆရာတော် ဘဒ္ဒန္တ၀ိနယထံ ရေစက်ချအနုမောဒနာ တရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ဘဏ္ဍာ) ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

# ငပုတောမြို့နယ် ရှေးဟောင်းသမိုင်းဝင် အလုံဒီပါရုံစေတီတော် ဗုဒ္ဓပူဇနီယပွဲ ကျင်းပမည်



**ငပုတော ဖေဖော်ဝါရီ ၂၁**

ငပုတောမြို့နယ် အာကာအုပ်စု ရှေးဟောင်းသမိုင်းဝင်လေးဆူဒီပါစာရင်းဝင် မော်တင်ရိုးမတောရမဟီ အလုံဌာနီ ဝိဇ္ဇာပြည် ပျဉ်းမချောင်းအလုံဒီပါရုံ(အတွင်း) စေတီတော်၏ **(ယာပုံ)** ဗုဒ္ဓပူဇနီယပွဲတော်ကို (၁၃၆၈ခုနှစ် တပေါင်းလပြည့်ကျော် ၃ ရက်မှ ၁၁ ရက်) မတ် ၅ ရက်မှ ၁၃ ရက်အထိ ကိုးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အလုံဒီပါရုံစေတီတော်၏ ရွှေထီးတော်အား (၁၃၆၈ ခုနှစ် တပေါင်းလပြည့်ကျော် ၉ ရက်) မတ် ၁၁ ရက်တွင် တင်လှူပူဇော်မည်ဖြစ်ရာ အလှူရှင်များသည် ဦးသြသဓ (ပိုးလောင်းဆရာတော်) ဖုန်း-၀၄၂-၄၄၃၀၉၊ မြို့နယ်ဥက္ကဋ္ဌ ဦးငွေကျော် ဖုန်း-၀၄၂-၄၄၁၉၄၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးအေးကြည် ဖုန်း-၀၄၂-၄၄၂၄၅နှင့် ဒေါက်တာစိုးသိမ်း (ဦးစီးအရာရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန) ဖုန်း-၀၄၂-၄၄၂၁၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြို့နယ်ကြံ့ခိုင်ဖွံ့ဖြိုးရေး)**

# မြန်မာနိုင်ငံ၏ အကြီးဆုံး ကြေးသွန်းရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေကပူဇာ မင်္ဂလာအခမ်းအနား ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ပဲခူးမြို့ ဓမ္မာလင်္ကာရကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သက်တော်ရှည် ဆရာတော်ကြီးကိုယ်တော်တိုင် ဦးစီးဆောင်ရွက်ပြီး တပည့်ဒါယကာ၊ ဒါယိကာမအများ ပေါင်းစုလှူဒါန်းမှုဖြင့် သွန်းလောင်းပြုလုပ် တည်ဆောက်၍ ထားအပ်သော မြန်မာပြည်မှာ အကြီးဆုံး ၃၇ပေ ဥဏ်တော်အမြင့်ရှိ ပဲခူးမြို့ ကျက်သရေဆောင် တမ္ဗလောဟမဟာမုနိ ကြေးသွန်းရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကပူဇာမင်္ဂလာ၊ ၅၂၈ဆူသောဗုဒ္ဓရုပ်ပွားတော်များနှင့် ဓာတ်တော်မွေတော်များ ဌာပနာထည့်သွင်းပူဇော်ခြင်းမင်္ဂလာ၊ ထေရဝါဒဂန္ဓကုဋိကျောင်းတော်ကြီး၏ အထွတ်ပြာသာဒ်တွင် ရွှေထီးတော်ကြီး တင်လှူခြင်း မင်္ဂလာအခမ်းအနားကို (၁၃၆၈ခုနှစ် တပေါင်းလဆန်း ၁၀ရက်) ဖေဖော်ဝါရီ၂၅ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ပဲခူးဒီဂရီကောလိပ်ရှေ့ ဥသာမြို့သစ် ရန်ကုန်-မန္တလေးကားလမ်းမဘေးရှိ အဆိုပါကျောင်းတိုက်ကြီးတွင် ကျင်းပမည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးနေ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းအား နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(က-ပ)**

အင်္ဂလန်နိုင်ငံမှ ဒေါက်တာဒေါ်ခင်သက်မော်နှင့် မိသားစု(ကိုယ်စား) ဗိုလ်မှူးကြီးစိန်ရ(ငြိမ်း)-ဒေါ်အေးအေးစိုးတို့က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ(ကိုယ်စား) အတွင်းရေးမှူး ဦးထွန်းအေးက လက်ခံယူစဉ်။ (က-ပ)

# မီးလောင်မှုနှင့်ပတ်သက်၍ ထပ်မံသတင်းရရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

**ဖေဖော်ဝါရီ ၁၅ ရက်ထုတ် သတင်းစာများတွင် မီးလောင်မှုဖြစ်ပွားသည့် သတင်း၌ ရန်ကုန်တိုင်း ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် (၇၀)ရပ်ကွက် ရောလမ်း၊ အမှတ်(၂၆၅)တွင် မီးဖို မီးကြွင်းမီးကျန်မှ မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း ဖော်ပြခဲ့သော်လည်း ထပ်မံရရှိသော သတင်းများအရ ရောလမ်း အမှတ်(၂၅၇/၂၅၈)ရှိ အဆောက်အအုံတစ်လုံးတွင် မီးဖို မီးကြွင်းမီးကျန်မှ မီးလောင်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။** (သတင်းစဉ်)

# မြစ်ကြီးနား အလက (၁) အာစရိယပူဇော်ပွဲ

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

မြစ်ကြီးနားမြို့ မြို့မကျောင်း အလက(၁) ကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲကို မတ် ၃၀ရက်တွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။ ရပ်နီးရပ်ဝေး ကျောင်းသားဟောင်းများ ဆက်သွယ်လှူဒါန်းလိုပါက ဦးညို၀င်း ဖုန်း- ၀၁-၆၅၂၁၇၁၊ ၀၉-၈၀-၂၃၅၀၅၊ ဦးအုန်းရွှေ ဖုန်း-၀၁-၆၈၀၇၁၉၊ ၆၈၀၇၆၃၊ ဦးရာပိုင် ဖုန်း-၀၂-၆၀၈၅၇၊ ဦးမောင်ကို ဖုန်း-၀၇၄-၂၂၆၂၉၊ ဦးခင်မောင်လှ ဖုန်း-၀၇၄-၂၁၃၀၄၊ ၂၂၄၀၇နှင့် ဦးအောင်သာ(ဟိုပင်) ဖုန်း-၀၇၄-၆၂၅၄၁ တို့သို့ ပေးပို့လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

# မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

## ဗုဒ္ဓပူဇနီယပွဲတော်

**မန္တလေးတိုင်း ပျော်ဘွယ်မြို့ သမိုင်းဝင် ရွှေပြည်သာဘုရား နှစ်(၁၀၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကို ဖေဖော်ဝါရီ ၁ ရက်က စတင်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ ပွဲတော်၌ သံဃာတော်အပါး ၆၀၀ ကျော်အား ဆွမ်းလောင်းလှူပြီး သံဃာတော် ၁၀၈ ပါးအား ဆွမ်းကပ်လှူခဲ့ကြောင်း သိရသည်။**

## ကျေးလက်လမ်းပေါ် တံတားတည်ဆောက်

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နှင့် နောင်ပုံကျေးရွာ ဆက်သွယ်ထားသည့် ကျေးလက်လမ်းပေါ်တွင် အလျား ပေ ၁၀၀၊ အကျယ် ၁၂ပေရှိ အုတ်ခုံတံတားသစ် တည်ဆောက်လျက်ရှိရာ ဇန်နဝါရီ ၂၃ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအရာရှိ ဦးဇော်မိုးနှင့် အင်ဂျင်နီယာမှူး ဦးသိန်းမြင့်တို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးခဲ့ကြသည်။

## ရိုးရာဝတ်စားဆင်ယင်မှုပြပွဲ ကျင်းပ

**ကယားပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အထိမ်းအမှတ် တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲကို လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ဖေဖော်ဝါရီ ၁၂ရက်က ကျင်းပရာ အခမ်းအနားတွင် ကယားတိုင်းရင်းသားများ၏ ရိုးရာဝတ်စားဆင်ယင်ထုံးဖွဲ့မှုများကို ပြကွက်အလိုက်ပြသပြီး ပြပွဲ၌ ရိုးရာစားသောက်ဆိုင်များကို ဖွင့်လှစ်ရောင်းချခဲ့ကြောင်း သိရသည်။**

## ရွှေရင်အေးဆရာတော် ဓမ္မခရီး

**ရန်ကုန်တိုင်းအင်းစိန်မြို့ ရွှေရင်အေး မဟာစည်သာသနာ့ရိပ်သာ၏ ပဓာန နာယက ဘဒ္ဒန္တပညာနန္ဒ (ဓမ္မကထိက ဗဟုဇနဟိတ ဓရ) ရွှေရင်အေးဆရာတော်သည် ၁၃၆၈ခုနှစ် တပေါင်းလဆန်း ၉ရက်၊ ၁၀ရက် (ဖေဖော်ဝါရီ၂၄ရက်၊၂၅ရက်) ညများတွင် ရန်ကုန်တိုင်း သုံးခွမြို့နယ် ညောင်နီရွာ အရှေ့ကျောင်း ဓမ္မသဘင်၌လည်းကောင်း၊ ၁၃၆၈ ခုနှစ် နှောင်းတန်ခူး လဆန်း ၄ရက် (မတ် ၂၁ရက်)မှ နှောင်းတန်ခူးလပြည့်ကျော် ၄ရက် (ဧပြီ ၅ရက်) အထိ ရန်ကုန်တိုင်း သုံးခွမြို့နယ် မဇ္ဈိမပဋိပဒါ မဟာစည် ရိပ်သာ၌ လည်းကောင်း၊ ယင်းရိပ်သာ၏ ပဓာနနာယက မဟာစည် နယ်လှည့် ဓမ္မကထိက ဘဒ္ဒန္တပုညာနန္ဒနှင့်အတူ ၁၅ရက်တိုင် တရားတော်များဟောကြားမည်ဟု သိရသည်။** (က-ပ)

## စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်မည်

အားကစားဝန်ကြီးဌာနက ကျင်းပခဲ့သော ၂၀၀၆ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါးနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများကို ဖေဖော်ဝါရီ ၂၈ရက် နံနက် ၁၀နာရီက နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန ခန်းမဆောင်၌ ဆုများချီးမြှင့်မည်ဖြစ်သည်။

## ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

မန္တလေးတိုင်း နွားထိုးကြီးမြို့နယ် မြို့မအခြေခံပညာ အထက်တန်းကျောင်း၏ စုံညီပွဲတော်နှင့်ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ၉ရက်က အဆိုပါကျောင်း၌ ကျင်းပရာ မြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်၊ မြို့နယ်ပညာရေးမှူးဦးဝင်းမြင့်နှင့် တာဝန်ရှိသူများက ပညာရည်ချွန်ဆုနှင့် အားကစားထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ခဲ့သည်။

## နောင်တရား၌ ဆေးပဒေသာပင် ရန်ပုံငွေလှူဒါန်း

**ရှမ်းပြည်နယ်(တောင်ပိုင်း)နောင်တရားမြို့နယ် တီကျစ်ကျေးရွာအုပ်စု တိုက်နယ်ဆေးရုံသို့ ကျေးရွာအုပ်စုများမှ ဆေးပဒေသာပင် ရန်ပုံငွေလှူဒါန်းပွဲကို ဇန်နဝါရီ ၂၂ရက်က အဆိုပါဆေးရုံ၌ ကျင်းပရာ ကျေးရွာအုပ်စုကိုးခုမှ လှူဒါန်းသည့် ရန်ပုံငွေကျပ် ၁၉သိန်းငါးသောင်းကို အလှူရှင်များကိုယ်စား တီကျစ်ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးကျော်ဝင်းညိုက တိုက်နယ်ဆရာဝန် ဒေါက်တာစန်းယုကိုထံသို့ ပေးအပ်ခဲ့သည်။**

## အရန်သားဖွားဆရာမ သင်တန်းဆင်း

မန္တလေးတိုင်း ရမည်းသင်းခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့် အရန်သားဖွားဆရာမ သင်တန်းဆင်းပွဲကို **ဖေဖော်ဝါရီ ၅ ရက်၌ ခရိုင်ပြည်သူ့ဆေးရုံ အစည်းအဝေး ခန်းမတွင် ကျင်းပရာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ဦးက သင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက သင်တန်းသူများအား ထောက်ကူပစ္စည်းများပေးအပ်ခဲ့သည်။**

## ကလောမြို့မဈေး မီးဘေးကာကွယ်ရေးစစ်ဆေး

**ရှမ်းပြည်နယ် (တောင်ပိုင်း) ကလော မြို့မဈေး အတွင်းရှိ စားသောက်ဆိုင်ခန်းများ မီးအသုံးပြုမှု စနစ်တကျရှိရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားမှုကို ဇန်နဝါရီ ၂၅ ရက်က မြို့နယ်မီးသတ်တာဝန်ခံ အရာရှိ ဦးမြတ်သူဆွေနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။**

## ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုး

တနင်္သာရီတိုင်း ပုလောမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ဦးဆောင်မှုဖြင့် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲကို ဇန်နဝါရီ ၄ရက်က မကျည်းကုန်းကျေးရွာ၌ ကျင်းပရာ အခမ်းအနားတွင် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့်ဒေသခံပြည်သူများ စုပေါင်း၍ ခြံစည်းရိုးကြက်ဆူပင် လေးကေကို စုပေါင်းစိုက်ပျိုးကြသည်။

## မီးဘေးကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**စစ်ကိုင်းတိုင်း ကောလင်းမြို့ စည်ပင်သာယာဈေးတွင်မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်သရုပ်ပြပွဲကို ဇန်နဝါရီ ၂၅ရက်က အဆိုပါဈေးတွင် ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးငွေမြင့်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူဈေးသားများက မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့် သရုပ်ပြမှုကို ကြည့်ရှုကြသည်။**

## စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်လှစ်

**တနင်္သာရီတိုင်း မြိတ်မြို့နယ် တုံဗျောငယ်ကျေးရွာတွင် တက်နေဝန်းကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲနှင့်ရုပ်မြင်သံကြား၊ ပရိဘောဂ၊ အလှူငွေနှင့် စာအုပ်စာစောင်များပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၄ရက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ရွှေ၊ ခရိုင် ပြန်/ဆက်ဦးစီးအရာရှိ ဦးစန်းလွင်နှင့် စာကြည့်တိုက်အဆောက်အအုံဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးအေးကျင်တို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။** (မြန်မာ့အလင်း)

# ပုဂ္ဂလိကသစ်တောစိုက်ခင်းများ တည်ထောင်လုပ်ကိုင်ရန်

## သစ်တောရေးရာဝန်ကြီးဌာနမှ အခွင့်အလမ်းများဖော်ဆောင်ပေးလျက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထု၏ စားဝတ်နေရေးအနက် နေရေးလိုအပ်ချက်ဖြည့်ဆည်းပေးရေး၊ နိုင်ငံတော်အတွက် ရေရှည်အကျိုးရှိစွာ ထုတ်ယူသုံးစွဲနိုင်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့အပေါ် အခြေခံ၍ သစ်တောသယံဇာတအရင်းအမြစ်များအား စနစ်တကျ စီမံအုပ်ချုပ်ခြင်းနှင့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းတို့ကို အလေးထားဆောင်ရွက်လျက်ရှိသည်။

အနာဂတ်ကာလ နိုင်ငံတော်၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး တိုးတက်များပြားလာသည့် ပြည်သူလူထု၏ သစ်လိုအပ်ချက်ဖြည့်ဆည်းပေးရေးနှင့် သစ်တောကဏ္ဍမှ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပုဂ္ဂလိကသစ်တောစိုက်ခင်းများကို မိမိတို့ဒေသအလိုက် သစ်တောစီမံအုပ်ချုပ်ပိုင်ခွင့်ရှိသောမြေများတွင် မြေငှားရမ်း၍ တည်ထောင်လုပ်ကိုင်ခွင့်ပြုလျက်ရှိသည်။

ပုဂ္ဂလိက သစ်တောစိုက်ခင်း တည်ထောင်လုပ်ကိုင်လိုသူများသည် မိမိတို့ကြိုက်နှစ်သက်ရာ သစ်မျိုးများ စိုက်ပျိုးရန်အတွက် အနည်းဆုံးမြေတစ်ဧကမှသည် ဆောင်ရွက်လိုသည့် ပမာဏအထိ လျှောက်ထားရယူနိုင်ကြသည်။

ပုဂ္ဂလိက သစ်တောစိုက်ခင်းများ တည်ထောင်လုပ်ကိုင်ခြင်းသည် မိမိပိုင် သစ်အဖြစ် တရားဝင် ထုတ်ယူသုံးစွဲခွင့် ရရှိပြီး စီးပွားရေးအကျိုးအမြတ်များခြင်းသာမက နိုင်ငံတော်အတွက် သဘာဝဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုခြင်း၊ ရာသီဥတုပြေပြစ်မျှတလာပြီး လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် အနာဂတ်မျိုးဆက်သစ်များအတွက် သစ်တောသယံဇာတ အမွေအနှစ်များ ဖန်တီးလွှဲပြောင်းပေးအပ်နိုင်ခြင်းစသည့် အကျိုးတရားများ တိုးပွားဖြစ်ထွန်းလာမည်ဖြစ်သည်။ ထို့အတူ ဗုဒ္ဓတရားတော်အရလည်း သစ်ပင်စိုက်ပျိုးခြင်းသည် ထာဝရကုသိုလ်ပြုခြင်း လုပ်ငန်းတစ်ရပ်ဖြစ်သည်။

မိမိတို့၏အကျိုးစီးပွားအတွက် ဆောင်ရွက်ရင်း နိုင်ငံတော်အကျိုး၊ လောကုတ္တရာ ကုသိုလ်အကျိုးတရားများပါ ရရှိနိုင်သည့် ပုဂ္ဂလိက သစ်တောစိုက်ခင်းတည်ထောင်ခြင်း လုပ်ငန်းဆောင်ရွက်ရန် စိတ်ပါဝင်စားသူများအနေဖြင့် အသေးစိတ်သိရှိလိုပါက ပြည်နယ်၊တိုင်း သစ်တောဦးစီးဌာနရုံးများသို့လည်းကောင်း၊ သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန ဖုန်း-၀၆၇-၄၀၅၀၀၆၊ ၀၆၇-၄၀၅၃၉၉၊ ၀၆၇-၄၀၅၀၁၉၊ ၀၆၇-၄၀၅၀၈၂ နေပြည်တော်သို့လည်းကောင်း ဆက်သွယ်စုံစမ်းလျှောက်ထားနိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ချစ်နိုင်(စိတ်ပညာ)၏ ချစ်သဖြင့်ရေးသည့်စာများ စာအုပ်ထုတ်ဝေ

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ချစ်နိုင်(စိတ်ပညာ)ရေးသားသည့် ဒို့ကျေးရွာဂျာနယ်ခေါင်းကြီး၊ဆောင်းပါးများနှင့် ဂျာနယ်၊ မဂ္ဂဇင်းများတွင် ဖော်ပြပါရှိခဲ့သော ဆောင်းပါးအပုဒ် ၅၀အားစုစည်း၍ **"ချစ်သဖြင့်ရေးသည့်စာများ"** စာအုပ်ကို မင်းမဟာစာပေမှ တန်ဖိုးကျပ်၉၀၀ဖြင့် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အင်္ဂလိပ်စာမိသားစု မိတ်ဆုံစားပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

တက္ကသိုလ်များ အင်္ဂလိပ်စာဘွဲ့ရ ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် မိတ်ဆုံညစာ စားပွဲကို ဖေဖော်ဝါရီ ၁၁ ရက် ညနေ ၅ နာရီက ကန်တော်ကြီးဥယျာဉ် Dolphin စားသောက်ဆိုင်၌ ကျင်းပရာ ကျောင်းသူဟောင်း မအေးမွန်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

**ဖျော်ဖြေ**

ဆက်လက်၍ အပူဇော်ခံဆရာကြီး ဆရာမကြီးများကိုယ်စား ဆရာကြီး ဦးသီဟနှင့် ဦးဟန်တင်တို့က သြဝါဒစကားများပြောကြားကြပြီး ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများအား ကံစမ်းမဲဖောက်၍ လက်ဆောင်ပစ္စည်းများ ပေးအပ်ကြကာ နိုင်ငံကျော် အဆိုတော်များနှင့် အင်္ဂလိပ်စာမိသားစု တေးသံရှင်များက တေးသံသာများဖြင့် ဖျော်ဖြေကြကြောင်း သိရသည်။

(က-ပ)

✳ *ကျော်ဖုံးမှ*

* **သီးနှံစိုက်ဧကများ ၁၅၇ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။ ပဲမျိုးစုံစိုက်ဧက ၁၁ ဆ၊ ဆီထွက်သီးနှံ စိုက်ဧက သုံးဆ၊ စားဖိုဆောင်သီးနှံစိုက်ဧက လေးဆအထိ တိုးတက်စိုက်ပျိုးလာနိုင်ခဲ့သည်။**
* **စက်မှုလက်မှုကဏ္ဍတွင် စက်ရုံအလုပ်ရုံသစ်များတည်ဆောက်ခြင်း၊ လက်ရှိစက်ရုံများ တိုးချဲ့မွမ်းမံခြင်း၊ စက်မှုလက်မှုဖွံ့ဖြိုးရေးဇုန်များ တည်ထောင်ခြင်း၊ ပုဂ္ဂလိကစက်ရုံအလုပ်ရုံများကို စုစုစည်းစည်းဖြင့် အားဖြည့်ပျိုးထောင်နိုင်ရန် စက်မှုဇုန် ၁၈ ခုကို ထူထောင်ပေးခြင်း၊ စက်ရုံအလုပ်ရုံ ၆၆၁၀ အပါအဝင် စက်ရုံအလုပ်ရုံအလုပ်ဌာနပေါင်း ၄၂၀၀၀ ကျော်ရှိလာခြင်း၊ အထူးစီးပွားရေးဇုန်များ ထူထောင်လျက်ရှိခြင်း စသည်ဖြင့် တိုးချဲ့ဖော်ဆောင်ပေးလျက်ရှိသည်။**
* အလားတူ မွေးမြူရေးကဏ္ဍ၊ သစ်တောကဏ္ဍ၊ သတ္တုကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ လျှပ်စစ်စွမ်းအားကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ပညာရေးကဏ္ဍ၊ သိပ္ပံနှင့် နည်းပညာကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍနှင့် မြို့ပြကဏ္ဍစသည်များတွင်လည်း ၁၉၈၈ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် အဆပေါင်းများစွာ တိုးတက်အောင် ဖော်ဆောင်ပေးလျက်ရှိသည်။
* **ထို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း လိုက်ပါတိုးတက်မြင့်မားလာပြီး လူ့စွမ်းအား အရင်းအမြစ်၏ နည်းပညာကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်အဆင့်အတန်းလည်းမြင့်မားလာခဲ့သည်။**
* ၂၀၀၅-၂၀၀၆ ခုနှစ်တွင် မြန်မာနိုင်ငံတစ်နိုင်ငံလုံး အလုပ်လုပ်နိုင်သော လူဦးရေမှာ ၃၄ဒသမ၇သန်းကျော်ရှိသည်။
* ၎င်းအနက် လယ်ယာအလုပ်သမား ၂၂ဒသမ၃သန်းကျော်၊ စက်မှုအလုပ်သမား ၄ဒသမ၈သန်းကျော်၊ ဝန်ဆောင်မှု အလုပ်သမား ၇ ဒသမ၅ သန်းကျော်ရှိကြောင်း တွေ့ရှိရသည်။
* အဆိုပါကိန်းဂဏန်းများအရ ၁၉၈၈ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ပြည်တွင်းအလုပ်အကိုင်အနေဖြင့် လယ်ယာကဏ္ဍတွင် အလုပ်သမား နှစ်ဆကျော်၊ စက်မှုလက်မှုကဏ္ဍတွင် နှစ်ဆခွဲကျော်၊ ဝန်ဆောင်မှုကဏ္ဍတွင် နှစ်ဆနီးပါး တိုးတက်ခဲ့ပြီး စုစုပေါင်းအနေဖြင့် ၁၉၈၈-၈၉ ခုနှစ်ထက် အလုပ်အကိုင် အခွင့်အလမ်း နှစ်ဆကျော် ဖွံ့ဖြိုးတိုးတက်ရရှိလာသည်ကို တွေ့ရှိနိုင်သည်။
* **ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးအတွက်လည်း ပြည်ပအလုပ်အကိုင် အကျိုးဆောင် အေဂျင်စီ ၇၀ ကို အကျိုးဆောင်လိုင်စင်များချထားပေးပြီး နိုင်ငံပေါင်း ၁၄ နိုင်ငံနှင့် ဆက်သွယ်ကာ အလုပ်အကိုင်ပေါင်း ၃၀၀၀၀ ကျော် ရှာဖွေပေးခဲ့ပြီးဖြစ်သည်။**
* ထိုင်းနိုင်ငံသို့ တရားမဝင်သွားရောက်အလုပ်လုပ်ကိုင်နေသူများကိုလည်း တရားဝင်ဖြစ်အောင် ယာယီနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးလုပ်ငန်းကို ၆-၁၁-၂၀၀၆ ရက်နေ့မှ စတင်ဆောင်ရွက်ပေးလျက်ရှိသည်။
* **နိုင်ငံအစိုးရအချင်းချင်း ညှိနှိုင်းဆောင်ရွက်ချက်အရ အလုပ်သမားအသစ်များ ထိုင်းနိုင်ငံသို့ နယ်စပ်ဝင်ပေါက်များမှနေ၍ အကုန်အကျသက်သာစွာ တရားဝင်သွားရောက်လုပ်ကိုင်နိုင်ရေး နည်းလမ်းများကိုလည်း စီမံဆောင်ရွက်ပေးလျက်ရှိသည်။**

## ဂုဏ်ပြုလွှာ

**ဖေဖော်ဝါရီ ၁၈ရက်က ထားဝယ်အသင်း အကြိမ်(၈၀)မြောက် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန် ဆုပေးပွဲကို ရန်ကုန်မြို့ အလုံလမ်း ဓမ္မာရုံတနာပါဠိတက္ကသိုလ်တွင် ကျင်းပရာ ငွေကျပ် ငါးသိန်း ခုနှစ်သောင်း အလှူရှင် ဦးအောင်နိုင်အား ဦးဆောင်နာယက ဦးလှတင်က ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်စဉ်။** (က-ပ)

● *ကျော်ဖုံးမှ*

* **တရားရုံး စစ်ဆေးပြီးသည့် အမှုများမှ တရားခံ ၆၂၄ ဦးအနက် တစ်သက်တစ်ကျွန်းဒဏ် ခုနစ်ဦး၊ ထောင်ဒဏ် ၁၀ နှစ်အောက် ၁၀၄ ဦး၊ ထောင်ဒဏ် ၅နှစ်မှ ၁၀နှစ်အထိ ၃၅၃ ဦး၊ ထောင်ဒဏ် ၅နှစ်အောက် ၁၆၀ အသီးသီး ပြစ်ဒဏ်ချမှတ်ခဲ့ပြီး ဖြစ်သည်။**
* ၂၀၀၄ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲ စာချုပ်တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး အပြည်ပြည်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ လူကုန်ကူးမှု တိုက်ဖျက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိသည်။
* နိုင်ငံတော်က ၂၀၀၅ ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့တွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့သည်။
* ယင်းဥပဒေအရ လူကုန်ကူးမှုကို ကြီးလေးသော ပြစ်မှုအဖြစ်သတ်မှတ်ပြီး အမြင့်ဆုံးသေဒဏ်အထိ ချမှတ်နိုင်သည်။
* ထို့အပြင် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေး၊ အကူအညီပေးရေး၊ နစ်နာမှုလျော်ကြေးရရှိရေးနှင့် ရန်ပုံငွေထူထောင်ရေးတို့ကိုပါ ပြဋ္ဌာန်းပေးခဲ့သည်။
* ၎င်းဥပဒေနှင့်ဆက်စပ်သည့် ဥပဒေများဖြစ်သော တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးများ ထိန်းချုပ်ရေး ဥပဒေကို ၂၀၀၂ခုနှစ်ကလည်းကောင်း၊ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်းအကူအညီ ပေးရေးဥပဒေကို ၂၀၀၄ခုနှစ်တွင်လည်းကောင်း ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။

လူကုန်ကူးမှုတားဆီးကာကွယ်တိုက်ဖျက်ရေးကို နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ရန်အတွက် လူကုန်ကူးမှုနှင့် **ဆက်နွှယ်နေသော အပြည်ပြည်ဆိုင်ရာစာချုပ် ကိုးခုတွင်လည်း အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိသည်။**

၂၀၀၄ခုနှစ် နိုဝင်ဘာလတွင် လာအိုနိုင်ငံ၌ကျင်းပသည့် အာဆီယံထိပ်သီးအစည်းအဝေးက အတည်ပြုထုတ်ပြန်ခဲ့သည့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံကြေညာချက် ရှစ်ချက်ကို လိုက်နာကျင့်သုံးပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ဩစတြေးလျနိုင်ငံအစိုးရ၏ အကူအညီဖြင့် မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့ပါဝင်သည့် **စီမံကိန်းဝင်လေးနိုင်ငံတွင်** **Anti-Trafficking Unit** များထူထောင်၍ စွမ်းရည်မြှင့်တင်ပေးခြင်း၊ ပြစ်မှုဆိုင်ရာ တရားစီရင်ရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ ဆောင်ရွက်ခဲ့သည်။

၂၀၀၄ခုနှစ် ဇွန်လမှစပြီး ရဲအရာရှိ ၄၀ဖြင့် **Anti-Trafficking Unit** များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

**ဆက်လက်၍ အာရှဒေသလူကုန်ကူးမှုတိုက်ဖျက်ရေးစီမံကိန်း (Asia Regional Trafficking Persons Project-ARTPP)**အမည်သစ်ဖြင့် ၂၀၀၆ခုနှစ်မှ ၂၀၁၁ခုနှစ်အထိ ငါးနှစ်စီမံကိန်းကို ပူးပေါင်းအကောင်အထည်ဖော်လျက်ရှိသည်။

မဲခေါင်မြစ်ဝှမ်းဒေသအတွင်းရှိနိုင်ငံများ လူကုန်ကူးမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်ရန် ၂၉-၁၀-၂၀၀၄ ရက်နေ့တွင် ရန်ကုန်မြို့၌ ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဝန်ကြီးများ တက်ရောက်၍ **MoU** ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

၂၀၀၅ခုနှစ် မတ်လတွင် **Regional Plan of Action** ရေးဆွဲချမှတ်ပြီး အဖွဲ့ဝင်နိုင်ငံများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာ-တရုတ်နယ်စပ်မှုခင်းများ တိုက်ဖျက်ရေးနှင့် နယ်စပ်ဒေသအေးချမ်းသာယာမှု တည်ဆောက်ရေး သဘောတူစာချုပ်ကို ၁၅-၁-၂၀၀၅ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီး ယခုအခါ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

## မြန်မာ့ရုပ်မြင်သံကြား

**၂၂-၂-၂၀၀၇ ရက် (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | ကျေးဇူးရှင် မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော် |
| ၇း၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | သံသာချိုအေး မင်္ဂလာတေး |
| ၇း၅၀ | ၅။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက |
| ၈း၀၅ | ၆။ | အကပဒေသာ |
| ၈း၂၀ | ၇။ | မန်းချောင်းတံတား |
| ၈း၃၀ | ၈။ | International News |
| ၈း၄၅ | ၉။ | Let's Go |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၀၀ | ၁။ | စစ်ချီတေး၊စစ်သည်တေး |
| ၁၆း၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ |
| ၁၆း၃၀ | ၃။ | အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာအထူးပြုများ) [ရူပဗေဒ] |
| ၁၆း၄၅ | ၄။ | ချစ်စရာ့အရွယ် ကကြိုးသွယ် |
| ၁၇း၀၀ | ၅။ | လက်ဆင့်ကမ်းပေး ဂီတတေး |
| ၁၇း၁၅ | ၆။ | **"သတိတစ်ချက် တစ်သက်အမှား"** ကျော်မင်းနောင်၊ ကြည်လဲ့လဲ့ဦး၊ နန်းကလျာလှိုင် (ဒါရိုက်တာ-စောစန္ဒာလှိုင်) |
| ၁၇း၃၀ | ၇။ | တေးဂီတအစီအစဉ် |
| ၁၇း၄၅ | ၈။ | ကြယ်ပွင့်များရဲ့ ရင်ခုန်သံ |
| ၁၈း၀၀ | ၉။ | ညနေခင်းသတင်း |
| ၁၈း၃၀ | ၁၀။ | မိုးလေဝသအခြေအနေ |
| ၁၈း၃၅ | ၁၁။ | သီရိဂေဟာ |
| ၁၉း၀၀ | ၁၂။ | Discovery |
| ၁၉း၁၅ | ၁၃။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ"** (အပိုင်း-၂၄)[ဇာတ်သိမ်းပိုင်း] |
| ၂၀း၀၀ | ၁၄။ | ပြည်တွင်းသတင်း |
| | ၁၅။ | နိုင်ငံတကာသတင်းများ |
| | ၁၆။ | မိုးလေဝသအခြေအနေ |
| | ၁၇။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"အကြင်နာရှေ့ဦး"** (အပိုင်း-၁၄) |

**ကမ္ဘာတစ်လွှား အားကစား**

# ပရီမီယာလိဂ်တွင် ခြေစွမ်းပြနေသော အာရှဘောလုံးကြယ်ပွင့်များ

လန်ဒန် ဖေဖော်ဝါရီ ၂၁

**ပရီမီယာလိဂ်တွင် အာရှမှခြေစွမ်းပြနေသော ဘောလုံးသမားများတွင် ပတ်ဂျီဆန်သည် လူသိများကျော်ကြားသူ တစ်ဦးဖြစ်သည်။ အထူးသဖြင့် ပတ်ဂျီဆန်သည် ပရီမီယာလိဂ်ထိပ်တန်း မန်ချက်စတာယူနိုက်တက်အသင်းတွင် ပါဝင်ခြေစွမ်းပြနေခြင်းကြောင့် ပို၍ကျော်ကြားသူ ဖြစ်လာသည်။**

ယင်းကဲ့သို့ ပတ်ဂျီဆန်၏ အောင်မြင်မှုများကို ပြန်ပြောင်းဆန်းစစ် ကြည့်လိုက်လျှင် ၂၀၀၂ ကမ္ဘာ့ဖလားနှင့် အတူ ဒွန်တွဲလာခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။

## တစ်ဦးအပါအဝင်

၂၀၀၂ ခုနှစ်က ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကို တောင်ကိုရီးယားနိုင်ငံနှင့် ဂျပန်တို့က အိမ်ရှင်အဖြစ် လက်ခံကျင်းပပြီးနောက် အာရှမှဘောလုံးသမားကောင်းများပေါ်ထွက်လာခဲ့ရာတွင် ပတ်ဂျီဆန်လည်း တစ်ဦးအပါအဝင် ဖြစ်သည်။

## အဓိက

ထိုနှစ်က တောင်ကိုရီးယားအသင်းသည် အကြိုဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ခဲ့သည်။ တောင်ကိုရီးယားအသင်း ယင်းကဲ့သို့ အောင်မြင်မှုရအောင် အဓိကစွမ်းဆောင်ခဲ့ရာတွင် ပတ်ဂျီဆန်မှာ အဓိကဖြစ်သည်။

## ခေါ်ယူခဲ့

ထိုအချိန်က ပတ်ဂျီဆန်သည် ပီအက်စ်ဗွီအိုင့်ဟိုဗင်အသင်းတွင် ခြေစွမ်းပြကစားခဲ့သူ ဖြစ်သည်။ ယင်းကဲ့သို့ ပတ်ဂျီဆန်သည် ကမ္ဘာ့ဖလားနှင့် ပီအက်စ်ဗွီတို့၌ ကစားနေသော ခြေစွမ်းကိုသိနေသည့် မန်ယူအသင်းမန်နေဂျာ ဆာအလက်ဇ်ဖာဂူဆန်က ပတ်ဂျီဆန်အား ၂၀၀၅-၂၀၀၆ ဘောလုံးရာသီတွင် ခေါ်ယူ၍ လေးနှစ်စာချုပ်ခဲ့သည်။

## ပြောကြား

ယင်းကဲ့သို့ မန်ယူက ခေါ်ယူစာချုပ်ခဲ့၍ ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ မန်ချက်စတာယူနိုက်တက်အသင်းတွင် အကောင်းဆုံး ဘောလုံးသမားဖြစ်လာမည်ဟု ယုံကြည်မိကြောင်း ပတ်ဂျီဆန်က ပြောကြားခဲ့သည်။

ပတ်ဂျီဆန် မျှော်လင့်ထားသည့် အတိုင်း ပရီမီယာလိဂ်တွင် နာမည်ကြီး ဘောလုံးသမားများအကြား ခြေစွမ်းပြကစားနိုင်ခဲ့သည့် ကစားသမားကောင်းတစ်ဦးအဖြစ် ရပ်တည်လာနိုင်ခဲ့ပြီ ဖြစ်သည်။ ၎င်း၏ဘောလုံးကျွမ်းကျင်မှုများက အောင်မြင်သော ဘောလုံးသမားဘဝကို တဖြည်းဖြည်း ပိုင်ဆိုင်လာနိုင်ခဲ့သည်။

ကွင်းလယ်ကစားသမားပတ်ဂျီဆန်သည် မန်ချက်စတာယူနိုက်တက်အသင်းအတွက် ပထမဆုံးဂိုးကို ယမန်နှစ် ဒီဇင်ဘာလက ကားလင်းဖလားအကြိုဗိုလ်လုပွဲတွင် ဘာမင်ဂမ် အသင်းနှင့် ယှဉ်ပြိုင်ကစားရာ၌ သွင်းယူနိုင်ခဲ့သည်။



**တော့တင်ဟမ် အသင်း၏ နောက်တန်းခံစစ်မှူး လီယောင်ပြို။** (ဓာတ်ပုံ-အင်တာနက်)

ပတ်ဂျီဆန်သည် ယခုနှစ် ပရီမီယာလိဂ်တွင် မန်ယူအတွက် နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

**ကိုးကားတင်ပြသူ- မြင့်မောင်စိုး**

## ရောက်ရှိ

ပတ်ဂျီဆန်ကဲ့သို့ လီယောင်ပြိုသည်လည်း အိုင့်ဟိုဗင်အသင်းမှ ပရီမီယာလိဂ်သို့ ရွှေ့ပြောင်းလာခဲ့သည်။ ၎င်းသည်လည်း ၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှ ပေါ်ထွက်လာခဲ့သည့် တောင်ကိုရီးယားဘောလုံး သူရဲကောင်းတစ်ဦး ဖြစ်သည်။ ဒတ်ချ်လိဂ်အသင်းဖြစ်သည့် ပီအက်စ်ဗွီအိုင့်ဟိုဗင်အသင်းတွင် ခြေစွမ်းပြနေရာမှ ၂၀၀၅- ၂၀၀၆ ဘောလုံးရာသီတွင် ပရီမီယာလိဂ်၌ တော့တင်ဟမ်အသင်းသို့ ရောက်ရှိလာခဲ့သည်။

## ထင်ရှားကျော်ကြားသူ

လီယောင်ပြိုသည် နောက်တန်း ကစားသမားဖြစ်၍ ဂိုးရအောင် မသွင်းနိုင်သော်လည်း တော့တင်ဟမ်နောက်တန်းတွင် နာမည်ကြီး ခံစစ်မှူးအဖြစ် ထင်ရှားကျော်ကြားသူ တစ်ဦးဖြစ်သည်။

## ခြေစွမ်းပြနေ

တောင်ကိုရီးယား နာမည်ကြီး ဘောလုံးသမားများနည်းတူ တရုတ်နိုင်ငံမှ ဆွန်ချီဟိုင်း၊ လီတိုင်းနှင့် ဒေါင်ဖန်ဖူးတို့သည်လည်း ပရီမီယာလိဂ်တွင် ခြေစွမ်းပြနေကြသည့် ကစားသမားများ ဖြစ်ကြသည်။

မကြာမီက တရုတ်နောက်တန်း ကစားသမားတစ်ဦးဖြစ်သည့် ဆွန်ချီသည်လည်း ချာလ်တန်အသင်းက ခြောက်လ အငှားစာချုပ်ဖြင့် ခေါ်ယူထားသူဖြစ်သည်။ ၎င်းအား နည်းပြ အလန်ပါဂျူးက မန်ယူနှင့်ကစားခဲ့သည့် ဖေဖော်ဝါရီ ၁၁ ရက်က ပွဲစဉ်တွင် စတင်ပွဲထုတ်ခဲ့သည်။ ၎င်းသည် တရုတ်လက်ရွေးစင်အသင်း ခေါင်းဆောင်ဖြစ်သည်။

## ခေါ်ယူစာချုပ်သွားမည်

ဆွန်ချီအား ခြေစွမ်းပေါ်မူတည်၍ အမြဲတမ်းဘောလုံးသမားအဖြစ် ခေါ်ယူစာချုပ် သွားမည်ဖြစ်ကြောင်းလည်း နည်းပြ အလန်ပါဂျူးက ပြောကြားလိုက်သည်။ ၎င်းသည် တရုတ်နိုင်ငံမှ ပရီမီယာလိဂ်၌ ကစားနေသော ဘောလုံးသမားများတွင် လေးယောက်မြောက်ဖြစ်လာသည်။ တောင်ကိုရီးယားနှင့် တရုတ် ဘောလုံးသမားများသည် ပရီမီယာလိဂ်တွင် ခြေစွမ်းပြနေကြပြီဖြစ်၍ အာရှဘောလုံးသမားများနှင့် အာရှဘောလုံးပရိသတ်များအတွက် ဂုဏ်ယူ ဝမ်းမြောက်စရာအချက်ပင် ဖြစ်သည်။ အထူးသဖြင့် ပရီမီယာလိဂ်တွင် ပတ်ဂျီဆန်၊ လီယောင်ပြို၊ ဒေါင်ဖန်ဖူးတို့သည် ရေပန်းအစားဆုံး အာရှမှ ဘောလုံးကြယ်ပွင့်များအဖြစ် ထင်ရှားကျော်ကြားသည်။

**မန်ယူ ကွင်းလယ်ကစားသမား ပတ်ဂျီဆန်။** (ဓာတ်ပုံ-အင်တာနက်)

## အောင်မြင်လာတော့မည်

သို့ဖြစ်၍ ပရီမီယာလိဂ်တွင် အာရှ ဘောလုံးသမားများ ခြေစွမ်းပြ ကစားလာသည်နှင့်အမျှ အနာဂတ်တွင် ထင်ပေါ်ကျော်ကြားလာမည်ဖြစ်ရာ အာရှတိုက်၏ ဘောလုံးသမားဈေးကွက်မှာလည်း တဖြည်းဖြည်းကြီးထွားဖြစ်ထွန်းလာတော့မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

**(ကိုးကား- အင်တာနက်သတင်းများ)**

# လိုင်လီကိုနိုင်ရ၍ မန်ယူတို့ အခြေအနေကောင်း အာဆင်နယ် ရှုံးပွဲကြုံပြီး ရီးရဲမက်ဒရစ် နိုင်ပွဲရ

**စုစည်းတင်ပြသူ မောင်မောင်မြင့်ဆွေ**

လန်ဒန် ဖေဖော်ဝါရီ ၂၁

**ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ရှုံးထွက်ပွဲစဉ် ပထမအကျော့ ဘောလုံးပွဲများကို ဖေဖော်ဝါရီ ၂၀ ရက်က ယှဉ်ပြိုင်ကစားရာ မန်ယူ၊ ရီးရဲမက်ဒရစ်နှင့် ပီအက်စ်ဗွီအိုင့်ဟိုဗင်တို့ နိုင်ပွဲများရရှိခဲ့ပြီး ဆဲလ်တစ်နှင့် အေစီမီလန်တို့ပွဲတွင် ဂိုးမရှိ သရေပွဲဖြစ်ခဲ့သလို ပီအက်စ်ဗွီနှင့် အာဆင်နယ်တို့ပွဲတွင် တစ်ဂိုး-ဂိုးမရှိဖြင့် အာဆင်နယ်တို့ ရှုံးခဲ့ရသည်။**

## လိုင်လီနှင့် မန်ယူ

ပြင်သစ်ကလပ် လိုင်လီကို မန်ယူတို့ ကံကောင်းစွာ အနိုင်ရရှိခဲ့သည်။ ရွန်နေနှင့် လာဆင်တို့ တိုက်စစ်အတွဲဖြင့် ပွဲထုတ်လာသော ဖာဂူဆန်သည် မန်ယူကို ၄း၄း၂ ပုံစံဖြင့် ခင်းကျင်းကစားခဲ့သည်။ တိုက်စစ်တွင် လာဆင်၊ ရွန်နေတို့ကိုထားပြီး ကွင်းလယ်တွင် ပေါလ်စခိုး၊ စီရိုနယ်ဒို၊ ရိုင်ယန်ဂစ်နှင့် မိုက်ကယ်ကာရစ်တို့ဖြင့် တိုက်စစ်ကို ဝန်းရံစေခဲ့ရာ ဘောလုံးပိုင်ဆိုင်မှုများ များဖြင့် ထိုးဖောက်ကစားနိုင်ခဲ့သည်။

လိုင်လီကလည်း ၄း၄း၂ ပုံစံဖြင့် မန်ယူကို ရင်ဆိုင်ခဲ့ပြီး တိုက်စစ်တွင် ပီတာနှင့် နီကိုလပ်စ်တို့ကိုထားပြီး တိုက်စစ်ဆင်ကစားခဲ့ရာ ထိုးဖောက်ဂိုးသွင်းမှု ၁၆ ကြိမ်ရရှိခဲ့ပြီး အပိုင်ဂိုးသွင်းခွင့် နှစ်ကြိမ် ရရှိခဲ့သော်လည်း တစ်ဂိုးမျှ ရအောင် မသွင်းနိုင်ခဲ့ချေ။

## ဆာဟာဝင်ကစား

မန်ယူအသင်းသည် လိုင်လီဘက်သို့ ထိုးဖောက်ဂိုးသွင်းခွင့် ၁၂ ကြိမ်ရရှိခဲ့ပြီး အပိုင်ကန်သွင်းခွင့် သုံးကြိမ်ရရှိခဲ့ရာမှ တစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ နှစ်သင်းစလုံး အပြန်အလှန်တိုက်စစ်ဆင် ကစားပြီး ဂိုးသွင်းနိုင်ရေးကြိုးစားခဲ့သော်လည်း ဂိုးမသွင်းနိုင်ခဲ့သဖြင့် ပွဲချိန် ၆၇ မိနစ်တွင် စီရိုနယ်ဒိုအစား ဆာဟာကို အစားထိုး ကစားစေခဲ့သည်။

ပွဲချိန် ၈၃ မိနစ်တွင်မှ မန်ယူ တောင်ပံတိုက်စစ်မှူး ရိုင်ယန်ဂစ်က အလွတ်ကန်ဘောမှတစ်ဆင့် သွင်းယူနိုင်ခဲ့သဖြင့် ယင်း တစ်ဂိုးတည်းဖြင့်ပင် မန်ယူတို့ အနိုင်ရရှိခဲ့သည်။ ယခုပွဲအနိုင်ရရှိသဖြင့် နောက်ပွဲအိမ်ကွင်း၌ မန်ယူတို့ အခြေအနေ ကောင်းသွားခဲ့ပြီဖြစ်သည်။

## ရီးရဲမက်ဒရစ်နှင့် ဘိုင်ယန်မြူးနစ်

ရီးရဲမက်ဒရစ်တို့ အိမ်ကွင်း၌ ပထမပိုင်းပွဲချိန်အတွင်းမှာပင် ဂိုးများ သွင်းယူနိုင်ခဲ့သည်။ ရီးရဲမက်ဒရစ်တွင် နစ္စတယ်ရှိုင်း၊ ရာအူးလ်၊ ဖာနန်ဒို၊ ဒေးဗစ်ဘက်ခမ်းနှင့် ရောဘတ်တိုကာလို့စ်တို့ အုပ်စုအကုန် ဝင်ကစားခဲ့ရာ ပွဲချိန် ၁၀မိနစ်နှင့် ၂၈မိနစ်တွင် ရာအူးလ်တစ်ဦးတည်း နှစ်ဂိုးဆက်တိုက် သွင်းယူနိုင်ခဲ့သည်။

ဘိုင်ယန်မြူးနစ်အတွက် ချေပဂိုးကို ပွဲချိန် ၂၃မိနစ်တွင် နောက်ခံလူ ဆီလ်ဗားက သွင်းယူပေးခဲ့သည်။ ထို့နောက် ရီးရဲမက်ဒရစ်အတွက် တတိယမြောက်ဂိုးကို တိုက်စစ်မှူး နစ္စတယ်ရှိုင်းက ပွဲချိန် ၃၄မိနစ်တွင် သွင်းယူခဲ့သဖြင့် ပထမပိုင်းပွဲချိန်၌ပင် ရီးရဲမက်ဒရစ်တို့ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိနေခဲ့သည်။

**လိုင်လီနှင့် မန်ယူတို့ပွဲတွင် မန်ယူမှ စီရိုနယ်ဒို ဤသို့ထိုးဖောက်ကစားခဲ့သည်။** (ဓာတ်ပုံ-အင်တာနက်)

ဂျာမနီကလပ် ဘိုင်ယန်မြူးနစ်၏ တိုက်စစ်မှူး ပိုဒေါစကီးနှင့် မက်ကေးတို့ ချေပဂိုးရရှိရေး ရီးရဲမက်ဒရစ် နောက်တန်းကို ဖြတ်ကျော်ဂိုးသွင်းနိုင်ရန် ကြိုးစားသော်လည်း အပိုင်ကန်သွင်းခွင့် အနည်းငယ်သာ ရရှိခဲ့သည်။ ပွဲချိန် ၈၈မိနစ်ရောက်မှသာ ဘိုင်ယန်မြူးနစ် ကွင်းလယ်ကစားသမား မာ့ခ်ဗင်ဘွန်မဲလ်က ချေပဂိုးတစ်ဂိုး ပြန်သွင်းယူခဲ့၍သာ နှစ်ဂိုး-သုံးဂိုးဖြင့် ဘိုင်ယန်မြူးနစ်တို့ ရှုံးနိမ့်ခဲ့ရခြင်း ဖြစ်သည်။

## ပီအက်စ်ဗွီအိုင့်ဟိုဗင်နှင့် အာဆင်နယ်

ဟော်လန်ကလပ် ပီအက်စ်ဗွီကို အာဆင်နယ်တို့ အကြိတ်အနယ်ကစားခဲ့ရသော်လည်း အဆုံးသတ် ညံ့ဖျင်းမှုကြောင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ အွန်နရီ၊ အဒီဘာယောတို့ တိုက်စစ်အတွဲက ပီအက်စ်ဗွီနောက်တန်းကို ၁၃ကြိမ် ထိုးဖောက် ကစားနိုင်ခဲ့ပြီး အပိုင်ကန်သွင်းခွင့် ငါးကြိမ်ခန့် ရရှိခဲ့သော်လည်း အာဆင်နယ်တိုက်စစ်မှူးများ ဂိုးဝင်အောင် မသွင်းနိုင်ခဲ့ချေ။

အိမ်ကွင်း၌ ၄း၄း၂ ပုံစံဖြင့် ခင်းကျင်းခဲ့သော ပီအက်စ်ဗွီအသင်းသည် အသင်းလိုက်စုစည်းမှု အားကောင်းကောင်းဖြင့် တည်တည်ငြိမ်ငြိမ် ကစားခဲ့ရာ ပွဲချိန် ၆၁မိနစ်၌ ကွင်းလယ်ကစားသမား မင်ဒတ်က တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူပေးနိုင်ခဲ့သည်။

အာဆင်နယ်အသင်းသည် ချေပဂိုးနှင့် အနိုင်ဂိုးများ သွင်းယူနိုင်ရေးအတွက် လက်ဘ်အစား ဘာတစ္စတာကို ထည့်သွင်းကစားစေခဲ့သော်လည်း တစ်ဂိုးမျှ မသွင်းနိုင်ဘဲ အဝေးကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရသည်။

အာဆင်နယ်သည် ဒုတိယအကျော့ အိမ်ကွင်း၌ ရေကုန်ရေခန်း ကစားရမည့် အနေအထားရှိသည်။

**ရီးရဲမက်ဒရစ်နှင့် ဘိုင်ယန်မြူးနစ်တို့ပွဲတွင် ရီးရဲမက်ဒရစ်မှ ဂွန်ဇာလို ဂီရာဒို** (ယာ) **ဤသို့ထိုးဖောက်ကစားခဲ့သည်။** (ဓာတ်ပုံ-အင်တာနက်)

## ဆဲလ်တစ်နှင့် အေစီမီလန်

စကော့တလန်ကလပ် ဆဲလ်တစ်နှင့် အီတလီကလပ် အေစီမီလန်တို့ပွဲတွင် အေစီမီလန်တို့ ခြေအသာဖြင့် ကစားနိုင်ခဲ့သော်လည်း တိုက်စစ်မှူးများဖြစ်သည့် ဂီလာဒီနို၊ ပီယာလို၊ ကာကာနှင့် ဂတ်တူဆိုတို့ ဂိုးသွင်းမသေချာမှုကြောင့် တစ်ဂိုးမျှ မသွင်းယူနိုင်ဘဲ ဖြစ်ခဲ့ရသည်။ ပထမပိုင်း ပွဲပြီးချိန်အထိ ဂိုးမသွင်းနိုင်ခဲ့သဖြင့် ဆဲလ်တစ်က တိုက်စစ်မှူး မီလ်လာအစား ဂျာရိုစကီ၊ လီနွန်အစား ဂရာဗီဆင်တို့ကို ထည့်သွင်းကစားခဲ့သလိုပင် အေစီမီလန်ကလည်း ကာလက်ဇီအစား ဘိုနေရာနှင့် ဂီလာဒီနိုအစား အိုလီဗီယာကို ထည့်သွင်း ကစားစေခဲ့သော်လည်း ဂိုးမရရှိဘဲ ဖြစ်ခဲ့ရသည်။

အေစီမီလန်က အပိုင်ဂိုးသွင်းခွင့် ငါးကြိမ်ရရှိခဲ့သော်လည်း ဂီလာဒီနို၊ ပီယာလိုနှင့် ကာကာတို့ ဆန္ဒစောနေမှုကြောင့် ဂိုးမဝင်ခဲ့သဖြင့် သရေပွဲဖြစ်ခဲ့ရခြင်းဖြစ်သည်။

**(အင်တာနက်)**

## ဖခင်အမည်မှန်

ဗဟန်းမြို့နယ်၊ အမှတ်-၂၊ အခြေခံအဆင့်မြင့်ကျောင်း Grade 9၊E မောင်စည်သူ၏ ဖခင်အမည်မှန်မှာ ဦးကျော်စွာထွန်း ဖြစ်ပါသည်။

**ဦးကျော်စွာထွန်း။**

## မြန်မာနိုင်ငံစာရင်းကောင်စီ ဒီပလိုမာစာရင်းကိုင်(ဒုတိယပိုင်း)စာမေးပွဲ(၂၀၀၇)

၁။ ဒီပလိုမာစာရင်းကိုင်(ဒုတိယပိုင်း)စာမေးပွဲကို ၂၀၀၇ ခုနှစ် ဧပြီ ၂၃ ရက်မှ ၂၇ ရက်အထိ စာရင်းစစ်ချုပ်ရုံး၊ သင်တန်းကျောင်း ၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်တွင်ကျင်းပပါမည်။

၂။ စာမေးပွဲဖြေဆိုမည့်သူများသည် ပြဋ္ဌာန်းထားသည့်လျှောက်လွှာပုံစံကို အထက်ပါ သင်တန်းကျောင်းရှိ မြန်မာနိုင်ငံစာရင်းကောင်စီရုံးတွင် တစ်စောင်လျှင် ကျပ် ၂၀ နှုန်းဖြင့် ဝယ်ယူ၍ အောက်ပါတို့ကို ပူးတွဲလျက် အတွင်းရေးမှူး၊ စာရင်းကိုင်အလုပ်သင်နှင့် သင်တန်းကြီးကြပ်ရေးကော်မတီထံ ၁၃-၃-၂၀၀၇ ရက်မှ ၂၁-၃-၂၀၀၇ ရက်အတွင်း လျှောက်လွှာတင်သွင်းရပါမည်။
(က) စာမေးပွဲကြေး ကျပ် ၃၀၀ ကို မြန်မာနိုင်ငံစာရင်းကောင်စီသို့ ပေးသွင်းသည့် ငွေရပြေစာမူရင်း၊
(ခ) လိုင်စင်ဓာတ်ပုံ ၃ ပုံ
(ဂ) နိုင်ငံသားစိစစ်ရေးလက်မှတ်

၃။ ဖြေဆိုခွင့်လက်မှတ်များကို ၄-၄-၂၀၀၇ ရက်မှ ၁၁-၄-၂၀၀၇ ရက်အထိ ဖြေဆိုမည့်သူကိုယ်တိုင်(နိုင်ငံသားစိစစ်ရေးလက်မှတ်ပြသလျက်)လာရောက်ထုတ်ယူရမည်။

၄။ လိုအပ်ချက်မပြည့်စုံသည့် လျှောက်လွှာများနှင့် သင်တန်းခေါ်ချိန် ၆၀ ရာခိုင်နှုန်း မပြည့်သည့် သင်တန်းသားများ၏ လျှောက်လွှာများအတွက် စာမေးပွဲဖြေဆိုခွင့်ပြုမည်မဟုတ်ပါ။ ရက်လွန်ပြီးမှ တင်သွင်းလာသည့် လျှောက်လွှာများအတွက် မည်သည့်အကြောင်းပြချက်ကိုမှ လက်ခံစဉ်းစားပေးမည်မဟုတ်ပါ။

၅။ ဒီပလိုမာစာရင်းကိုင်(ဒုတိယပိုင်း) စာမေးပွဲကို သုံးနှစ်ဆက်တိုက် ဖြေဆိုကျရှုံးပြီးသူများလည်း စာမေးပွဲဖြေဆိုခွင့်လျှောက်ထားနိုင်ပါသည်။ လျှောက်ထားသည့်အခါ ယခင်တက်ရောက်ဖြေဆိုခဲ့သည့် အထောက်အထားများဖြင့် တင်ပြလျှောက်ထားရပါမည်။

**သိန်းမြင့်(အတွင်းရေးမှူး)။**

## ကျေးဇူးဆပ်ပါမည်

ကျွန်တော်ဦးတင်ဝင်း၏ နိုင်ငံကူးလက်မှတ်အမှတ် -၈၂၀၈၈၄နှင့် ကျွန်မ ဒေါ်မြင့်မြင့်ရွှေ၏ နိုင်ငံကူးလက်မှတ် အမှတ်-၈၂၀၈၂၆ တို့ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။

**ဦးတင်ဝင်း၊ ဖုန်း-၃၉၂၃၉၆**
**ဒေါ်မြင့်မြင့်ရွှေ၊**
**ဖုန်း-၀၉-၅၀-၁၇၉၇၆။**

## အမည်ဖြည့်စွက်ခြင်း

ဦးတင်ဝင်း၏ သားကြီး မောင်ကျော်နန္ဒဝင်းအား မောင်သီဟထွန်းရှိန်(ခ) မောင်ကျော်နန္ဒဝင်းဟုလည်းကောင်း၊ သားငယ် မောင်ဘုန်းသီဟခိုင်အား မောင်ဘုန်းသီဟခိုင် (ခ)မောင်ကျော်မင်းခန့်ဟု လည်းကောင်း ဖြည့်စွက်ခေါ်ပါရန်။

**မောင်သီဟထွန်းရှိန်(ခ)မောင်ကျော်နန္ဒဝင်း**
**၁၃/ကလတ(နိုင်)၀၁၇၆၈၃**
**မောင်ဘုန်းသီဟခိုင်(ခ)မောင်ကျော်မင်းခန့်။**




## ရောင်းမည်

ပေ 110 ပတ်လည်
(ညှိနှိုင်းဈေးဖြင့်ရောင်းမည်) ခိုင်ရွှေဝါလမ်း
တောင်တွင်းကြီးမြို့ ဖုန်း-၀၁-၅၄၉၈၃၂။



## အများသိသာရန်ကြေညာချက်

ယာဉ်အမှတ် ဗ-၉၆၈၁(နစ်ဆန်း၊ဆန်နီ ဆလွန်း)၃က/၉၂၅၈(တိုယိုတာကိုရိုလာဗင်) ၂ခ/၁၆၀၁(တိုယိုတာကရောင်းဆလွန်း)နှင့် ၂ခ/၉၀၂၉(တိုယိုတာမတ်တူးဆလွန်း)တို့သည် ကျွန်တော်မှပိုင်ဆိုင်ပြီး ဦးအောင်မျိုး ၁၂/ဥကတ(နိုင်) ၁၂၃၁၁၉၊ S/OKA-117394 သို့ ငှားရမ်းထားသည့်ကားများသာ ဖြစ်သောကြောင့် ကျွန်တော်၏သဘောတူညီမှုမရှိဘဲ မည်သူမျှထပ်ဆင့်သုံးစွဲခြင်း၊ လက်ဝယ်ထားခြင်း၊ တစ်နည်းနည်းလွှဲပြောင်းခြင်း စသည်ပြုခွင့်မရှိကြောင်းနှင့် တစ်ဆင့်လက်ဝယ်ထားရှိသူများ ကျွန်တော်နှင့် ဆက်သွယ်မှုပြုကြပါရန် အသိပေးကြေညာအပ်ပါသည်။

လိုက်နာမှုမရှိက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားတော့မည် ဖြစ်ပါသည်။

**ဦးဖုန်းမြင့် S/OKA-079740**
**၃၂(ဈေ-၂)၊ နတ်မောက်ရိပ်သာလမ်း**
**ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်**
**ရန်ကုန်မြို့။ ဖုန်း-၅၄၆၉၈၆။**




## ဂေါက်သီးရိုက်ပြိုင်ပွဲ

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

မြန်မာနိုင်ငံ ဆရာဝန်အသင်းဂေါက်သီးရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက် ပြိုင်ပွဲအတွက် ဖေဖော်ဝါရီ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ၂၅ ရက် (တနင်္ဂနွေနေ့)နံနက် ၅ နာရီခွဲတွင် မြန်မာနိုင်ငံ ဂေါက်ကွင်း(ကိုးမိုင်)၌ ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

## ဂရင်းရွိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ မော်လမြိုင်မြို့ ငန်းတေးဂေါက်ကလပ်၌ကျင်းပမည်

GRAND ROYAL
Golf Championship

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ International Beverages Trading Co.,Ltd. က အဓိက ကူညီပံ့ပိုးသော ဂရင်းရွိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ လက်ရည်စစ်ပြိုင်ပွဲကို မတ် ၃ ရက်နှင့် ၄ ရက်တို့တွင် မော်လမြိုင်မြို့ ငန်းတေး ဂေါက်ကလပ်၌ ကျင်းပမည်ဖြစ်သည်။

ယင်းတတိယ လက်ရည်စစ်ပြိုင်ပွဲမှ အကောင်းဆုံးရိုက်ချက် ဂေါက်သီးရိုက် အားကစားသမား လေးဦးကို ရွေးချယ်မည်ဖြစ်သည်။

### အကျောပေးပြိုင်ပွဲ

အဆိုပါပြိုင်ပွဲတွင်စိန့်အင်ဒရူးဥပဒေသ (St.Andrews)နှင့် ဒေသန္တရ စည်းမျဉ်းဥပဒေများအတိုင်း လိုက်နာကျင့်သုံးသွားမည်ဖြစ်ပြီး ပြိုင်ပွဲကို အချက်အကျောပေးပြိုင်ပွဲ System (36) ဖြင့် ကျင်းပသွားမည်ဖြစ်သည်။

ယင်းပြိုင်ပွဲ၏ Main Sponsor မှာ International Beverages Trading Co., Ltd.ဖြစ်၍ Co-Sponsors များအဖြစ် Air Mandalay, Hotel Nikko, Srixon, Alpine Purified Drinking Water တို့က လည်း ထပ်မံ၍ ပံ့ပိုးကူညီကြမည် ဖြစ်ပြီး ပြိုင်ပွဲဖြစ်မြောက် အောင်မြင်ရေးအတွက် Organized by Han Event Management တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်သည်။

### ဆက်သွယ်စာရင်းပေးသွင်း

ပါဝင် ယှဉ်ပြိုင်လိုသော ဂေါက်သီးရိုက် အားကစားသမားများသည် ဖုန်း-၀၅၇-၂၁၈၃၁ သို့ ဆက်သွယ်စာရင်း ပေးသွင်းရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## သမီးမမိုးဝင်းအေး ၁၂/တမန(နိုင်)၀၀၄၃၀၃အား ရာသက်ပန်အမွေပြတ်စွန့်လွှတ်ခြင်း

သမီးဖြစ်သူမမိုးဝင်းအေး ၁၂/တမန(နိုင်)၀၀၄၃၀၃သည် မိဘမောင်နှမများ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိမိဆန္ဒသဘောအလျောက် အိမ်ထောင်ပြုပြီး ၁၁-၁-၂၀၀၇ရက်မှစ၍ ယနေ့တိုင် နေအိမ်သို့ပြန်လာခြင်းမရှိပါ။ မိဘမောင်နှမများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်မယူတော့ကြောင်း အသိပေးကြေညာလိုက်ပါသည်။
**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဖခင်-ဦးလှဝင်း ၁၂/တမန(နိုင်)၀၄၃၉၆၈**
**မိခင်-ဒေါ်လှလှဝင်း ၁၂/တမန(နိုင်)၀၄၃၆၇၉**
**ညီမ-မမိုးနှင်းအေး ၁၂/တမန(နိုင်)၁၀၀၀၃၉**
**ညီမ-မဝင်းဝင်းအေး ၁၂/တမန(နိုင်)၀၉၆၆၈၉**
**အမှတ်၁၁၇၊ ၁၅၇လမ်း၊ (က+ဂ)ရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်။**

## တူညီဝတ်စုံပေးအပ်

**အလုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား တူညီဝတ်စုံပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၅ ရက်က အဆိုပါ ရုံးခန်းမ၌ကျင်းပရာ မိသားစု စည်းကမ်းထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးယုက ပေးအပ်ရာ ဝန်ထမ်းများကိုယ်စား ဒုတိယဦးစီးမှူး ဒေါ်သင်းသင်းလှိုင်က လက်ခံယူစဉ်။ (က-ပ)**

## မှုးယစ် ကင်းစင် အလှဆင်

# ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
# ပညာရေးဝန်ကြီးဌာန
# မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
# ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု သင်ရိုးသစ်ဓာတုဗေဒဘာသာ သင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

## တက္ကသိုလ်ဝင်တန်းစာမေးပွဲ

## သင်ရိုးသစ် ဓာတုဗေဒသိမှတ်ဖွယ်ရာ

**မင်္ဂလာပါတပည့်တို့-**

ဓာတုဗေဒသည် ဒြပ်တို့၏ ဖွဲ့စည်းပုံ (Composition)၊ ဂုဏ်သတ္တိများ (Properties) နှင့် တည်ဆောက်ပုံ (Structure) တို့ကိုလည်းကောင်း၊ အရာဝတ္ထုတို့ အသွင်တစ်မျိုးမှ တစ်မျိုးသို့ ပြောင်းလဲနိုင်သော နည်းလမ်းများ (Ways in which substances can change from one form to another) သို့မဟုတ် အရာဝတ္ထုတို့ တစ်ခုနဲ့တစ်ခု ဓာတ်ပြုနိုင်သော နည်းလမ်းများ (Ways in which substances can react with one another) ကိုလည်းကောင်း၊ (Study) လေ့လာသော ဘာသာရပ် ဖြစ်တယ်ဆိုတာကို Grade (10) နဲ့ Grade (11) ပြဋ္ဌာန်းစာအုပ်များရဲ့ နိဒါန်း (Introduction) မှာ ဖော်ပြထားတာကို သဘောပေါက်မိထားဖို့ လိုအပ်လှပါတယ်။

ဒီလိုသိထားပြီးတော့ နောက်စာအုပ်ပါအခန်းများကို ကြည့်မယ်ဆိုရင် အခန်း (၁)ပါ အချက်အလက်များသည် ကျန်အခန်းများပါအချက်အလက်များအတွက် သိရှိထားရမယ့် အခြေခံအချက်များ ပါရှိနေတယ်ဆိုတာ တွေ့ရပါမယ်။ အထက်တွင် ဖော်ပြခဲ့သော ပြဋ္ဌာန်းစာအုပ်နိဒါန်းပါ ဓာတုဗေဒဘာသာရပ်မှ အဓိကလေ့လာတဲ့ အချက်တွေဟာ ဒြပ်စင်တို့ရဲ့ အီလက်ထရွန် တည်ဆောက်ပုံ (Electronic Structure) ပေါ်တည်မှီနေပါတယ်။ ဒါကြောင့်မို့ Complete နဲ့ Essential Electronic Structure of Elements ကို ရေးတတ်ဖို့ လိုပါတယ်။ ရှုရှုသမျှသော အရာဝတ္ထုတို့ကို ဓာတ်ခွဲကြည့်ရင် ဒြပ်စင်အမျိုးအစား(၁၀၀) ကျော်လောက်ထက် ပိုမတွေ့နိုင်ပါဘူး။ ဒီဒြပ်စင်တွေရဲ့ Electronic Structure တွေဟာ စနစ်မရှိဖြစ်နေတာ မဟုတ်ပါဘူး။ သဘာဝအရ ထိန်းချုပ်ထားတဲ့ ဒြပ်စင်တို့ရဲ့ အလှည့်ကျဂုဏ်သတ္တိ (Periodicity) ရှိပါတယ်။ ဒါတွေကို လိုရင်းတိုရှင်း အနှစ်ချုပ်ဖော်ပြနေတာကတော့ ဒြပ်စင်တို့၏ အလှည့်ကျဇယား (Periodic Table of Elements) ဖြစ်ပါတယ်။ ဒီဇယားကို ကြေညက်စွာ သဘောပေါက်ဖို့ လိုပါတယ်။ ဒီလိုကြေညက်စွာ သိရှိနားလည်ထားခြင်းဖြင့် စာအုပ်ပါ သင်ခန်းစာများသည် အလွတ်သက်သက် ကျက်မှတ်စရာတွေ မဟုတ်ဘဲ၊ အားလုံးကို စုစည်းထားတဲ့စနစ် (Unifying Principle) အရ ကြောင်းကျိုးဆက်စပ်မှုရှိပြီး၊ အဓိပ္ပာယ်ရှိရှိ လေ့လာကျက်မှတ်ရတာဖြစ်ကြောင်းကို ဒီနေ့ မဆွေးနွေးခင်မှာ ကြိုတင်မှာကြားလိုပါတယ်။

ဒီကနေ့ ဆွေးနွေးမယ့် သင်ခန်းစာကတော့ လာမယ့် ၂၀၀၇ ခုနှစ် မတ်လမှာကျင်းပမယ့် တက္ကသိုလ်ဝင်တန်းစာမေးပွဲမှာ ဓာတုဗေဒဘာသာရပ်ကို ဖြေဆိုတဲ့အခါမှာ ထိထိရောက်ရောက်နဲ့ ဖြေဆိုနိုင်အောင်၊ အမှတ်များများရအောင် ကျောင်းသူ/ကျောင်းသားများအတွက် ရည်ရွယ်ပြီးတော့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အမှတ်များများရအောင်၊ အမှတ်ပြည့်ရအောင် ဘယ်လိုကျက်မှတ်သင့်တယ်ဆိုတဲ့အကြောင်းကိုလည်း ဆွေးနွေးမှာ ဖြစ်ပါတယ်။ တပည့်တို့အနေနဲ့ မေးခွန်းဟောင်းများကို ပြန်လည်လေ့ကျင့်ထား ဖို့လိုပါတယ်။ မေးခွန်းဟောင်းတွေမှာ ကြည့်မယ်ဆိုရင် အမှတ်ပေါင်း စုစုပေါင်း(၁၄၄)မှတ်ဖိုးမေးတာ တွေ့ရပါမယ်။ (၁၄၄) မှတ်ဖိုးထဲက အမှတ်(၁၀၀)ဖိုး ဖြေဆိုရမှာ ဖြစ်ပါတယ်။ မေးခွန်းအားလုံး စုစုပေါင်း အပုဒ် (၈)ပုဒ် ပါပါတယ်။ မေးခွန်းနံပါတ် (1)ကနေ (5)အထိ၊ Objective type question ဖြစ်ပါတယ်။ မဖြေမနေရ ဖြစ်ပါတယ်။ (၁)မှတ်တန် မေးခွန်းတွေလည်း ဖြစ်ပါတယ်။ စုစုပေါင်း (၃၆)မှတ် ပေးထားပါတယ်။ မေးခွန်းနံပါတ်(6) သည်လည်း မဖြေမနေရ မေးခွန်းဖြစ်ပါတယ်။ အားလုံး (၆) ပုဒ်၊ (၁၂)မှတ်ဖိုး ပေးထားတာ ဖြစ်ပါတယ်။ မေးခွန်းနံပါတ် (7) နဲ့ (8)မှာတော့ ရွေးချယ်စရာအပုဒ်များကို ပေးထားတာမို့ လွယ်လွယ်ကူကူနဲ့ ဖြေဆိုနိုင်မယ်လို့ မျှော်လင့်မိပါတယ်။ ဆက်လက်ပြီးတော့ Chapter အလိုက် လေ့ကျင့်ရာမှာ Chapter (1) ကနေပဲစမှာ ဖြစ်ပါတယ်။ Chapter (1) မှာရှိတဲ့ Definition တွေကို ရထားဖို့ လိုပါတယ်။ Atomic number, mass number, isotopes, electro-positive element, electronegative element, ionization energy, electron affinity အဲဒါတွေကိုတော့ ကြေကြေညက်ညက် ရထားဖို့လိုပါတယ်။ Definition အပိုင်းက(၁)မှတ်တန် မေးခွန်းဆိုရင်တော့ ဥပမာပေးစရာတော့ မလိုပါဘူး။ တစ်ခါတစ်ရံမှာ (၂)မှတ်တန် မေးခွန်းမှာ Definition ကို မေးထားပေမဲ့၊ (၂)မှတ်တန် မေးခွန်းဖြစ်တဲ့အတွက်ကြောင့် ဥပမာပါ ထည့်ဖြေပေးဖို့ လိုပါတယ်။ အဲဒါကိုတော့ သတိထားဖို့ လိုပါတယ်။ ဒီ Chapter (1) မှာ Electronic structure, electronic structure မှာ Complete electronic structure, essential electronic structure, group တွေ ရှာတတ်ရမယ်။ Period တွေ ရှာတတ်ရမယ်။ Valence ရှာတတ်ရမယ်။ Metal တွေ၊ Non-metal တွေ၊ Metalloid တွေ ရှာတတ်ရမယ်။ တနည်းအားဖြင့် Periodic table ကို ကောင်းကောင်း ကြေကြေညက်ညက် ရထားဖို့လိုပါတယ်။ Atomic number 1 ကနေ Atomic number 20 အထိ ဂရုစိုက် လေ့ကျင့်ထားဖို့ လိုပါတယ်။ ဆက်လက်ပြီးတော့ ဒီအခန်းနဲ့ ပတ်သက်ပြီးတော့ Ionic bond, covalent bond, metallic bond, co-ordinate bond တို့ကိုလည်း ဥပမာတွေနဲ့ သိရှိထားဖို့ လိုပါတယ်။ Co-ordinate bond မှာ ဘယ်လိုမျိုးနဲ့ ပတ်သက်နေတယ်ဆိုတာလည်း နိုက်နိုက်ချွတ်ချွတ် သိထားဖို့လိုပါတယ်။ Co-ordinate bond ဖြစ်ဖို့ဆိုရင် Lone pair ရှိတဲ့ Atom ပါတဲ့ Molecule ရှိရမယ်။ ကျန် Molecule မှာပါတဲ့ Atom တစ်ခုဟာ electron ချို့တဲ့နေရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ Co-ordinate bond ဖြစ်ဖို့ Reactant တစ်ခုမှာ ပါဝင်တဲ့ Atom တစ်ခုဟာ ရှစ်ခုစည်းမျဉ်းမှ သွေဖည်နေတဲ့ Electron defficient molecule ဖြစ်ရမှာ ဖြစ်ပါတယ်။ နောက် Chapter (2) အနေနဲ့ ကြည့်မယ်ဆိုရင်လည်း Gas law တွေ ပါဝင်တာမို့၊ Gas law တွေမှာ ဘယ် Law တွေ ရှိတယ်။ Boyle's law, Charles' law, Dalton's law, Graham's law, Avogadro theory, Gay-lussac's law အားလုံးကို ကြေကြေညက်ညက် ရထားဖို့လိုပါတယ်။ တချို့ Gas law တွေမှာ Mathematical expression ကိုပဲ ဖြေလည်းရပါတယ်။ Example အနေနဲ့ Charles' Law ကို Mathematical expression နဲ့ ဖြေပါလို့ပြောရင် $V \propto T$ (P and m are kept constant) V က Volume၊ T က Temperature၊ P က Pressure၊ m က Mass ဆိုပြီးတော့ အောက်ကနေ ပြန်ပြီးတော့ ပြောဖို့လိုပါတယ်။ ဒီအခန်းနဲ့ ပတ်သက်ပြီး ပုစ္ဆာတွက်တွေလည်း ကြေကြေညက်ညက် တွက်ထားဖို့လိုပါတယ်။ Chapter (1) မှာလည်း မေးခွန်းတွေကို ပြန်လေ့လာပြီးတော့ အမှတ်ကိုဘယ်လောက်ပေးလဲ ကြည့်မယ်ဆိုရင် (၁၀)မှတ်ဖိုး၊ Chapter (2) မှာလည်း (၁၀)မှတ်ဖိုးခန့် ရှိတာကို တွေ့ရပါတယ်။ ဒီ Chapter (1) နဲ့ Chapter (2) ဟာ Section (A) မှာ မေးသလို၊ Section (B) မှာလည်းမေးတာကို တွေ့ရှိရပါမယ်။ Section (B) အပိုင်းမှာဆိုရင် (၂)မှတ်တန် မဖြေမနေရမှာ မေးသလို၊ (၄)မှတ်တန်မှာလည်း မေးထားတာကို တွေ့ရပါတယ်။ Chapter (3) အနေနဲ့ကတော့ Stoichiometry ဖြစ်တဲ့အတွက် တွက်ရမယ့် ပုစ္ဆာတွေ ပါလာပါတယ်။ ဒြပ်တို့ရဲ့ ဖွဲ့စည်းပုံ (Composition) ကိုလည်းကောင်း၊ စီးပွားဖြစ်ထုတ်လုပ်ရန် တွက်ခြေကိုက်မယ့် ဓာတ်ပြုခြင်းကိုလည်းကောင်း လေ့လာတွက်ချက်ရတာမို့ အရေးကြီးတဲ့ အခန်းတစ်ခု ဖြစ်ပါတယ်။ အနည်းဆုံး (၈)မှတ်တန် အပုဒ်ကြီးမေးထားတာမို့ ကျောင်းသူ/ကျောင်းသားများ ပုစ္ဆာတွေကို ကြေကြေညက် ညက် တွက်ပြထားဖို့ လိုပါတယ်။ နောက် Chapter (4) Electrolysis အခန်းလည်း ဒီအတိုင်းပါပဲ၊ Section (A) မှာလည်း မေးထားသလို၊ Section (B) မှာလည်း မေးထားပါတယ်။ Section (B) မှာ ဆိုရင်တော့ (၄)မှတ်တန် မေးခွန်းမှာ မေးထားတာ တွေ့ရှိရမှာ ဖြစ်ပါတယ်။ နောက် ဒီ Chapter (3) နဲ့ ပတ်သက်ပြီးတော့ အမှတ်ခွဲဝေပုံအရ (၁၃)မှတ်၊ အမှတ်အများဆုံး ရွေးထားတာကို တွေ့ရှိရပါမယ်။ Chapter (4) ကတော့ (၁၀)မှတ်ဖိုးခန့် မေးထားတာကို တွေ့ရှိရပါမယ်။ Chapter (5) က Oxidation-reduction အခန်းဖြစ်တယ်။ Oxidation-reduction နဲ့ ပတ်သက်တဲ့ Definition တွေ အထူးသဖြင့် ခေတ်မီနည်း၊ Electronic point of view၊ Electron ရွှေ့ပြောင်းနည်းအရ Oxidation နဲ့ Reduction အဓိပ္ပာယ် သတ်မှတ်ပုံတွေ၊ Oxidizing agent, reducing agent တွေ့ရဲ့ အဓိပ္ပာယ်သတ်မှတ်ပုံတွေ၊ Oxidizing agent example တွေ၊ Reducing agent example တွေ၊ အဲဒါတွေ ကောင်းမွန်စွာ ရထားဖို့လိုပါတယ်။ Oxidation agent နဲ့ Reducing agent မှာ ဘယ် Agent ကနေ Electron တွေ ပြောင်းရွှေ့သွားတယ်ဆိုတာကိုလည်း ကြေကြေညက်ညက် သိထားဖို့ လိုပါတယ်။ ဒီနေရာမှာ Oxidation-reduction reaction တွေနဲ့ ပတ်သက်ပြီးတော့ ညှိယူတဲ့အခါမှာလည်း ညှိယူပုံ ညှိယူနည်း (Balancing Redox Equation) ကိုလည်း ပိုင်ပိုင်နိုင်နိုင် လေ့ကျင့်ထားဖို့ လိုပါတယ်။ ဒီအခန်းက Chapter (3) နဲ့လည်း နည်းနည်းအကျုံးဝင်ပါတယ်။ Titration ကဏ္ဍမှာ တစ်ခါတစ်ရံမှာ Oxidation-reduction titration တွေပါဝင်လာတာမို့ ဒီ Chapter (5) ဟာ Chapter (3) ကို Support လုပ်နေတာကို အထောက်အပံ့ပေးနေတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဥပမာ အားဖြင့် Acidified $KMnO_4$ နဲ့ $FeSO_4$ တို့ Titration မှာဆိုရင် မဖြစ်မနေ Ionic equation ကိုရေးရမှာ ဖြစ်တဲ့အတွက်ကြောင့် ဒီ Chapter (5) ရဲ့ အရေးပါမှုဟာလည်း သိသာထင်ရှားလှပါတယ်။ ဒီ Chapter (5)ဟာလည်း အမှတ်ခွဲဝေမှုအရ (၉)မှတ်ခန့် ဖြစ်တာကို တွေ့ရှိရပါတယ်။ ဓာတ်တိုး ဓာတ်လျှော့ ညီမျှခြင်း ညှိတဲ့နည်းက ကျွမ်းကျင်ထားရင် အလွန်အသုံးဝင်ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ဓာတ်ပြုခြင်းတိုင်းနီးနီးဟာ (Double Decomposition မှလွဲ၍) Redox ဓာတ်ပြု ခြင်းများဖြစ်တဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ Chapter (6)ကတော့ Rate of reaction and equilibrium ဖြစ်ပါတယ်။ Rate of reaction definition ကို အဓိပ္ပာယ်သတ်မှတ်တာကို Text book ထဲမှာ ပါတဲ့အတိုင်း Concentration အရ အဓိပ္ပာယ်သတ်မှတ်ထားတာကို သေသေချာချာ သိထားဖို့လိုပါတယ်။ Rate of reaction နဲ့ ပတ်သက်ပြီးတော့ Influence ဖြစ်နေတဲ့ Factors (၆)ခုကိုလည်း အသေးစိတ်သိထားဖို့ လိုပါတယ်။ ဒီနေရာမှာ Effect of temperature မှာ Activation energy, activated complex အကြောင်းကိုလည်း သိရှိထားဖို့၊ Definition တွေကိုလည်း ရထားဖို့လိုပါတယ်။ Catalyst နဲ့ပတ်သက်ပြီးတော့ Positive catalyst, negative catalyst တို့ရဲ့ Definition တွေကိုလည်း ရထားဖို့ လိုပါတယ်။ Enzyme တွေကို Bio-catalyst လို့ ခေါ်တယ်ဆိုတဲ့ အကြောင်းကိုလည်း သိရှိထားဖို့ လိုပါတယ်။ ဒီ Enzyme နဲ့ ပတ်သက်ပြီးတော့ Equation တစ်ကြောင်းကို ရေးပါဆိုရင် ရေးတတ်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီအခန်းနဲ့ ပတ်သက်ပြီးတော့ အမှတ်ခွဲဝေမှုကတော့ နှစ်ဟောင်းမေးခွန်းများကို လေ့လာလိုက်မယ်ဆိုရင်၊ ဒီ Chapter မှာ (၇)မှတ်ခန့် ဖြစ်တာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒီအခန်းရဲ့ နောက်ဆုံးမှာ Equilibrium ကို လွှမ်းမိုးနေတဲ့ Factor (၃)ခု၊ Pressure, temperature, concentration ကိုလည်း သိရှိရပါမယ်။ ဒီ Eqilibrium ကိုလွှမ်းမိုးနေတဲ့ Principle တစ်ခုဖြစ်တဲ့ Le-Chatelier's Principle ရဲ့ Definition ကိုလည်း ရထားဖို့ လိုပါတယ်။ သူနဲ့ ပတ်သက်တဲ့ Equation တွေနဲ့ Equation တွေကို ကြည့်ပြီးတော့ Pressure effect, temperature effect နှင့် Concentration effect တို့ကိုလည်း ကောင်းမွန်စွာ၊ တိတိတုတ်တုတ်နှင့် ရှင်းပြတတ်ဖို့ လိုပါတယ်။ နောက် Chapter (7) ကတော့ ကျောင်းသူ/ကျောင်းသားများ အများစုဖြေဆိုတဲ့ Chapter တစ်ခု ဖြစ်ပါတယ်။ ဒီ Chapter မှာ Definition တွေရှိသလို၊ Hess's law အရ Equation တွေ ရေးချပြီး တွက်တဲ့ ပုစ္ဆာတွေ လည်းပါဝင်ပါတယ်။ ဒီ Chapter မှာ အမှတ်ခွဲဝေပုံအရတော့ (၁၁)မှတ်ခန့် ရှိတာကို တွေ့ရှိရပါတယ်။ Chapter ရဲ့ Definition တွေကို ကြည့်မယ်ဆိုရင် Heat of combustion, Heat of formation, Heat of neutralization အဲဒါတွေကို Example နဲ့ ရထားရမှာ ဖြစ်ပါတယ်။ တပည့်တို့အနေနဲ့ သိထားဖို့က Heat of combustion ကို Example နဲ့ ရေးပြပါဆိုရင် ကျောင်းသူ/ကျောင်းသား အများစုဟာ Combu- stion ရဲ့ Definition ကို လွယ်ကူစွာ ရေးတတ်ပေမယ့်၊ သူ့ရဲ့ Example ကို မှန်ကန်စွာ မရေးပြတတ်တာကို တစ်ခါတစ်ရံ တွေ့ရှိရတတ်ပါတယ်။

For example အနေနဲ့ ပြောမယ်ဆိုရင် $C\,(graphite) + O_2\,(g) \rightarrow CO_2\,(g)$ ဘေးနားမှာ Enthalpy change ($\Delta H^{\theta} = -393$ kJ/mol) ကိုလည်း ရေးပြရမှာ ဖြစ်ပါတယ်။ $\Delta H$ (-) လို့ ရေးပြရမှာ ဖြစ်ပါတယ်။ တန်ဖိုးမသိရင်လည်း ($\Delta H^{\theta} = -q$ kJ/mol) လို့ ရေးရမှာဖြစ်ပါတယ်။ Equation ရေးပြီးတော့ Enthalpy change ရဲ့ သင်္ကေတမပါဘူးဆိုရင် Thermochemical equation မပီသဘူးဆိုတာကိုလည်း တပည့်တို့ နားလည်သဘောပေါက်ဖို့ လိုပါတယ်။ နောက်တစ်ခါ Carbon အနေနဲ့ပတ်သက်ပြီးတော့လည်း Graphite ကိုပဲ သုံးရပါမယ်။ Carbon solid သုံးရမှာ မဟုတ်ပါဘူး။ Carbon ရဲ့ Symbol ကို ဖော်ပြရာမှာ Carbon solid လို့ ဖော်ပြရုံနဲ့ မလုံလောက်ပါဘူး၊ Carbon graphite လို့ ဖော်ပြမှသာလျှင် အဖြေမှန်ရရှိမှာ ဖြစ်ပါတယ်။ ဒီအခန်းနဲ့ပတ်သက်ပြီးတော့ Exothermic, endothermic တို့ရဲ့ Definition တို့ကိုလည်း Example နဲ့ ရထားဖို့ လိုပါတယ်။ တစ်ခါတစ်ရံမှာ တပည့်တို့အနေနဲ့ လွတ်သွားတဲ့ Definition တစ်ခု ရှိပါတယ်။ One calorie ရဲ့ Definition ဖြစ်ပါတယ်။ ဒီ Definition ကိုလည်း သေချာစွာ ကြေညက်အောင် ရေးကျက်ထားဖို့ လိုပါတယ်။ ပုစ္ဆာတွေတွက်တဲ့အခါမှာ Hess's law နဲ့ ပုစ္ဆာတွေကိုတွက်တဲ့အခါမှာလည်း Physical state တွေ မမေ့ကျန်ခဲ့ဖို့ သတိထားဖို့လည်း လိုပါတယ်။ ဆက်လက်ပြီးတော့ Chapter (8) နဲ့ Chapter (9) ကို ပေါင်းပြီးတော့ ပြောပါမယ်။ ဒီ Chapter (8) နဲ့ (9) ဟာ Some important metals and their compounds များအကြောင်း ဖြစ်ပါတယ်။ ဒီကဏ္ဍမှာ Metal တွေ ထုတ်ဖော်ပုံ၊ Metal တွေရဲ့ ဂုဏ်သတ္တိ၊ Metal တွေနဲ့ ပတ်သက်ပြီး Compound တွေရဲ့ ဂုဏ်သတ္တိတို့ကိုလည်း လေ့လာ ကြရမှာ ဖြစ်ပါတယ်။ အထူးသဖြင့် Metal တစ်ခုစီရဲ့ သတ္တုရိုင်းနာမည်၊ Metal တစ်ခုစီရဲ့

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

**ဆက်ကပ်လှူဒါန်း**

**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း)အနောက်ဘက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် အင်းဝလမ်း အမှတ်(၁၇/၆၆၄)နေ ဦးမောင်စိန် (ခ)Hori Mohan Dewangee၊ ဒေါ်ငွေကျော်(ခ)Milikal တို့အား ရည်စူး၍ အရာခံဗိုလ် ဦးတင်မောင်(ငြိမ်း)(ခ)Udit Dewangee- ဒေါ်စန်းမြင့်မိသားစုတို့က အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းနာယက အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာအရှင်သုန္ဒရ (လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

# ဂွမြို့ မိုးကုတ်ဝိပဿနာ တရားစခန်းပွဲကျင်းပမည်

**ဂွ ဖေဖော်ဝါရီ ၁၅**

ရခိုင်ပြည်နယ် ဂွမြို့ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေး အဖွဲ့ခွဲအမှတ်(၂၀၆)၏(၂၁)ကြိမ်မြောက် ခုနစ်ရက် တရားစခန်းပွဲကို မတ် ၃၀ရက်မှ ဧပြီ ၅ ရက် (တန်ခူးလဆန်း ၁၃ ရက်မှ တန်ခူးလပြည့်ကျော်၄ ရက်)အထိ ကျင်းပမည် ဖြစ်သည်။

**ဟောကြားမည်**

ယင်းတရားစခန်းပွဲကို ရန်ကုန်မြို့သွေးဆေးကန်ကျောင်းတိုက် မဏိရတနာ မိုးကုတ်ကျောင်းမှ ရွှေရတနာ ဆရာတော် ဘဒ္ဒန္တ ကောဝိဒ(မိုးကုတ်)နှင့် သွေးဆေးကန် အရှင်နန္ဒာစရိယ(ခက်သင်)သာသနဓဇ ဓမ္မာစရိယ၊ ဂဏဝါစက ဓမ္မာစရိယ တို့က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

# မီးငြိမ်းသတ်နည်း စွမ်းရည် သရုပ်ပြ

**ရေနံချောင်း ဇန်နဝါရီ ၂၈**

ရေနံချောင်းမြို့ မြို့မဈေး မီးဘေးကြိုတင် ကာကွယ်ရေး ဇာတ်တိုက် လေ့ကျင့် သရုပ်ပြဆောင်ရွက်မှုကို ဇန်နဝါရီ ၁၂ရက်က တိုင်းမီးသတ်ဦးစီးမှူး ဦးကျော်မင်းလွင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်စိုးလွင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက် ညွှန်ကြားရေးမှူး ဦးတင့်လွင်ဦးတို့ ကြီးကြပ်၍ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးမိဈေးဖများ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာ့ရေနံ မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ အရေးပေါ် မီးငြိမ်းသတ်နည်း စွမ်းရည် သရုပ်ပြ ဇာတ်တိုက် လေ့ကျင့်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ်စည်ပင်)**

**ဖေဖော်ဝါရီ ၁၂ရက်က တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်း အမှတ်(၄)ဝိုင်း ရွှေသလ္လာပရိယတ္တိစာသင်တိုက်၏ ဆဋ္ဌမအကြိမ်မြောက် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အကျိုးဆောင်အဖွဲ့နှင့် ပဋ္ဌာန်းအလှူရှင်များ စုပေါင်း၍ ရွှေသလ္လာ စာသင်တိုက်ရှိ စာသင်သားသံဃာတော်များ ပညာရေး အတွက် အသုံးပြုရန် ငွေကျပ် ၈၃၇၀၀၀တန်ဖိုးရှိ ကွန်ပျူတာနှင့် ပရင်တာ တစ်စုံကို ဘဒ္ဒန္တကောဝိဒ (ရွှေသလ္လာ)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

**နှစ်ဖက်သော မိဘများကို အမှူးထား၍ ရန်ကုန်မြို့ ကမာရွတ် မြို့နယ် (၂) ရပ်ကွက် ဆင်ရေတွင်း (၁)လမ်း အမှတ်(၂၂)ငါးလွှာနေ ဦးတင်အေး- ဒေါ်ဖြူဖြူအေး၊ သမီး မဖြူငြိမ်းစံ မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီး**

**အတွက် အလှူငွေကျပ် ငါးသိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန)ဥက္ကဋ္ဌ သီဟသုဓမ္မ မဏိဇောတဓရ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

## မြို့နယ်သတင်းများ

# ယင်းမာပင် မင်းမကုန်း အမကကျောင်းဆောင်သစ် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

**ယင်းမာပင် ဖေဖော်ဝါရီ ၁၅**

စစ်ကိုင်းတိုင်း မုံရွာခရိုင် ယင်းမာပင်မြို့ မင်းမကုန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ဖေဖော်ဝါရီ၁၀ရက် နံနက်၁၀နာရီက ကျောင်းဆောင်သစ်ပေးအပ်ပွဲ အခမ်းအနားကျင်းပသည်။

**လက်ခံရယူ**

အခမ်းအနားတွင် အလှူရှင် ကျေးရွာနာယကဆရာတော် ဦးမေဓာဝံသက ကျောင်းဆောင်သစ် လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဆရာတော်က ကျောင်းဆောင်သစ်နှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို ပညာရေးဌာနသို့ လွှဲအပ်ရာ မြို့နယ်ပညာရေးမှူး ဦးကြည်ဝင်းက လက်ခံရယူပြီး ပညာရေးဌာနကိုယ်စား မြို့နယ်ပညာရေးမှူး ဦးကြည်ဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။

**တန်ဖိုးရှိ**

အဆိုပါ ကျောင်းဆောင်သစ်မှာ အလျားပေ ၁၂၀၊ အနံပေ ၃၀၊ အမြင့် ၁၂ပေရှိသော တစ်ထပ်အုတ်ညှပ်၊သွပ်မိုး၊ အဆောက်အအုံဖြစ်ပြီး ငွေကျပ်သိန်း၂၀၀ တန်ဖိုးရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

*စာမျက်နှာ ၁၅မှအဆက်*

[illegible]

ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပြည်ထောင်စုလမ်းမကြီး ဘေးဝဲယာ ရေစီးရေလာကောင်းမွန်စေရန် ရေမြောင်းများ တူးဖော်ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၂၆ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် အင်ဂျင်နီယာမှူး ဦးနိုင်လင်းမောင်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

# ငြိမ်းချမ်းရေးစေတီ ဘက်စုံပြုပြင် မွမ်းမံမှု အောင်ပွဲကျင်းပမည်

**ပျဉ်းမနား ဖေဖော်ဝါရီ ၁၅**

ပျဉ်းမနားမြို့ ရွာကောက် မြို့သစ်ရပ် ရွှေကုက္ကား ကျောင်းတိုက်အတွင်း တည်ထား ကိုးကွယ်လျက်ရှိသော ငြိမ်းချမ်းရေး အောင်မင်းခေါင်စေတီတော်မြတ် ဘက်စုံပြုပြင် မွမ်းမံမှု အောင်မြင်ခြင်း အထိမ်းအမှတ်နှင့် စံကျောင်းတော်ဓမ္မာရုံ စုပေါင်းရေစက်ချ အလှူတော်မင်္ဂလာ အခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၉ နာရီတွင် စေတီတော် စံကျောင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသော အလှူရှင်များသည် ဖုန်း–၀၆၇–၂၂၉၃၉ သို့ ဆက်သွယ် လှူဒါန်း နိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။ (က–ပ)

ရန်ကင်းမြို့နယ် ပြည်သာယာ တာမွေလေး သံလမ်းအနီး ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်း အာယုဒါန အလှူတော်အတွက် (ဦးထွန်းအောင်)အား ရည်စူး၍ ဒေါ်သိန်းတင်လမ်း မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်မြမြဝင်း မိသားစုက အလှူငွေကျပ် နှစ်သိန်းငါးသောင်း လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။ (၁၁၅)

# ကျေးလက် သန့်ရှင်းသောသောက်သုံးရေ ရရှိရေး ကြို့ပင်ကောက်မြို့ ကျီစုကျေးရွာ၌ စက်ရေတွင်းတူး

**ကြို့ပင်ကောက် ဖေဖော်ဝါရီ ၁၆**

ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် စီမံချက်ချ၍ ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်အတွက် ကျီစုကျေးရွာတွင် စက်ရေတွင်း တူးဖော်ခြင်း၊ ရေစက်ရုံနှင့် အုတ်ရေကန် ဆောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို ဖေဖော်ဝါရီ ၁၅ရက်က စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်) စစ်ဆေးရေး ညွှန်ကြားရေးမှူး ဦးတင်လှိုင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထွန်းထွန်းက ရှင်းလင်းတင်ပြသည်။ **(အပေါ်ပုံ)**

**ဆောင်ရွက်**

အဆိုပါ စက်ရေတွင်းသည် အနက် ပေ ၂၉၀ ဖြစ်ပြီး တစ်နာရီ ရေဂါလန် ၁၀၀၀ ထွက်ရှိရာ ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၁၃၂၅၀၀၀ ဖြင့် အကုန်အကျခံ၍ ဆောင်ရွက်ပေးခဲ့သည်။ **(မြို့နယ်စည်ပင်)**

# အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်) မီးဘေးအန္တရာယ်ကာကွယ်ရေး သရုပ်ပြ

**သန်လျင် ဖေဖော်ဝါရီ ၁၂**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်(၁)ရေနံချက်စက်ရုံ (သန်လျင်) မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်သရုပ်ပြပွဲကို ဖေဖော်ဝါရီ ၉ရက် နံနက် ၉ နာရီက သန်လျင် ရေနံချက်စက်ရုံ မီးသတ်ဌာန၌ ကျင်းပသည်။

**သရုပ်ပြ**

အခမ်းအနားသို့ စက်ရုံမှူး ဒုတိယဗိုလ်မှူးကြီးဖေသက်ညွှန့်နှင့် တာဝန်ရှိသူများ၊ ရန်ကုန်တောင်ပိုင်းခရိုင် မီးသတ်ဦးစီးအရာရှိ ရဲသူရသော်ဒါ၊ စခန်းမှူး ဦးထွန်းလင်းနှင့်စက်ရုံ မီးသတ်ဌာနမှ တာဝန်ရှိသူများတက်ရောက်ကြပြီး စက်ရုံ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့ဇာတ်တိုက် လေ့ကျင့်သရုပ်ပြကြသည်။ **(အောက်ဝဲပုံ)**

**ဟောပြော**

အလားတူ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် ခရိုင် မီးသတ်ဦးစီးဌာနနှင့် စက်ရုံ၊ အလုပ်ရုံများမှ တာဝန်ရှိသူများ ညှိနှိုင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောပွဲများ၊ စစ်ဆေးမှုများနှင့် လက်တွေ့သရုပ်ပြသမှုများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ကျပန်းစကားပြောပြိုင်ပွဲ မိုင်းနောင်မြို့၌ ကျင်းပ

**မိုင်းနောင် ဇန်နဝါရီ ၃၀**

လွိုင်လင်ခရိုင် မိုင်းနောင်မြို့တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် (၆၂) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကို ဇန်နဝါရီ ၁၅ရက် မွန်းလွဲ ၁နာရီက အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ကျောင်းသား ကျောင်းသူ ၁၄ဦးတို့က ခေါင်းစဉ်အသီးသီးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲတွင် မကြည်ကြည်ဆွေက ပထမဆု၊ မစီလာဒေဝီက ဒုတိယဆု၊ မောင်သက်ရွှေဆက်က တတိယဆုများ ရရှိကြသည်။

ပြိုင်ပွဲသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးအောင်ဌေးဝင်းနှင့် အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်အားပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

# မြင်းခြံစည်ပင် စားသုံးသီးနှံ အောင်မြင်ဖြစ်ထွန်း

**မြင်းခြံ ဖေဖော်ဝါရီ ၂**

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်းစိုက်ပျိုးခဲ့သော အမှတ် (၁၉)ရပ်ကွက်ရှိ မဲကန်တစ်ဧက သီးနှံစိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုကို ဇန်နဝါရီ ၂၀ရက်က လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းအောင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ ဦးစီးအရာရှိ ဦးတင့်ဝေက စားသုံးသီးနှံ စိုက်ပျိုးထားရှိမှုနှင့် ယခုနှစ် ဆောင်းရာသီစိုက်ခင်းမှ မုန်လာဥဖြူ ပိဿာ ၂၁၁၀၊ မုန်လာထုပ် ပိဿာ ၁၄၀၀၊ ငရုတ်သီးစိမ်း ၁၄ပိဿာ၊ ခရမ်းသီး ပိဿာ ၉၈၀၊ ကိုက်လံ ၁၄ပိဿာနှင့် ဆလတ်ရွက် ပိဿာ ၅၆၀ တို့ကို အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့၍ ဝန်ထမ်းများ အဖွဲ့ပိုင်ဈေးများတွင် ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချနိုင်မှုကို ရှင်းလင်းတင်ပြသည်။ **(မြို့နယ်စည်ပင်)**

# မြို့နယ်သတင်းများ

# ပေါင်မြို့နယ်၌ ကျေးရွာစာကြည့်တိုက်သစ်ဖွင့်

**ပေါင် ဖေဖော်ဝါရီ ၃**

မွန်ပြည်နယ် ပေါင်မြို့နယ် နတ်မော် ကျေးရွာ (သံလွင်လှိုင်း) ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲကို ဇန်နဝါရီ ၂၄ရက် နံနက် ၁၁နာရီက အဆိုပါစာကြည့်တိုက် အဆောက်အအုံသစ် ရှေ့၌ ကျင်းပရာ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းနှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးမှူး ဒေါ်ချိုမြတ်မြတ်ထွေး တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (အောက်ပုံ)

အဆိုပါ စာကြည့်တိုက် ဖွင့်ပွဲ အခမ်းအနားတွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ပြောကြားပြီး စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌထံ စာအုပ်မျိုးစုံ ၁၀၅ အုပ်ကို လှူဒါန်းသည်။ (မြို့နယ် ပြန်/ဆက်)

# မိုးလေဝသလမ်း မြေသားပြုပြင်

**ဇန်းမော် ဇန်နဝါရီ ၂၅**

ဇန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့တွင်းလမ်းများ ကောင်းမွန်ရန် အဆင့်မြှင့်တင် ဆောင်ရွက်ခြင်း လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၈ ရက်က လက်ထောက်အင်ဂျင်နီယာ ဦးမျိုး ခေါင်းဆောင်သောအဖွဲ့က မိုးလေဝသလမ်း မြေသားပြုပြင်ခြင်းလုပ်ငန်းများကို စက်ယန္တရား အသုံးပြု၍ ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကိုလတ်နှင့် အင်ဂျင်နီယာမှူး ဦးသိန်းတို့ ကွင်းဆင်းကြပ်မတ် ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

# ချောင်းဦးမြို့ စက်သုံးဆီအရောင်းဆိုင် မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**ချောင်းဦး ဖေဖော်ဝါရီ ၁၀**

ချောင်းဦးမြို့ စက်သုံးဆီအရောင်းဆိုင် အမှတ်(၀၆၇၀)၌ နွေရာသီမီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက် လေ့ကျင့်ခြင်းနှင့် လက်တွေ့မီးသတ် ဆေးဘူး အသုံးပြုမှုသရုပ်ပြပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၁ ရက် နံနက် ၁၀နာရီက ယင်းစက်သုံးဆီအရောင်းဆိုင်၌ ကျင်းပသည်။

**ကြည့်ရှုအားပေး**

အခမ်းအနားတွင် ချောင်းဦးမြို့နယ် မီးသတ်ဦးစီးဌာနနှင့် စက်သုံးဆီအရောင်းဆိုင်မှ ဝန်ထမ်းများက မီးသတ်ဆေးဘူး လက်တွေ့အသုံးပြုမှု သရုပ်ပြသရာ တက်ရောက်လာကြသော မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးညွန့်မောင်၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး သိန်းအောင်၊ စက်သုံးဆီ အရောင်းဆိုင် မန်နေဂျာ ဦးကျော်ဝင်း၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးစိန်သောင်း တို့က ကြည့်ရှုအားပေးကြကြောင်း သိရသည်။ (က–ပ)

နှစ် (၆၀) ပြည့်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဘောလုံးကွင်းလမ်း ကတ္တရာလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ၉ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန်းအောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်အောင်ဖြိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

# ရွှေပညာသင်တန်း

Tel 546800 Ext 310, 09-515 8813

# ဓမ္မစပ်ကြောင်းလမ်းပြီးစီးခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်
ပြည်ကြီးပျော်ဘွယ်အနောက်(၂၅၉)ရပ်ကွက်နေ
ဦးညိုအေး–ဒေါ်ခင်ခင်ကြည် တို့၏သားလတ်
**မောင်အောင်အောင်မျိုး** (B.Arch)
Design Consultant (I Design & Build, Pte. Ltd., Singapore)
နှင့်
ရန်ကုန်မြို့ ဒဂုံမြို့နယ် ပဒုမ္မာလမ်း အမှတ်(၆၄)နေ
ဦးစိုင်းသိန်းမောင် [ဒုတိယ–ဦးဆောင်ညွှန်ကြားရေးမှူး(လုပ်ငန်း)
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း]–ဒေါ်ခင်ချစ်အေး(အထပြ၊ ငြိမ်း)
တို့၏ သမီးထွေး
**မနန်းဟိန်းခမ်း** (B.E Civil, MTU)
(M.E Civil, Y.T.U),B.C. Sc(Hons, U.C.S.M)
1st Semester M.Sc(Civil Engineering, N.U.S)

တို့သည် ၁၈–၂–၂၀၀၇ရက်တွင် မြရိပ်ညိုဟိုတယ်၌ နှစ်ဖက်သော မိဘများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများ ရှေ့မှောက်တွင် ဓမ္မစပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် မောင်အောင်အောင်မျိုး–မနန်းဟိန်းခမ်း။**

# မာလာတင်
## အမျိုးသမီးကိုယ်ကာယအလှသင်တန်း

**စာရင်းလက်ခံပြီ။**
**၂–၅–၂၀၀၇ စမည်။**
**စုံစမ်းချိန်**– နံနက် ၉နာရီမှ ညနေ ၆နာရီအတွင်း။

**လူဦးရေကန့်သတ်သည်။**
အမှတ်–၂၉၇၊ အခန်း–၆
မဟာဗန္ဓုလပန်းခြံလမ်း၊
ဖုန်း–၃၇၉၇၃၅၊ ၃၈၄၉၂၄။

MR. COOK
International Cooking And Arrangement Training

TOP

CRANE

# အမြန်ဝယ်လိုသည်

ရိုးရိုးကြက်ဆူကြိတ်ဖတ်နှင့် ခြစ်ညီးရိုး ကြက်ဆူကြိတ်ဖတ် ဈေးကောင်းပေးဝယ်မည်။ **ဆက်သွယ်ရန်ဖုန်း–၀၉–၅၁၃၃၀၀၃။**

SHINE

# ဝန်ထမ်းအလိုရှိသည်
## ရွှေသဇင်ဆပ်ပြာစက်ရုံ (FUJI)တွင် ကျပ်ငွေဖြင့် ပြည်တွင်း၌သာခန့်ထားရန်

၁။ **စာရင်းကိုင်** — မ (၃) ဦး
LCCI Level II သို့မဟုတ် LCCI Level III အသက် (၃၀) နှစ်အောက်၊ ဘွဲ့ရ၊ ကွန်ပျူတာကျွမ်းကျင်သူ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၂)နှစ်ရှိရမည်။

၂။ **A.G.T.I (Electrical Power)** — ကျား (၃) ဦး

၃။ **A.G.T.I (Mechanical)** — ကျား (၆) ဦး

၄။ **Chemical (Lab Incharge)** — ကျား/မ (၃) ဦး
B.E (Chemical), B.Sc (I.C), B.Sc (Chemistry)
အမှတ်စဉ်(၂၊ ၃၊ ၄)အတွက် သက်ဆိုင်ရာ ဘွဲ့ရသူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၂)နှစ်ရှိရမည်။

၅။ **ရုံးဝန်ထမ်း** — ကျား/မ (၁၀) ဦး
ဘွဲ့ရ (သို့) တက္ကသိုလ်ဝင်တန်းအောင်၊ ကွန်ပျူတာကျွမ်းကျင်သူ ဦးစားပေးမည်။

၆။ **အရောင်းဝန်ထမ်း** — ကျား/မ (၁၀) ဦး
ဘွဲ့ရ၊ အသက် (၃၀) နှစ်အောက် ဆပ်ပြာဈေးကွက်တွင် ရောင်းချမှုလုပ်ငန်း အတွေ့အကြုံရှိသူကို ဦးစားပေးမည်။

၇။ **မော်တော်ယာဉ်မှူး** — ကျား (၃) ဦး
လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၂)နှစ်ရှိရမည်။

၈။ **ယာဉ်မောင်း** — ကျား (၁၀) ဦး
လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၂)နှစ်ရှိရမည်။

လျှောက်ထားသူသည် ဓာတ်ပုံ (၃)ပုံ၊ အလုပ်သမားမှတ်ပုံတင်၊ ရဲစခန်းထောက်ခံစာ၊ နိုင်ငံသား စိစစ်ရေးကတ်ပြားမိတ္တူ၊ ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်၊ ပညာအရည်အချင်း တတ်ကျွမ်းမှု အထောက်အထားမိတ္တူတို့နှင့်အတူ ကြော်ငြာပါသည့်ရက်မှ တစ်ပတ်အတွင်း လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

**လျှောက်ထားရန်လိပ်စာ – ရွှေသဇင်ဆပ်ပြာစက်ရုံ အမှတ် ၃၈၊ ကနောင်မင်းသားကြီးလမ်းသွယ်(၁) ရွှေပြည်သာစက်မှုဇုန်၊ ရန်ကုန်။**

**ဘုရား၊ရဟန်း၊သိမ်၊ဘုရားဆောင် ဒါယိကာမကြီး**
**ဒေါ်စန်းရီ**
**ကန်တော့ခံ**
**ရာသက်ပန်အသင်းဝင်(သုံးဆယ်)**
**အသက်(၈၄)နှစ်**

၁၈–၂–၂၀၀၇ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်ပြီး ယင်းနေ့တွင်ပင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်၍ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

**အမှုဆောင်အဖွဲ့ သုံးဆယ်မြို့အသင်း။**

# ကားအမြန်ရောင်းမည်

၅၀ ယာဉ်လိုင်း Ac (၅ခ) FUSO 6D 22 ၊ ၂၀၃ယာဉ်လိုင်း Ac (၅ခ) HINO N10U။

**ဦးဝင်းလွင်လှိုင်**
**တစ်ဆင့်**
**ဖုန်း–၅၅၅၅၁၀၊ ၅၅၅၅၂၁။**

# ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် မက/၃၇၅၄၄ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးသန့် ၈/ရနခ(နိုင်) ၀၁၁၀၁၉ က (ကမ–၃ )ပျောက်မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း ကညန၊တိုင်းရုံး မကွေးသို့ လာရောက် ဆက်သွယ် ဆောင်ရွက်ပါရန်။ **ကညန၊တိုင်းရုံး(မကွေး)။**

# အများသိရှိစေရန် ကြေညာခြင်း

သာယာဝတီမြို့နယ် သုံးဆယ်မြို့ ဈေးရပ်ကွက် ရန်ကုန်– ပြည်လမ်းဘေးတွင် တည်ရှိသော အကွက်အမှတ် A ရွာမရပ်၊ ဦးပိုင် ၁၂၈၊ ဧရိယာဧက ၀ဒသမ၀၃၆ရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံသည် ဒေါက်တာဒေါ်ခင်ခင်အေး၏ အမည်ဖြင့် ဂရန်ပေါက်ပြီး ၎င်းတစ်ဦးတည်းသာ ပိုင်ဆိုင်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

ဒေါက်တာ ဒေါ်ခင်ခင်အေး၏ညွှန်ကြားချက်အရ–
**ဒေါ်ချစ်တိုးမေ(စဉ်–၅၃၆၅)**
**တရားရုံးချုပ်ရှေ့နေ၂၂၂/အောင်မင်္ဂလာလမ်း၊ဆရာစံမြို့သစ်၊သာယာဝတီမြို့။**

# (၂)လပြည့် သတိရအောက်မေ့ခြင်း
## (၂၁–၁၂–၂၀၀၆)
## ဦးမောင်ကြိုင် (ပြင်ဦးလွင်)
## နိုင်ငံတော်သမ္မတရုံး (ငြိမ်း)

ရိုးသားတည်ကြည်၊ ဖြောင့်မတ်အေးဆေးစွာဖြင့် မိသားစုပေါ်မှာ တာဝန်ကျေပွန်ခဲ့သော ချစ်ခင်ပွန်း မောင့်အား ငယ်က ပေါင်းခဲ့၍ နှစ်ပေါင်းများစွာ မေ့နိုင်မည် မဟုတ်ပါ။ ကျေးဇူးရှင်အတွက် ပြုလုပ်ပေးခဲ့သော ဒါနကုသိုလ်၊ သီလ၊ ဘာဝနာများကို ရောက်လေရာဘုံဘဝမှ ကြားသိပြီး အမျှရရှိနိုင်ပါစေ။

**ချစ်ဇနီး–ဒေါ်ခင်သန်းစီကို**
**ချစ်သားကြီး–ကိုသော်တာကြိုင်–မရွှေစင်မင်း**
**ချစ်မြေး–နဒီလပြည့်သော်၊ ဖူးဖူးပြည့်စုံသော်**
**ချစ်သားငယ်–ကိုသော်ဇင်ကြိုင်(A/B HANSEATIC Shipping Co.,Ltd.)။**

**ခရစ်တော်၌အိပ်ပျော်ခြင်း**
**John Baptist**
**အောင်သန်းလင်း(ခ)ကိုတူး**
**ဈေးတာဝန်ခံ အဆင့်(၂)**
**မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ဖယ်ခုံမြို့**
**အသက်(၃၇)နှစ်**

လားရှိုးမြို့ ရပ်ကွက်(၁)၊ သိန္နီဟော်နေ(ဦးစိုင်းခမ်းပန်–ဒေါ်နန်းစိန်ဥ)၊ ဖယ်ခုံမြို့၊ ညောင်ကုန်းအမှတ်(၃)ရပ်နေ (ဦးတိုဘီးယာ– ဒေါ်ကယ်ရီလင်း)တို့၏မြေး၊ ဖယ်ခုံမြို့၊ ညောင်ကုန်း အမှတ်(၂)ရပ်နေ ဦးစိုင်းအောင် ပွင့်(အငြိမ်းစား၊ကုန်သွယ်ရေး)–ဒေါ်အာဆွန်းတာ(အငြိမ်းစား၊ သားဖွားဆရာမ)တို့၏သားကြီး၊ရန်ကုန်မြို့နေ ဦးတင်မြ–ဒေါ်ပေါ်လင်းနာ၊ ဒီမောဆိုမြို့နေ ဦးဗစ်တာမြလေး–ဒေါ်အေးအေးမြင့်၊ လွိုင်ကော်မြို့နေ (ဦးလေအိုးနယ်)–ဒေါ်ရီနားတာ၊ ဖယ်ခုံမြို့နေ ဦးယူဂျင်း–(ဒေါ်ရယ်ဂျီးနာစော) ဒေါ်စကော်လာပန်းချို၊ ဦးမင်းလွင်ဦး–ဒေါ်ဇိုဝါးန(ကယန်းမယ် ရောင်းဝယ်ရေး)၊ ဟိုမိန်းမြို့နေ ဒေါ်ဂျဲနီတို့၏တူ၊ ဦးမောင်မောင်သန်း (ဓာတ်ပုံကျွမ်းကျင်–၂၊ ပြည်နယ်ပြန်/ဆက်)–ဒေါ်နန်းဦးခမ်း (ဦးစီးမှူး၊ တောင်ကြီးခရိုင်ပြန်/ဆက်ဌာန) တို့၏မောင်၊ ဦးအောင်ကျော်သန်း(ပွင့်စာပေ)–ဒေါ်နန်းအေးထူး (လ/ထ လဝကမှူး)၊ နန်းအေးအေးသန့်၊ မောင်ပက်ထရစ်ဗြူး (ရှမ်းပြည်နယ် စိုက်ပျိုးရေးရုံး၊ ခေတ္တအစ္စရေးနိုင်ငံ)၊ မောင်နီကောလပ်စ်အောင်ကြီး–မမြသူဇာ၊ မောင်အဒြူး၊ မောင်အောင်သန်းထွေးတို့၏ အစ်ကို၊ တူ တူမ ငါးယောက်တို့၏ ဦးလေးသည် ၁၀–၂–၂၀၀၇ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၁၂–၂–၂၀၀၇ရက်တွင် ဖယ်ခုံမြို့ ခရစ်ယာန် သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီး ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု။**

# ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာဦးမြင့်သိန်း
**M.Sc(UK), Ph.D (UK & Germany), D.I.C(UK)**
**ပါမောက္ခ(ငြိမ်း)၊ ရူပဗေဒဌာန၊ မန္တလေးတက္ကသိုလ်**
**အသက်(၅၉)နှစ်**

ဆရာကြီး ၁၁–၂–၂၀၀၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သော ဆရာကြီး၏ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။
(၁၉၉၃–၁၉၉၄) ရန်ကုန်တက္ကသိုလ် ရူပဗေဒ ဂုဏ်ထူးတန်း နောက်ဆုံးနှစ်မှ ချစ်တပည့်များ–

– **ကျော်သူမင်း–မြစန္ဒီမောင်၊ ငွေဝင်းနိုင်**
– **သန်းကျော်ထွန်း၊ ဝင့်သရဖီ၊ မီမီကျော်**
– **သန္တာအောင်နှင့် မြကန်သာလမ်းမိသားစု။**

**ဖေဖော်ဝါရီ ၅ရက်က ဇရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့် ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော တိုက်ကျွန်း မြေယာရှင်းကို ကြည့်ရှုစစ်ဆေးပြီး ဆောင်ရွက်ရန် လိုအပ်ချက်များ မှာကြားစဉ်။** (၁၅၈)

**ဖေဖော်ဝါရီ ၆ရက်က ထားဝယ်မြို့ အညာဖျား ကျေးလက်တံတား တည်ဆောက်ပြီးစီးမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းနှင့် အငယ်တန်း အင်ဂျင်နီယာ (၂) ဦးခင်မောင်တင့်တို့ ကြည့်ရှုစစ်ဆေးကြစဉ်။** (မြို့နယ်စည်ပင်)

**စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးဝင်းမောင် ဇန်နဝါရီ၁၀ရက်က မိုင်းခတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်ကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးဝင်းဇော်က ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

# ထိုင်းနိုင်ငံသို့ တရားမဝင်သွားရောက်အလုပ်လုပ်သူအချို့ ခေါင်းပုံဖြတ်လူကုန်ကူးမှုခံနေရ လူကုန်ကူးသူများနှင့် ထိုင်းစက်ရုံပိုင်ရှင် ပူးပေါင်းပြီး လုပ်အားခမပေးဘဲ ခြောက်လှန့်ထိန်းချုပ်အသုံးချလျက်ရှိ

## Human Trafficking Multi-disciplinary အဖွဲ့က မဟာချိုင်မြို့ ရေလုပ်ငန်းစက်ရုံတစ်ရုံအား ဝင်ရောက်စီးနင်းစစ်ဆေးပြီး ခေါင်းပုံဖြတ်လူကုန်ကူးခံရသူ မြန်မာအလုပ်သမား ၆၆ ဦးအား ဖော်ထုတ်စောင့်ရှောက်ထား

## မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ထိုင်းနိုင်ငံသို့ သွားရောက်လေ့လာစုံစမ်းပြီး အမှုမှန်ကန်မြန်ဆန်စွာ တည်ဆောက်စစ်ဆေးအရေးယူရေးနှင့် ဆုံးရှုံးနစ်နာမှုလျော်ကြေးများရရှိရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိ

## ယခုကဲ့သို့ တရားမဝင်သွားရောက်လုပ်ကိုင်သူအချို့ (၇)နှစ်တာမျှအထိ လုပ်အားခ မရဘဲ ချုပ်နှောင်ညှဉ်းပန်းနှိပ်စက်မှုခံနေရသဖြင့် လူကုန်ကူးမှု မခံရရေးနှင့် ပြည်ပသို့သွားရောက်လုပ်ကိုင်လိုပါက နည်းလမ်းတကျဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ယခုအခါ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံအသီးသီးသည် နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်လျက်ရှိရာ နှစ်ဖက်နယ်စပ်ဒေသများ၌ ကုန်သွယ်မှု၊ ကူးသန်းရောင်းဝယ်မှုနှင့် ခရီးသွားလာမှုလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်နေကြောင်း တွေ့ရှိရသည်။

ယင်းကဲ့သို့ နှစ်နိုင်ငံနယ်စပ်ဒေသများတွင် ဝင်ထွက်သွားလာကူးသန်းမှုများ များပြားလာခြင်းကို အခွင့်ကောင်းယူ၍ ပြည်တွင်းပြည်ပမှ မသမာသူများကလည်း ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသူများအား လိမ်ညာလှည့်ဖြားပြီး လူကုန်ကူးမှုများ ကျူးလွန်လျက်ရှိသဖြင့် ကာကွယ်တားဆီးပညာပေးအရေးယူမှုများ တိုးချဲ့ဆောင်ရွက်နေကြောင်း သိရသည်။

ထို့အတူ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုစီမံကိန်းများ ကျယ်ကျယ်ပြန့်ပြန့် ထူထောင်ဖြစ်ထွန်းလာသည်နှင့်အမျှ ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ပွင့်လန်းလာစေလျက်ရှိသည့်နည်းတူ ပြည်ပအလုပ်အကိုင် အခွင့်အလမ်းရယူလိုသူများအတွက်လည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ နည်းလမ်းတကျ စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးအတွက် မြန်မာနိုင်ငံ၌ ပြည်ပအလုပ်အကိုင် အကျိုးဆောင်အေဂျင်စီ ၇၀ ကို အကျိုးဆောင်လိုင်စင်များ ချထားပေးပြီး နိုင်ငံပေါင်း ၁၄ နိုင်ငံနှင့် ဆက်သွယ်ကာ အလုပ်အကိုင်ပေါင်း ၃၀၀၀၀ ကျော် ရှာဖွေပေးခဲ့ပြီးဖြစ်သည်။

အိမ်နီးချင်း ထိုင်းနိုင်ငံသို့ ယခင်က တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်နေသူများအတွက်လည်း တရားဝင်ဖြစ်အောင် ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးလုပ်ငန်းကို ၆-၁၁-၂၀၀၆ ရက်နေ့မှ စတင်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် နှစ်နိုင်ငံအစိုးရအချင်းချင်း ညှိနှိုင်းဆောင်ရွက်ချက်အရ အလုပ်သမားအသစ်များ ထိုင်းနိုင်ငံသို့ နယ်စပ်ဝင်ပေါက်များမှနေ၍ အကုန်အကျသက်သာစွာ တရားဝင်သွားရောက်လုပ်ကိုင်နိုင်ရေး နည်းလမ်းများကိုလည်း ပူးပေါင်းညှိနှိုင်းစီစဉ်လျက်ရှိသည်။

မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ တရားမဝင်သွားရောက်အလုပ်လုပ်နေသူ သုံးသိန်းခန့်ရှိပြီး ၎င်းတို့အနက် ရှစ်သောင်းခန့်သာ ထိုင်းအလုပ်သမားဝန်ကြီးဌာန၏ တရားဝင်အလုပ်သမားကတ် ရရှိထားကြောင်း၊ ၁၂၀၀၀၀ ခန့်မှာ ထိုင်းအလုပ်သမားကတ်မရှိဘဲ နေထိုင်ခွင့်မှတ်ပုံတင်သာ လုပ်ထားသူများဖြစ်ကြောင်း၊ ကျန်တစ်သိန်းခန့်မှာ အထောက်အထားမဲ့နေထိုင် လုပ်ကိုင်နေသူများဖြစ်ကြောင်း သိရှိရသည်။

စာမျက်နှာ ၉ ကော်လံ ၁ ❒

## မြန်မာနိုင်ငံ၏ အလုပ်အကိုင်အခွင့်အလမ်း ပွင့်လန်းတိုးတက်မှု အခြေခံကောင်းများနှင့် အလားအလာကောင်းများ

* မြန်မာနိုင်ငံ၏စိုက်ပျိုးရေးကဏ္ဍတွင် မြေလွတ်၊ မြေလပ်၊ မြေရိုင်း၊ ရေနက်ကွင်းဒေသများကို စိုက်ပျိုးမြေ သယံဇာတများအဖြစ် တိုးချဲ့ဖော်ထုတ်ပေးလျက်ရှိသည်။
* ဆည်မြောင်းတာတမံများနှင့် ရေလှောင်တမံများကိုလည်း တိုးချဲ့တည်ဆောက်ပေးလျက်ရှိသည်။
* သီးထပ်သီးညှပ်စိုက်ပျိုးခြင်း၊ နှစ်တိုနှစ်ရှည်ပင်များ စိုက်ပျိုးခြင်း၊ တောင်ယာအစားထိုး လှေကားထစ်လယ်ယာများ ပြောင်းလဲစိုက်ပျိုးခြင်း၊ ခေတ်မီနည်းစနစ်များအသုံးပြုခြင်း၊ ဘိန်းအစား အခြားသီးနှံများ အစားထိုးစိုက်ပျိုးခြင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအား စိုက်ပျိုးရေးတွင် ရင်းနှီးမြှုပ်နှံစေခြင်းစသည့်လုပ်ငန်းများအပြင် စိုက်ပျိုးရေးဘဏ်၊ မျိုးစေ့ဘဏ်များကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိသည်။
* ကိန်းဂဏန်းအရကြည့်ပါက စိုက်ပျိုးရေးကဏ္ဍတွင် ဆည်တမံ ၁၉၀ ကျော် အသစ်တည်ဆောက်ပြီး မြစ်ရေတင် စီမံကိန်း ၂၉၈ ခု အကောင်အထည်ဖော်ပေးခဲ့ပြီးဖြစ်သည်။
* ကျေးလက်ဆည်ပေါင်း ၉၉၉ ခုကိုလည်း ဖြည့်စွက်တည်ဆောက်ပေးခဲ့ပြီး မြေအောက်ရေလျှံတွင်းများနှင့် အငယ်စား ချောင်းပိတ်၊ မြောင်းပိတ်လုပ်ငန်းမကျန် ကွက်ပြည့်ဆောင်ရွက်ပေးခဲ့သည်။
* ထို့ကြောင့် ၁၉၈၈ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် အသားတင်စိုက်ပျိုးမြေ ဧက ၁၉ သန်း ကိုးသိန်းမှ ၂၉ သန်း သုံးသိန်းအထိ တိုးတက်လာခဲ့သည်။
* တစ်နှစ်တာကာလ စိုက်ပျိုးနိုင်မှုမှာလည်း ဧက ၂၃ သန်းရှစ်သိန်းမှ ၄၆ သန်း ကိုးသိန်းသို့ တိုးတက်ပြောင်းလဲလာခဲ့သည်။
* မိုးစပါးစိုက်ဧကသည် ယခင် ဧက ၁၁ သန်းသာ ရှိရာမှ ယခုအခါ ဧက ၁၆ သန်း ရှစ်သိန်းအထိ ရှိလာခဲ့သည်။
* ယခင်က နွေစပါး မစိုက်ပျိုးနိုင်ခဲ့သော်လည်း စိုက်ပျိုးရေရရှိရေးစီမံကိန်းများ၏ အကျိုးပြုမှုကြောင့် နွေစပါး သုံးသန်း လေးသိန်းနှင့် အခြားသီးထပ်သီးနှံများကိုလည်း စိုက်ပျိုးလာနိုင်ခဲ့ပြီဖြစ်သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ✱

## လူမှောင်ခိုနှင့် လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်ချက်များ

* မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရန်အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ၃-၇-၁၉၉၆ ရက်နေ့တွင် ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။
* ဆက်လက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီကို ၇-၁၀-၁၉၉၆ ရက်နေ့တွင် ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။
* အမျိုးသမီးများအား အကြမ်းဖက်မှု ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်ရန်အတွက် ၁၉၉၇ ခုနှစ်တွင် အစိုးရဌာနပေါင်းစုံမှ ကိုယ်စားလှယ်များပါဝင်သော National Task Force ကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။
* ၁၉၉၇ ခုနှစ်တွင် ကြိုတင်ကာကွယ်ရေး၊ အရေးယူရေး၊အကာအကွယ်ပေးရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် National Plan of Action ပြဋ္ဌာန်းခဲ့သည်။
* ပြည်ပသို့ အကြောင်းအမျိုးမျိုးကြောင့် သွားရောက်သူများ ဘေးမသီ ရန်မခဘဲ ပြန်လည်ဝင်ရောက်လာနိုင်ရန်အတွက် ပြန်လည်လက်ခံရေးစခန်းကို ၁၈-၂-၂၀၀၂ ရက်နေ့တွင် ကရင်ပြည်နယ် မြဝတီမြို့၌ ဖွင့်လှစ်ခဲ့သည်။
* မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ၂၀-၁၂-၂၀၀၃ ရက်နေ့တွင် ဖွဲ့စည်းပြီး အမျိုးသမီးနှင့် ကလေးသူငယ်များ လူကုန်ကူးမှု မခံရရေးအတွက် ရည်ရွယ်ချက်တစ်ရပ်ချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။
* အဆိုပါ မြဝတီပြန်လည်လက်ခံရေးစခန်းတွင် အစိုးရဌာန ခြောက်ခုမှ ပူးပေါင်းအဖွဲ့ဖြင့် စနစ်တကျလက်ခံလျက်ရှိရာ ၁၀-၂-၂၀၀၇ရက်နေ့အထိ ၂၁၃၂၅ ဦးလက်ခံပြီး ဇာတိဌာနေများသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ပြီးဖြစ်သည်။
* လူကုန်ကူးမှု တားဆီးကာကွယ်ရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ ၂၀၀၂ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ အမှုပေါင်း ၈၆၈ မှု ဖော်ထုတ်ပြီး တရားခံ ၁၇၆၄ ဦးကို အရေးယူနိုင်ခဲ့သည်။

စာမျက်နှာ ၁၂ ကော်လံ ၄ ●

22-2 (20) 1 2/22/07, 3:10 PM